www.burmeseclassic.com

အရှေ့ဘက်ကောင်းကင်

တာတေ
စီစဉ်သည်

# အစွဲမျက်ကန်း

မဂ္ဂဇင်း

အမှတ်-၆



BURMESE CLASSIC .com

2018.GRAPHIC DESIGN : KYAW MINN MOUNG

www.burmeseclassic.com

www.burmeseclassic.com

# တစော်

စိဝင့်သည့်

# တစ္ဆေပျက်ကျိုး

မဂ္ဂဇင်း



BURMESE CLASSIC .com

အမှတ်–၆

ဤမဂ္ဂဇင်းအား ကြောက်တတ်သူများ ညမဖတ်ရ။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁။ တာတေ
သူနိုးခြေရာ စာ-၅

"သိမ်ဝင်ဖယောင်းတိုင်က လက်မလုံးလောက်ရှိတယ်ဗျ။ အင်းချထား တဲ့ မြေအိုးကို မီးမှိုပေါ် မှာထင် တံခွန်ပါးကိုလုပ်ထားတဲ့ ပါးယောင်း မလေးနဲ့ မြေမှုန့်တွေကို မပြတ်မွှေတော့တာပဲဗျာ။"

၂။ မင်းဘုန်းသိခ်သူ
လေလွင့်လိပ်ပြာကိုယ်ပွားခန္ဓာ စာ-၁၅

"အုံ့သြစရာကောင်းလိုက်တာ၊ ရေပြင်ပေါ် မှာပြေးလိုက်လာနေတာဘယ်သူလဲ၊ ဘာကြောင့်လဲ၊ သရဲတစ္ဆေလား၊ ဘယ်လိုပုဂ္ဂိုလ်လဲ"

၃။ အောင်မြတ်ဦး
သွေးစုပ်သရဲနဲ့တစ်လေ့တည်းစီးတစ်ခရီးတည်းသွား စာ-၃၅

"လည်မျိုသို့ ချွန်ထက်သော စွယ်သွားများနှင့် ထိုးဖောက်စုပ်ဆစ်တနဲနာပြီး နောက် သိန်းမူးသလို ဖြစ်သွားသည်။ စိတ်ညို့ခံရသူနှယ် ဖြစ်သွားသည်။"

၄။ တာတေ
မဖဲဝါရဲ့မပဲဝါ (၃) စာ-၅၇

"ငါ့ကိုယ်ပွားရုပ်ပြုပြီးပြန်တဲ့ အမိန့်ပာငါ့အမိန့်ပဲတာတေ၊ ဒီနှစ်ကောင် သချိုင်းထဲကိုချက်ချင်းပြန် ရောက်လာလိမ့်မယ်"

၅။ ဒေဝေါ
အသက်၅၀၀ သဘက်စုန်းနဲ့ ပယောဂဝေဒနာရှင် စာ-၆၅

"ဒီနယ်မှာ ကျုပ် အကြီးဆုံးပဲ၊ ကျုပ်နဲ့တွေ့တဲ့ ဆရာတွေလည်း သူတို့အခေါင်း သူတို့ ပြန်ထမ်းသွားကြရတာပဲ၊"

၆။ မင်းအိမ်ခန့်
အစိမ်းသေညီအစ်မနဲ့ ကားရပ်စခန်း စာ-၈၄

"မယုံကြည်နိုင်လောက်အောင် ဗြုန်းစားကြီး ရင်ဆိုင်တြဲ့တွေ့လိုက်ရရင် ဘယ်လိုနေမလဲ။ ကြောက်စိတ်နဲ့ အသက်ရှူရပ်၊ နှလုံးရပ်သွားမှာပဲ။"

၇။ ဘိုးသာဒင်
မြို့ဆိုးကုန်းမှ ကိုယ်တွေ့များ စာ-၁၀၃

"ဓားချင်းထိသံ၊ ဒိုင်းဖြင့်ကာသံ၊ တင်းပုတ် ဆောက်ပုတ် နှင့်ရိုက်သည့် အသံများသာ ကြားရပြီး အရုပ်ကြီးလေးရုပ်နှင့် တိုက်ခိုက်နေသည့် တစ်ဖက်ရန်သူကို မမြင်ရပေ။"

၈။ မောင်မြင့်မား(ဗိုလ်ကလေး)
စောစ်စီနှင့်ညတစ်ည စာ-၁၃၂

"အနားက ဖြတ်ပြေးသွားသော အကောင်ကို ခြေထောက်နှင့် လှမ်းကန်လိုက်သည်။ ထိတော့ထိသွားသည်။ သို့ပေမယ့် ဖွအိတ်ကြီးကို ကန်လိုက်ရသလိုမျိုး။"

၉။ တာတေ
အသူရကာယ်ဘုံ စာ-၁၄၃

"ခင်ဗျားတို့ကိုကျုပ်တို့ ကမမြင်နိုင်သလို ခင်ဗျားတို့ကလည်း ကျုပ်တို့ကိုမမြင်ရဘူးဗျ။ ခင်ဗျား တို့နေတဲ့၊ ရွာတွေ၊ မြို့တွေကို ကျုပ်တို့ကမြင်ခွင့်မရှိဘူး။ မြင်လည်း မမြင်နိုင်ဘူး


www.burmeseclassic.com

www.burmeseclassic.com

## အယ်ဒီတာအဖွဲ့

တာတေစီစဉ်မွမ်းမံတည်းဖြတ်သည်။

တာဝန်ခံအယ်ဒီတာ

ဇော်ဇော်

အမှုဆောင်အယ်ဒီတာ

မင်းအိမ်ခန့်

ဖြင့်ပဆက်သွယ်ရေး

ဇော်ရဲအောင်

BURMESE CLASSIC .com

## ပုံနှိပ်မှတ်တမ်း


တုတ်ဝေသူ-ဦးဘုန်းဇော်(၀၀၄၅၃)

အမှတ်-၂၈၂၊ ပထမထပ်၊ လမ်း-၄၀၊ ကျောက်တံတားမြို့နယ်၊

ပုံနှိပ်သူ-ဦးဘုန်းဇော်(၁၁၃၇၅)၊ အရှေ့ဘက်ကောင်းကင် ပုံနှိပ်တိုက်

အမှတ်-၃၅၊ ဧယျာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်

မျက်နှာဖုံး-ကျော်မင်းမောင်

အတွင်းပန်းချီ-ပန်းချီအောင်နိုင်လတ်

ကွန်ပျူတာ-ဇာနည်မော်

စာအုပ်ချုပ်-ဇာနည်

အုပ်ရေ-၁၀၀၀-အုပ်၊ ၂၀၁၈၊ ဩဂုတ်လ

တန်ဖိုး-၅၀၀-ကျပ်

ဖြန့်ချိရေး-အရှေ့ဘက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်ချိရေး

အမှတ်(၂၇)၊ မာန်ပြေ(၁၀)လမ်း၊ သာကေတမြို့နယ်၊ ရန်

ဖုန်း၊ ၀၉၄၂၀၀၅၆၃၅၄၊ ၀၉၄၀၃၇၉၇၀၄၈


# တာတေ

## သူစိုးခြေရာ



ကျုပ်ဘဝမှာ ဆရာတော်တော်များများနဲ့ လိုက်ခဲ့ဖူးတာ ခင်ဗျားအသိပဲလေဗျာ။ ကျုပ်ဆရာကြီးတွေဆိုတာကလည်း သီလ၊ သမာဓိ ပြည့်စုံကြတဲ့သူတွေချည်းပဲဗျ။ ပညာတွေဆိုတာကလည်းသူ့

**အရှေ့ဘက်ကောင်းကင် စာပေ**

www.burmeseclassic.com

www.burmeseclassic.com



အဆင့်နဲ့သူ ထက်ကြတဲ့သူချည်းပဲလေဗျာ။

ဆရာကြီးဒေါက်တာမင်းအောင်၊ ဆရာစိုင်းနွံဖ၊ ဆရာကျော်၊ ဆရာညို၊ ဆရာအုံ၊ ဘိုးလူပေ။ ဒီဆရာကြီးတွေကို ခင်ဗျားတို့တောင် အတော်ရင်းနှီးနေပြီပဲဗျာ။

ကျုပ်ဆရာကြီးတွေထဲက ဆရာတစ်ယောက်ဖြစ်တဲ့ ဆရာအို နဲ့လိုက်တုန်းက အဖြစ်အပျက်တစ်ခုကို ကျုပ်ပြောပြရဦးမယ်။

ခင်ဗျားမှတ်မိမှာပါ။ ဆရာအိုဆိုတာက နာမည်ကိုခေါ်ကာဗျ။ လူကဘာမှကြီးသေးတာမဟုတ်ဘူး။ ဆရာအိုရဲ့နာမည်က ဦးအိုတဲ့၊ အသက်က လေးဆယ်ကျော်လေးရှိသေးတာ။ ခင်ဗျားမှတ်မိတယ်မို့လား။ 'မဖဲဝါသောက်တဲ့ဆေးလိပ်' ဝတ္ထုမှာ ဆရာအိုအကြောင်းကျုပ် ရေးဖူးတယ်လေဗျာ။

အခုကိစ္စက ငွေတွင်းကုန်းမှာဖြစ်တာဗျ။ ငွေတွင်းကုန်းက တော့ကျုပ်အရောက်အပေါက်နည်းတယ်။ အဲဒီမှာကျုပ်နဲ့လူခင်သိပ်မရှိ ဘူးဗျ။ ဆရာအိုကိုလာပင့်တာ အသက်ခြောက်ဆယ်လောက် ဘိုးတော် ကြီးတစ်ယောက်ဗျ။ အရပ်ကပုပြတ်ပြတ်၊ ကတုံးနဲ့ဗျ။ ခေါင်းမှာ အညာတဘက်ကလေးပေါင်းထားတယ်။ နာမည်က ကျော်သိန်းတဲ့ဗျ။ ဘိုးကျော်သိန်းပေါ့ဗျာ။

ဆရာအိုကိုလှည်းနဲ့လာပင့်တာဗျ။ လှည်းမှ အကောင်းစားကြီး





ဗျ။ သစ်ကောင်းနဲ့လုပ်ထားတဲ့ လှည်းအိမ်ကခြောက်ဓာတောင်ဗျ။ လှည်းမှာကထားတဲ့နွားကြီးနှစ်ကောင်ကလည်း လှလိုက်တဲ့ နွားဖြူကြီး တွေဗျာ။ သေသေချာချာကိုမွေးထားတဲ့ ကောင်ကြီးတွေဗျ။ ဘိုကြီးတွေ မှကောက်ထွက်နေတာပဲ။

ဒါကိုကြည့်တာနဲ့တင် ကျုပ်မှန်းမိတာပေါ့ဗျာ။ ဘိုးကျော်သိန်း ဆိုတာ ကျုပ်တို့အညာအခေါ်တော့ လူချမ်းသာထဲကဗျ။ ဆရာအိုကို ရိုရိုသေသေလာပင့်တာဗျို့။

"မောင်တာတေ ဗဟုသုတရအောင်လိုက်ခဲ့ကွဲ့"

လို့ပြောရုံရှိသေးတယ်။ လွှတ်စပ်စုတတ်တဲ့ တာတေက လှည်းပေါ်ရောက်နေပြီလေဗျာ။ ကျုပ်ကဆရာအိုထိုင်ဖို့ လှည်းပေါ်မှာ နေရာထိုင်ခင်း ပြင်ပေးလိုက်တယ်။ ထွေထွေထူးထူးတော့လည်း မဟုတ်ဘူးပေါ့ဗျာ။ လှည်းအိမ်ထဲမှာခင်းထားတဲ့ဖျာကြမ်းပေါ်မှာ သင်ဖြူးဖျာလေးဖြန့်ခင်းလိုက်တာ။

ဒီဖျာကလည်း ဘိုးကျော်သိန်းယူလာတာဗျ။ ကျုပ်တို့အညာ မှာက ဆရာပင့်တာဖြစ်ဖြစ်၊ ဘုန်းကြီးပင့်တာဖြစ်ဖြစ် နေကထိုင်ဖျာ လေးတွေ လိပ်ပြီးလှည်းကျန်တိုင်မှာချည်ပြီးယူလာကြတာလေဗျာ။

ဆရာအိုရောက်လာတော့ ဆရာအိုကသူ့ဆေးလွယ်အိတ်ကြီး ကိုကျုပ်ကိုလှမ်းပေးတယ်။ ကျုပ်ကလည်းထုံးစံအတိုင်းပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ဆေးလွယ်အိတ်ကြီးကိုစလွယ်သိုင်းပြီး လွယ်ထားလိုက်တယ်။ သရာအို ကကျုပ်ခင်းပေးထားတဲ့ နေကထိုင်ဖျာလေးမှာ တင်ပလင်ခွေပြီးဝင် ထိုင်တယ်ဗျ။

ဘိုးကျော်သိန်းကြီးက လှည်းမောင်းပြီးရွာလယ်လမ်းကနေ ရွာပြင်ကိုထွက်ခဲ့တယ်။ ငွေတွင်းကုန်းဆိုတော့ တောင်ခရိုးဘက်ကို မောင်းရတာပေါ့ဗျာ။ ကျုပ်ပြောတဲ့ခရိုးဆိုတာက ရွာခြံစည်းရိုးကို ပြောတာဗျ။ ရွာပြင်ကိုတောင်တံခါးကနေထွက်ခဲ့တယ်။

“နေပါဦး ကိုကျော်သိန်းရဲ့၊ ခင်ဗျားစောစောကပြောတဲ့ အိမ် ခေါင်မိုးပေါ်ကို ကျော်ပြီးပစ်တင်ထားတဲ့အပ်ချည်လုံးကို ခင်ဗျားဆွဲ ချတော့ အဲဒီအပ်ချည်ကြိုးမှာ အနံ့တွေဘာတွေမရှိဘူးလားဗျ”

သရာအိုက ဘိုးကျော်သိန်းကိုမေးတာဗျ။ လှည်းမောင်းနေတဲ့ ဘိုးကျော်သိန်းက ပျာပျာသလဲဖြစ်သွားပြီး သရာအိုကိုရိုရိုသေသေလှည့် ပြောတယ်ဗျ။

“အဲဒီအပ်ချည်ကြိုးကို ကျုပ်ဆွဲချတာမဟုတ်ပါဘူးဆရာ။ ကျုပ်လူငှား သာရင်ဆိုတဲ့ကောင်ဆွဲချတာ။ သာရင်ကပြောတာတော့ အပ်ချည်ကြိုးက လူမစင်နံ့နံနေတယ်လို့ ပြောတယ်ဆရာ။ အဲဒီအပ် ချည်ကြိုးကို စက္ကူနဲ့ထုပ်ခိုင်းထားတယ်ဆရာ”

ဆရာအိုက တစ်ခုခုကိုစဉ်းစားနေတယ်ဗျ။ ပြီးတော့မှ တစ်ခ





ပြောတယ်။

“ဘိုးကျော်သိန်း အဲဒါခင်ဗျားတို့တစ်အိမ်လုံးကို အိပ်မွေ့ ချသွားတာဗျ။ မစင်သုတ်ထားတဲ့အပ်ချည်လုံးကြိုးကို ခင်ဗျားတို့ အိမ်ခေါင်မိုးပေါ်ကိုကျော်ပြီးပစ်လိုက်တာ တစ်အိမ်လုံးအိပ်မောကျကုန် တာဗျ။ ဒီတော့မှ သူခိုးကအိမ်တံခါးကိုဖောက်ဝင်ပြီး အိမ်ထဲကခိုးချင် တဲ့ပစ္စည်းကို စိတ်ကြိုက်ခိုးတော့တာပေါ့ဗျာ။ အခုဘိုးကျော်သိန်းတို့ အိမ်သားတွေ ဘယ်လိုနေတုန်း”

“ဟာ..ဆရာရယ် အကုန်လုံးအိပ်ယာကနိုးတော့ခေါင်းတွေ နောက်တောက်တောက်ဖြစ်နေတာဗျ။ အိပ်ရေးမဝသလိုကိုဖြစ်နေကြ တာ။ ဒါတောင်ကျုပ်ကအရင်နိုးလာပြီး လိုက်နှိုးလို့နိုးလာကြတာ။ ကျုပ်သာမနှိုးရင် တစ်နေ့လုံးများ အိပ်နေကြမလားမသိပါဘူးဆရာ ရယ်”

“နို့..ပစ္စည်းပျောက်တာကို ဘိုးကျော်သိန်းဘယ်တော့မှသိ တာတုန်း”

“ကျုပ်အိပ်ယာကနိုးတော့ ဝိုင်းနောက်ဘက်ကအိမ်သာကို သွားတယ်ဆရာ၊ ဒီမှာတင် အိမ်ပေါ်ကိုကျော်ပစ်ထားတဲ့ အပ်ချည်ကြိုး ကိုသွားတွေ့တယ်။ ဒါနဲ့ သာရင့်ကိုခေါ်ပြီး အပ်ချည်ကြိုးကိုဆွဲချခိုင်း လိုက်တာ။ ကျုပ်အိမ်သာကထွက်လာတော့သာရင်ကပြောတယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



ဘိုး‥အပ်ချည်ကြိုးကချည်လုံးပါ ပါနေတယ်"

လို့ပြောလို့၊ ကျုပ်က‥၊

"သာရင်‥အဲဒီအပ်ချည်လုံးရောကြိုးတွေရော စက္ကူနဲ့ထုပ်ပြီးသေသေချာချာသိမ်းထားစမ်း။ ဒါမရိုးသားဘူးကွ"

လို့ပြောပြီး‥။

အိမ်ပေါ်ထပ်ကအခန်းထဲဝင်ကြည့်တော့၊ သံသေတ္တာကြီးပွင့်နေရောဆရာရေ။ ကြမ်းပြင်ပေါ်မှာလည်း ပစ္စည်းတွေပွနေတာမျိုး။ ဒါနဲ့ ကျုပ်လည်းခေါင်းနဘမ်းကြီးသွားတော့တာပေါ့ဗျာ။ ထင်တဲ့အတိုင်းပါပဲဆရာရယ် သံသေတ္တာထဲကရွှေထုပ်ကြီးမရှိတော့ဘူးမျို့။ ရွှေကအနည်းဘူးဗျ။ ကျုပ်ကနှစ်မွေခံလေဗျာ။ ရွှေနှစ်ပိဿာ နီးနီးရှိတယ်။ ကျုပ်အဘိုးရဲ့ပုဆိုးကြီးနဲ့ထုပ်ထားတာ။ သူခိုးကအထုပ်လိုက်ကိုယူသွားတော့တာပဲဆရာ"

ဘိုးကျော်သိန်းတို့အိမ်ရောက်တော့၊ ဆရာအိုကိုဘိုးကျော်သိန်းတို့မိသားစုက ခရီးဦးကြိုနှုတ်ဆက်ကြတယ်ဗျ။ ပြီးတာနဲ့ အိမ်ကြီးကိုပတ်ကြည့်တော့တာပဲဗျာ။

ဘိုးကျော်သိန်းကလည်း ဆရာအို့နောက်ကပ်လိုက်လာပြီးပြတယ်။

"ဟောဒီတည့်တည့်မှာ အပ်ချည်ကြိုးကြီးတွဲလောင်းကျနေတာဆရာရဲ့"

ဆရာအိုက ဘိုးကျော်သိန်းပြတဲ့ နေရာကိုကြည့်ပြီး ခေါင်းညိတ်တယ်။

"အိပ်မွေ့ချတဲ့သူခိုးက အိမ်ကြီးခေါင်မိုးပေါ်ကိုပစ်တင်တာအိမ်အရှေ့အနောက်မဟုတ်ဘူးဗျ၊ အိမ်ဘေးကနေ တောင်နဲ့မြောက်ပစ်တင်တာမျို့။"

ဆရာအိုကမြေကြီးကိုငုံ့ကြည့်တယ်‥၊

"ဘိုးကျော်သိန်း ဒီခြေရာတွေကခင်ဗျားအိမ်သားတွေခြေရာတွေလား"

အိမ်ဘေးကခြေရာတွေကိုပြပြီး ဘိုးကျော်သိန်းကမေးတာဗျ။

"ဟာ‥မဟုတ်ဘူးဆရာ ဒါသူခိုးရဲ့ခြေရာတွေပါ၊ ကျုပ်လည်းဆရာ့ဆီကိုမလာခင်ကတည်းက တွေ့တယ်ဗျ။ ဒါနဲ့ဒီဘက်ကို ဘယ်သူမှမလာရဘူးလို့မှာထားခဲ့တာ။ ပြီးတော့ကျုပ်တို့အိမ်မှာညက သူခိုးအခိုးခံရတာကိုဘယ်သူမှ မသိသေးဘူးဆရာ"

"ဟုတ်ပြီဘိုးကျော်သိန်း ခင်ဗျားတို့အိမ်မှာမြေအိုးအသစ်ရှိလား"

"ဟာ‥ရှိတာပေါ့ဆရာရဲ့ ဟိုတစ်နေ့ကတင်မြို့ကဝယ်လာတာ။ နွားနို့လေးဘာလေးကျိုရအောင်ဆိုပြီးဝယ်ခဲ့တာ၊ ရှိတယ်၊







www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်''

ဘိုးကျော်သိန်းကပြောပြောဆိုဆိုနဲ့ အိမ်ပေါ်တက်ပြီး မြေအိုးကို ယူလာတယ်။ အဖုံးလေးတောင်ပါသေးဗျ။ ဆရာအိုက အိမ်ပေါ်တက်ပြီး ဘုရားစင်ရှေ့မှာ အစီအရင်လုပ်တော့တာပေါ့ဗျာ။

ဆရာအိုက ဘုရားရှိခိုး၊ အထက်ပုဂ္ဂိုလ်တွေကိုတိုင်တည် သစ္စာဆိုပြီးတော့မှ မြေအိုးကိုအတွင်းဘက်ကနေ အင်းချတယ်ဗျ။

''မောင်တာတေသွားစမ်းလူကလေး ဟောဒီအိုးထဲကို စောစောကတွေ့တဲ့ခြေရာတွေထဲက မြေကြီးမှာခပ်နက်နက်ထင်နေတဲ့ ခြေရာကမြေသားတွေ ကောက်ယူပြီးထဲ့ခဲ့''

ကျုပ်ကဆရာအိုလက်ထဲက အင်းချထားတဲ့မြေအိုးကို ယူပြီး ဝိုင်းထဲဆင်းခဲ့တယ်။ အနက်ဆုံး ထင်နေတဲ့ခြေရာတစ်ခုလုံးကမြေကြီး တွေကို ကောက်ပြီးမြေအိုးထဲထဲ့လိုက်တယ်။

ဆရာအိုက ဘုရားစင်ရှေ့မှာပဲ အုတ်ခဲသုံးလုံးကို ဖိုခနောက် ဆိုင်ပြီး သိမ်ဝင်ဖယောင်းတိုင်ကို ဖိုခွင်အလည်မှာထွန်းလိုက်တယ်။ သိမ်ဝင်ဖယောင်းတိုင်က လက်မလုံးလောက်ရှိတယ်ဗျ။ အင်းချထ တဲ့မြေအိုးကို မီးဖိုပေါ်မှာတင် တံစူးဝါးကိုလုပ်ထားတဲ့ ဝါးယောင်း မလေးနဲ့ မြေမှုန့်တွေကို မပြတ်မွှေတော့တာပဲဗျာ။

ဆရာအိုက မွှေရင်းနဲ့ပါးစပ်ကလည်း မန္တန်တွေတတွတ်တွတ်





ရွတ်သေးတာဗျ။ ညမိုးချုပ်လာတဲ့အထိ ဆရာအိုကမွှေနေတုန်းပဲ။ ဖယောင်းတိုင်လည်းသုံးတိုင်လောက်ကုန်သွားပြီဗျ။

''ကဲ‥ဒီလောက်ဆိုရင်လုံလောက်ပါပြီလေ''

လို့ပြောပြီးရပ်လိုက်တယ်။ ကျုပ်တို့ဆရာတပည့်ကို ညစာ ကောင်းကောင်းကျွေးပြီးဧည့်ခံကြတယ်။

ည၉နက်လာတော့ ဘုရားခန်းမှာဆရာအိုက မအိပ်ဘဲပုတီး စိပ်တယ်။ တစ်အိမ်လုံးတော့မှောင်နေတာပေါ့ဗျာ။ ကျုပ်နဲ့ဘိုးကျော်သိန်း ကဘုရားခန်းမှာပဲအိပ်ကြတယ်။

ညသန်းခေါင်လောက်ရောက်တော့ ဆရာအိုကဘိုးကျော်သိန်း ကိုနှိုးတယ်။ ကျုပ်လည်းနိုးသွားပြီး ထထိုင်လိုက်တယ်။

''ဘိုးကျော်သိန်းထထ တံခါးဖွင့်ပြီးအိမ်ဝကိုသွားကြည့် စမ်းဗျ။''

လို့ဆရာအိုကပြောတော့ ဘိုးကျော်သိန်းနဲ့ကျုပ်နဲ့တံခါးဖွင့်ပြီး ထွက်လိုက်တယ်။

ဘိုးကျော်သိန်းက ဝမ်းသာအားရနဲ့ ပုဆိုးထုပ်ကြီးကိုကောက် ပွေ့လိုက်တယ်။ ဘုရားခန်းကဆရာအိုရှေ့မှာပဲ ပုဆိုးနဲ့ထုပ်ထားတဲ့ အထုပ်ကြီးကိုဖြည်လိုက်ရောဗျို့။ အိုး‥ရွှေတွေမှမနည်းပါဘူးဗျာ။ ဆွဲကြိုးတွေ၊ လက်ကောက်တွေ၊ ခြေကျင်းတွေမှ မီးရောင်အောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဝင်းနေတာဗျို့။ ဘိုးကျော်သိန်းကပစ္စည်းတွေကိုလိုက်စစ်ပြီး ဝမ်းသာတဲ့ အသံကြီးနဲ့ပြောလိုက်တာဗျ။

"ပြည့်တယ်ဆရာ ပြည့်တယ်။ တစ်ခုမှကို မပျောက်ဘူးဗျ။ ဒါထက်ဆရာ ပစ္စည်းပြန်လာထားတဲ့သူခိုးကို မြင်လိုက်လားဆရာ"

"ကျုပ်ကတော့မြင့်မြင်တာပေါ့ဗျာ၊ ဒါပေမယ့်ခင်ဗျားတို့ ရန်လုပ်ကြမှာစိုးလို့ သူခိုးအိမ်ပြင်ရောက်လောက်တော့မှ ကျုပ်က ခင်ဗျားတို့နှစ်ယောက်ကိုနှိုးတာဗျ ဘိုးကျော်သိန်းရဲ့"

"ကျုပ်တော့ဆရာတို့ရဲ့ပညာတွေကို အံ့သြလိုက်တာဗျာ"

လို့ဘိုးကျော်သိန်းကပြန်ပြောတယ်ဗျ။

ခဏနေတော့ဘိုးကျော်သိန်းက အိမ်သားတွေကိုနှိုးပြီးပြော ပြလိုက်တယ်။ အားလုံးဝမ်းသာသွားကြတာပေါ့ဗျာ။ ဆရာအိုကိုလည်း တစ်အိမ်သားလုံးက ကန်တော့ကြလို့ပေါ့ဗျာ။

**တာတေ**





# လေလွင့်သိပ်ပြာကိုယ်ပွားခန္ဓာ

## မင်းဘုန်းသိင်္ခသူ

ကောက်နံ့စပါးရနံ့၊ ငှက်ကလေးများ၏ တေးသီသံ၊ တိုးသဲ့သော ရေစီးသံများသည် ရုတ်တရက် ရပ်တန့်သွားသကဲ့သို့ ထိတ်လန့်ဖွယ် သတင်းဆိုးတစ်ရပ်သည် ရိုးသားသော ရွာကလေးပေါ်သို့ပြန့်ခဲ



www.burmeseclassic.com

www.burmeseclassic.com



လာသည်။ စပါးနှံ သိ်နေရာလည်းကောင်း၊ ခြံရှင်းကိုင်းရှင်းနေရာမှ လည်းကောင်း၊ ထင်းခွဲနေရာမှလည်းကောင်း ယောကျ်ားအချို့သည် မိမိတို့ ကိုင်ဆောင်ထားသော လက်နက်တန်ဆာပလာများကို ပစ်ချ၍ လည်းကောင်း၊ အချို့ အယောင်ယောင်အမှားမှား ကိုင်တွယ်၍လည်း ကောင်း ရွာအနောက်ဖျား သေသောက်ကုန်းဆီသို့ ပြေးလာကြလေ သည်။

ရွာအနောက်ပိုင်း ဓနိရည်နှင့် အရက်ဖြူရောင်းချသော တရုတ် အလျောင်၏ သေသောက်ကုန်းတဲအတွင်းတွင် လူတစ်ယောက် လဲပြို နေသည်။ အပေါ်ပိုင်း စွပ်ကျယ်အင်္ကျီလက်ပြတ်၊ ပုဆိုးအပြာရင့်ရောင် ကွက်တုံး၊ ဆံပင်တိုတိုနှင့် လူငယ်တစ်ယောက်သည် စားပွဲ၏ ခြေရင်း တွင် ကိုင်ခုံနှင့်ညပ်ကာ လဲကျနေခြင်းဖြစ်သည်။ အမူးလွန်ကာ ထိန်း မနိုင်သိမ်းမရ လဲပြိုနေခြင်းမဟုတ်။

လူရွယ်၏အင်္ကျီ စွပ်ကျယ်အဖြူတစ်ခုလုံး မူလအဖြူနွမ်းနွမ်း အရောင် ပျောက်ကွယ်ကာ စေးပျစ်သော သွေးနီတို့ဖြင့် စွန်းပေနေခြင်း ဖြစ်ပေသည်တကား။

စားပွဲပေါ်တွင် သောက်လက်စ အဖြူရောင်ပုလင်းထဲတွင် အရက်လက်ကျန် လက်နှစ်လုံးခန့် ရှိသေးသည်။ အကြမ်းပန်းကန် တစ်လုံး၊ သံပန်းကန်ပြားနှစ်ချပ်ထဲတွင် မြေပဲကြော် တစ်ပန်းကန်နှင့်





ကြွက်ကင်တစ်ခြမ်း ထည့်ထားသော ပန်းကန်ပြားများသည် စားလက်စ တစ်ဝက်တစ်ပျက်။ ကုန်လုဆဲဆဲ ပြန့်ကြဲလျက် မြေပဲပန်းကန်နှုတ်ခမ်း တွင် သွေးစက်အချို့စွန်းလျက်။ မည်ကဲ့သို့ အချင်းများပြီး ရက်ရက် စက်စက် ဖြစ်ပွားကြလေသနည်း။ ကောင်တာစားပွဲပေါ်မှ တရုတ် အလျောင်သည် မျက်စိမျက်နှာပျက်ကာ ခြေမကိုင်မိ လက်မကိုင်မိ အယောင်ယောင်အမှားမှားဖြစ်ကာ ရွာလူကြီးအချို့ကို အကူညီတောင်း နေသည်။

"ဝရှေ့မယ် ဖြစ်သွားလယ်၊ ဝရှေ့မှာ ဖြစ်သွားလယ်၊ ကျော် မြင့်...ကျော်မြင့် သူ့ဟာသူ အေးအေးစိစိ သောက်နေတာ၊ သူ့ဘာသာ အေးအေးစိစိ သောက်နေတာ၊ ဟိုကောင်...ဟိုကောင်...သံတုတ် ဝင်ပြီး ဓားနဲ့ထိုးသွားလယ်"

အလျောင်သည် သူ၏မျက်မှောက်ရှေ့မှာပင် လူတစ်ယောက် ဓားနှင့် အထိုးခံရပြီး အသက်ငင်နေပုံကို ထိတ်လန့်ချောက်ချားကာ စိတ်လှုပ်ခြင်းကြီးစွာဖြင့် လာသမျှလူကို ရှင်းပြနေခြင်းသာ ဖြစ်သည်။ ချောက်ချားတုန်လှုပ်ဖွယ်ရာ နေ့ရက်ပေတကား။

"ဖြစ်ရလေကွာ၊ ဘယ်လိုဖြစ်ရတာလဲ"

"သံတုတ်...သံတုတ်...ထိုးသွားတာ"

လူတစ်ယောက် ပြေးဝင်လာကာ မြေကြီးပေါ်တွင် နံကြားခွ



www.burmeseclassic.com

www.burmeseclassic.com



ညပ်နေသော ကျော်မြင့်ကို ဆွဲထုသည်။ ရင်ဘတ်မှ သွေးစိမ်းတွေက ပွက်ကနဲ ထွက်လာသည်။ ကျော်မြင့်သည် မျက်ဖြူတစ်ချက် လန်သွားသည်။ မွေ့ထူလာသူကို ကြည့်သည်။ နဖူးစမှ ချွေးသီးချွေးပေါက်တွေ ကျလာလေသည်။

"ငါ့...ငါ့...ကို...သံတုတ်...သံ...သံ...တုတ်...ထိုး...ထိုး...သွား..."

ကျော်မြင့်သည် လှေဝမ်းထဲမှ မြစ်ငါးတစ်ကောင်၏ ပါးစပ်လို ဟစီ ဟစီ ဖြစ်လာသည်။ ရုတ်တရက် သွေးဆုတ်လာကာ မျက်နှာပြင်တစ်ပြင်လုံး ဖြူဖပ်ဖြူရော် ဖြစ်လာသည်။ ခြေဖျားလက်ဖျားတွေ တဆတ်ဆတ် တုန်လာသည်။

ထိုစဉ် ရွာထဲမှ အိမ်သားစုတွေ သုတ်သုတ်ပျာပျာ ရောက်လာကြသည်။ ဒဏ်ရာဖြင့် လဲပြိုနေသော ကျော်မြင့်ကို ဖက်၍ ဆူညံစွာ အော်ဟစ်ငိုယိုကြကုန်သည်။

"အမယ်လေး သားကြီးရဲ့၊ အဖြစ်ဆိုးလှချည်လား"

"အစ်ကို့ကို ကယ်ကြပါဦး"

အမျိုးသမီးများ၏ အသံများဖြင့် ဆူညံပွက်လောက်ရိုက်သွားကြပြန်သည်။ လဲပြိုကျနေသော ကျော်မြင့်နှင့် မနီးမဝေးတွင် သွေးစွန်းနေသော ဓားတစ်ချောင်း ကျနေသည်။ မြေကြီးပေါ်မှာ သွေးစက်တွေ





ပြန့်ကြဲလျက်။

ငိုယိုသံတွေ ဆူညံလျက်ရှိသည်။

"သံတုတ်ဆိုတဲ့ တိရစ္ဆာန်ကို သတ်မယ်"

ကျော်မြင့်ညီ ကျော်တင့်၏ ဒေါသတကြီး ကြိမ်းဝါးသံ ထွက်ပေါ်လာသည်။

"သတ်တာ နောက်မှထားဟေ့၊ ဒီမှာ ကျော်မြင့်ကို ဆေးရုံပို့ဖို့ မြန်မြန်လုပ်ကြ၊ အခြေအနေက မြင့်တဲ့အတိုင်းပဲ"

လူအုပ်ထဲမှ အဘိုးကြီးတစ်ယောက်၏ အသံ။

"ဓားနဲ့ ထိုးသူကို အရေးယူတာက နောက်၊ လောလောဆယ် ဒဏ်ရာရနေတဲ့ ကျော်မြင့်ကို ဆေးရုံပို့ဖို့ အရေးကြီးတယ်"

ကျော်မြင့်တစ်ကိုယ်လုံး သွေးများဖြင့် ရွဲနစ်နေပေပြီ။ ငါးစိမ်းသည်လက်ထဲမှ ငါးတစ်ကောင်လို ဟစီ ဟစီဖြစ်နေသော သူ၏ပါးစပ်သည် တစ်စုံတစ်ခုကိုပြောဖို့ ကြိုးစားနေသော်လည်း ပြင်းထန်လှသော ဝေဒနာကြောင့် အရာမထင်ခဲ့ပေ။

သည်လိုနှင့် ဓားထိုးခံရသည့် အကြောင်းတရားတွေက ပေါ်လာသည်။ ကျော်မြင့်နှင့် သံတုတ်တို့သည် ရွာထဲမှ 'နှင်းမြိုင်' ဆိုသော မိန်းကလေးတစ်ယောက်ကို အပြိုင်ပိုးပန်းရာမှ နောက်ဆုံးရလာဒ်က နှင်းမြိုင်သည် ကျော်မြင့်နှင့် ချစ်သူဘဝ ရောက်သွားခြင်းက အညှိုးခံ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ နောက်ဆုံး သံတုတ်၏ မနာလို ဒေါသတရားသည် လူတစ်ယောက် သတ်ဖြတ်ခံရသည်အထိ ကျူးလွန်သွားရခြင်း ဖြစ်သည်။ အချစ်အတွက် အမိုက်မှောင်ဖုံးကွယ်ကာ လူတစ်ယောက် သေကောင်ပေါင်းလဲ ဖြစ်သွားရခြင်းပင်။ ယခုတော့ သံတုတ်သည် ပြေးလေပြီ။

သေရည်ဆိုင်ထဲတွင်ရှိသော မျက်မြင်တစ်ယောက်က…

"ပထမတော့ သူတို့နှစ်ယောက် စကားပြောနေကြသေးတယ်၊ အေးအေးဆေးဆေးပဲဗျို့၊ နောက်တော့ သံတုတ်က ဘာမပြောညာမပြောနဲ့ ထိုင်နေတဲ့ ကျော်မြင့်နောက်ကျောကနေ လည်ပင်းကို လက်တစ်ဖက်နဲ့ညှစ်ပြီး ရင်ဝကို ဓားနဲ့ထိုးပြီး ထွက်ပြေးသွားတာပဲ"

တစ်ယောက်က ဆက်၍…

"ဟုတ်တယ်၊ ရင်ဝကို ဓားနဲ့ထိုးပြီးတာနဲ့ တစ်ချက်တည်းဆွဲနုတ်ပြီး ဓားကို ပစ်ချသွားတာ၊ တော်တော်မိုက်ရိုင်းတဲ့ကောင်ကွာ၊ အချင်းချင်းတွေ…"

စကားပြောသံတွေ ဆူညံလာပြန်သည်။ တောက်ခတ်သံ၊ ရေရွတ်သံတွေ…။

"ရည်းစားလူလု အူနုကျွဲခတ်ပေါ့"

ကျော်မြင့်သည် စကားမပြောနိုင်တော့။ တစ်ကိုယ်လုံး ဖြူဖတ်ဖြူရော် ဖြစ်လာသည်။ ရင်ဘတ်ကြီးတစ်ခုလုံး လေမှုတ်ကီရိယာ





ဖားဖိုကြီးလို နိမ့်ချည်မြင့်ချည် ဖြစ်လာပြီ။

"ကဲ…ကဲ…ဆေးရုံပို့ဖို့ ပြင်ကြဟေ့၊ ပွဲထောင်ပြင်ကြ၊ မြန်မြန်လုပ်"

အချိန်ကား နေမွန်းလွဲစပြုနေလေပြီ။ ရွာထဲမှာတော့ ရှုပ်ယှက်ခတ်နေပြီ။

မြစ်ပြင်သည် လှိုင်းလေငြိမ်သက်ကာ ရေတက်ချိန်ဖြစ်သည်။ ရွာကလေးမှ ဖျာပုံမြို့ဆေးရုံသို့ လူနာကို ပို့ဆောင်ရမည်ဖြစ်သည်။ တစ်နာရီခန့် မောင်းရပေမည်။

ကျော်မြင့်သည် ပွဲထောင်ဝမ်းထဲတွင် ပက်လက်ကလေး ဖြစ်နေသည်။ သူ့ကို ညီဖြစ်သူ ကျော်တင့်က ပွေ့ထားကာ သွေးတွေစွန်းထင်းနေသော ဝဲဘက်ရင်အုံကို လက်ဖြင့်ဖိထားကာ မျက်ရည်တွေ စီးကျနေသည်။

လူနာကား စကားမေးမရတော့။ အသက်တော့ ရှူနေသေးသည်။ ပွဲထောင်၏ဦးပိုင်းတွင် လူနာဖခင်နှင့် ရွာသားသုံးဦး ရှိသည်။ ပွဲထောင်မောင်းသမားနှင့်ဆိုလျှင် စုစုပေါင်း ခုနစ်ယောက်တိတိ ဖြစ်သည်။ အားလုံးဆွေမျိုးသားချင်းတွေပဲ ဖြစ်သည်။ ယောက်ျားကြီးတွေချည်း ဖြစ်ကြသည်။

ဖခင်ဖြစ်သူက လူနာမသိအောင် တရှုံ့ရှုံ့ ငိုနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်လိုနှင့် ပဲ့ချိတ်လှေကလေးသည် ရေကိုဆန်ကာ မြစ်ကြောင်းအတိုင်း မောင်းလာသည်။ မြစ်ကမ်းနှင့် မနီးမဝေးမှ ကပ်ကာ မောင်းလာခြင်းဖြစ်သည်။ မြစ်ကမ်း၏ ဝဲယာကမ်းပါးများသည် စိမ်းမှောင်လျက်ရှိသည်။ ကျေးငှက်တွေက ဘာသာဘာဝ ပျံသန်းလျက် သစ်ပင်ကြီးများတွင် နားခိုလျက်။ သို့သော် ပဲ့ထောင်ပေါ် ပါလာသည့် လူအားလုံးသည် သဘာဝအလှအပ ရှုခင်းများကို ကြည့်ရှုခံစားဖို့ သတိမရနိုင်။ စိတ်မဝင်စား။ မားဒဏ်ရာနှင့် လူနာကို ဆေးရုံအမီပို့နိုင်ဖို့ အသက်ရှင်ဖို့ပဲ အာရုံတွေက လွှင့်ပါးနေကြလေသည်။ ဒဏ်ရာသည် သေလောက်သည့် ချက်ကောင်းနေရာ ဖြစ်နေသည်က မလွှယ်။

ယောကျ်ားကြီးတွေအားလုံး မည်သူမျှ စကားမဆိုနိုင်ကြ။ အတွေးကိုယ်စီဖြင့် ငြိမ်သက်ရင်း တဖျစ်တောက်တောက် ဖြစ်နေကြသည်။ ပဲ့ထောင်မောင်းသမားသည် ဖျာပုံဆေးရုံသို့ အမြန်ရောက်ရေးအတွက်သာ စက်ရှိန်မြှင့်၍ မောင်းနှင်နေလေသည်။

ပဲ့ထောင်ဦးနှင့် ရေပြင်ရိုက်ခတ်သံ တဖျတ်ဖျတ် ထွက်ပေါ်နေသည်။ ဦးပိုင်းချွန်ကို ခွဲကာ ခွဲကာ ရေလှိုင်းတွေ ဖွားကနဲ ဖွားကနဲ ဖြာကျလျက်ရှိသည်။ ပဲ့ထောင်၏ စက်အင်ဂျင်သံနှင့်အတူ အားလုံး၏ ရင်ထဲမှာ ဆူညံလျက်ရှိသည်သာမက အာရုံက ဆေးရုံသို့ အမြန်ရောက်ရှိရေးအတွက် စိတ်စောနေကြလေသည်။





သဘော်ဦးဝမ်းဗိုက်နှင့် ရေမျက်နှာပြင် တဖြန်းဖြန်းရိုက်သံသည် ပုံမှန်ထွက်ပေါ်လျက်ရှိသည်။ အားလုံးရင်ထဲမှာ အင်ဂျင်စက်လို တဒိန်းဒိန်း မြည်ကာပူနေသည်။

ကျော်တင့်သည် သူ၏အစ်ကိုကို ပွေ့ဖက်ထားရာမှ ကျော်မြင့်၏ ခန္ဓာကိုယ်သည် တစ်ခါ တစ်ခါ ဆတ်ကနဲ ဆတ်ကနဲ တွန့်၍သွားတတ်သည်ကို သတိပြုမိသည်။ ကျော်မြင့်သည် သတိလစ်လျက်ရှိလေပြီ။ မျက်နှာကား သွေးဆုတ်စပြုလာသည်။ သို့သော် အသက်တော့ ရှူနေသေးသည်။ အသက်ရှူသံပြင်းပြင်း ကြားနေရသေးသည်။

နေသည် အနောက်ဘက်သို့ ရွေ့လျားစပြုလာသည်။

ထိုစဉ် ထူးခြားမှုတစ်ခုက ဖြစ်ပေါ်လာလေသည်။

× × ×

ရေပြင်ပေါ်မှာ ငှက်တစ်ကောင်လို အရှိန်ဖြင့် ပြေးလွှားနေသော ပဲ့ထောင်၏ အနောက်ဘက် ဝါးသုံးပြန်ခန့်အကွာ ရေပြင်ပေါ်တွင် ထူးဆန်းသော လှုပ်ရှားမှုတစ်ခုကို စတင်တွေ့ရှိလိုက်သူမှာ ကျော်တင့် ဖြစ်သည်။

အံ့သြတုန်လှုပ်မှုဖြင့် ပဲ့ထောင်လှေ၏ အနောက်ဘက် ဝါး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပြန်ခန့်အကွာရှိ လှိုင်းစီးကြောင်း ရေမျက်နှာပြင်ပေါ်မှ ထူးခြားသော အရာတစ်ခုကို အံ့သြကြီး ငေးကြောင်ကြည့်နေမိခြင်းပင်တည်း။ ထိုထူးဆန်းသည့်အရာကား…

ရေပြင်ကို မြေပြင်ပမာ လူတစ်ယောက် ပြေးလိုက်လာခြင်း ဖြစ်ပေသည်။ အပေါ်အင်္ကျီဗလာ၊ ကြွံခိုင်သော ခန္ဓာကိုယ်၊ လုံချည်အနွမ်းကလေးဝတ်ထားပြီး လက်တစ်ဖက်က ငှက်ကြီးတောင်ဓား တစ်ချောင်း ကိုင်ထားသော လူတစ်ယောက်သည် ပဲ့ထောင်နောက်သို့ အမီပြေးလိုက်နေခြင်းပေတကား။ လွှားကနဲ လွှားကနဲ ခုန်ကာ ပြေးလိုက်လာခြင်းပင်။

"အံ့သြစရာကောင်းလိုက်တာ၊ ရေပြင်ပေါ်မှာ ပြေးလိုက်လာနေတာ ဘယ်သူလဲ၊ ဘယ်သူလဲ၊ ဘာကြောင့်လဲ၊ သရဲတစ္ဆေလား၊ ဘယ်လိုပုဂ္ဂိုလ်လဲ"

ကျော်တင့်ရင်ထဲတွင် မမျှော်လင့်၊ ဉာဏ်မမီသော မေးခွန်းများဖြင့် လေးလံရှုပ်ထွေးသွားခဲ့သည်။ သူသည် အစ်ကိုဖြစ်သူ ကျော်မြင့်ကို ပွေ့ထူထားလျက်က ပဲ့ထောင်အနောက်ဘက်သို့ သတိလက်လွှတ် ငေးကြောင်ကြည့်နေဆဲ။ သူ့နှလုံးခုန်သံသည် ပဲ့ထောင်အင်ဂျင်စက်သံလို မြည်ဟည်းလာသည်။ အာခံတွင်းထဲမှာ ပူရှိန်းရှိန်း ဖြစ်လာကာ ရေငတ်သလို ဖြစ်လာသည်။ ဘာဖြစ်လို့ ကျော်မြင့်နှစ်ယောက်





ဖြစ်နေရတာလဲ။

သူသည် ပဲ့ထောင်နောက်သို့ ပြေးလိုက်လာသော ထူးဆန်းသော အရာကြီးကို သေသေချာချာ စိုက်ကြည့်လိုက်မိသည်။ အံ့သြတုန်လှုပ်မှုဖြင့် တစ်ကိုယ်လုံးရှိ ခွန်အားများ ခန္ဓာကိုယ်ပြင်ပသို့ စိမ့်ထွက်သွားသလို လန့်ဖျပ်သွားသည်။

"အစ်ကို..အစ်ကို..ကျော်မြင့်ပါလား၊ ဘယ်လိုဖြစ်တာလဲ"

ကျော်တင့်သည် ရေပေါ်မှာ ပြေးလိုက်လာသောလူကိုတစ်လှည့် ရင်ခွင်ထဲမှာ ပွေ့ထူထားသော အစ်ကိုဖြစ်သူကိုတစ်လှည့် ကြည့်နေမိကာ တုန်လှုပ်ချောက်ချားလာသည်။

ပဲ့ထောင်နောက်သို့ ပြေးလိုက်လာသော နောက်ထပ်ကျော်မြင့်တစ်ယောက်သည် သွေးရူးသွေးတန်း ပြေးလိုက်လာခြင်းဖြစ်သည်။ အနည်းငယ်ရှည်သော ဆံပင်တွေက လေထဲတွင် ကပိုကယို လွင့်ပျံလျက်ရှိသည်။ ဖွာရရာလွင့်ဝဲနေသည်။

"ဘုရား..ဘုရား..ကိုကျော်မြင့်နှစ်ယောက်တောင်မှပဲလား"

ကျော်တင့် အာရုံတွေ ကယောင်ချောက်ချား ဖြစ်သွားသည်။ အံ့သြမှုနှင့်အတူ ပဲ့ထောင်သမားကို မေးဆတ်ပြလိုက်လေသည်။ ပဲ့ထောင်မောင်းသမားသည် အနောက်ဘက်သို့ တစ်ချက်လှည့်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ..."

ပဲ့ထောင်သမားသည် 'ဟာ' တစ်ခွန်းတည်းသာ ပြောနိုင်ပြီး ပါးစပ်အဟောင်းသား။ လွန်မင်းစွာ အံ့သြခြင်းနှင့်အတူ...။

"ထူးဆန်းလိုက်တာ"

ကယောင်ချောက်ချား ရေရွတ်လိုက်သည်။ ကျော်တင့် မွေ့ဖက်ထားသော မချိမဆံ့ လူနာကျော်မြင့်ကို တစ်လှည့်၊ ပဲ့ထောင်နောက် ရေပြင်ပေါ်တွင် ထပ်ကြပ်ပြေးလွှားလိုက်လာသော နောက်ထပ်ကျော်မြင့်တစ်ယောက်ကို တစ်လှည့်စီကြည့်ကာ သတိလက်လွတ်မတတ် ဖြစ်နေပုံရသည်။ ကျော်တင့်ရင်ခွင်ထဲမှ သတိလစ်နေသော ကျော်မြင့်သည် မလှုပ်ရှားနိုင်သလောက် ပဲ့ထောင်နောက်မှ ပြေးလိုက်လာနေသော ကျော်မြင့်ကာ ဒေါသတကြီး ဖြစ်လာသည်။ လက်ထဲမှ ဓားတစ်လက်။

ပဲ့ထောင်ရှေ့တွင် အတွေးတွေ ဖရိုဖရဲ လွင့်ပျံ့နေသော ကျန်သည့် လူလေးယောက်သည် အနောက်ပိုင်းမှ ဖြစ်ပျက်မှုတွေကို သတိပြုမိပုံမရ။ ရိပ်မိပုံ မရကြ။ အားလုံး အတွေးကိုယ်စီနှင့်သာ ရှိသည်။

ကျော်တင့်သည် ပဲ့ထောင်သမားကို လက်ကာပြလိုက်သည်။ ဘာမှပြန်မပြောရန် တိတ်တိတ်နေရန် ဟူသည့်သဘော။ သည်လိုနှင့် ပဲ့ထောင်သမားကို စက်ရှိန်မြှင့်ရန် လက်ဟန်ခြေဟန်နှင့် ပြလိုက်သည်။





ပဲ့ထောင်သမားသည် နောက်သို့ တစ်ချက်မျှ လှည့်ကြည့်ကာ စက်ရှိန်ကို မြှင့်လေသည်။ စက်ရှိန်မြှင့်၍မောင်းလေ အနောက်မှ ကျော်မြင့်လည်း အမီပြေး၍လိုက်လေဖြစ်သည်။ ကျော်တင့်သည် အစ်ကို၏ ရင်ကို ညင်သာစွာဖိရင်း အသက်ရှူ မရှူ နားထောင်မိသည်။ အသက်တော့ ရှူနေသေးသည်။ ရင်ခုန်သံ တဒုတ်ဒုတ်ကို ကြားနေရသေးသည်။ အသက်ရှူသံသဲ့သဲ့ကို တွေ့ထိခံစားနေရသေးသည်။

မြစ်၏တစ်ဆစ်ချိုးကွေ့သို့ ရောက်သော် စက်ရှိန်ကို လျှော့လိုက်သည်။ ထိုအခါ နောက်မှ လိုက်လာသော ကျော်မြင့်ကလည်း ခြေလှမ်းကို နှေး၍လိုက်လာသည်။ အံ့သြဖွယ်ရာပေတကား။ ပဲ့ထောင်မှ သေငယ်ဇောနှင့်တစ်ယောက်။ ပြီးတော့ ရေပြင်ပေါ်မှာ ကိုယ်ပွားနောက်တစ်ယောက်။

မြစ်၏ အနောက်ဘက်တွင် ရွှေရည်ပျို့အန်စပြုလာပေပြီ။ မြစ်၏ အပေါ်ယံတွင် တောဘဲရိုင်းတွေ အုပ်ဖွဲ့ပျံသန်းလာကြသည်။ အညိုရောင် တောဘဲရိုင်းများသည် 'ကျလိ ကျလိ' မြည်ကာ လျှင်မြန်စွာ ဖြတ်ပျံသွားကြခြင်းဖြစ်သည်။

ကျော်တင့်သည် ရင်ဘတ်တွင် သွေးပျစ်သွေးစေးများ တစိမ့်စိမ့်ယိုထွက်နေသော အစ်ကိုဖြစ်သူ၏ အဖြစ်ကိုကြည့်ရင်း ရင်ထုမနာဖြစ်ကာ မျက်ရည်စီးကျလျှက်ရှိသည်။ လက်ရှိဖြစ်ပေါ်နေသော ဖြစ်ရပ်



www.burmeseclassic.com

www.burmeseclassic.com



ဆန်းများက သူ့အသိဉာဏ်၊ ဘဝအတွေ့အကြုံများကို ရုပ်တိုက်သွားရုံသာရှိမည်ထင်သည်။ သူသည် သာမန်မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တစ်ယောက်သာ ဖြစ်သည်။ ပထမဦးဆုံး သူ့ရင်ထဲသို့ ဝင်လာသော မေးခွန်းတစ်ရပ်သည် ဝိညာဉ်ဆိုတာပဲ ဖြစ်သည်။

ပထမတော့ ပွဲထောင်နောက်မှ ဒေါ်သတကြီး ပြေးလိုက်လာသော ကျော်မြင့်သည် အသက်ထွက်သွားသောကြောင့်သာ ဝိညာဉ်က ရေပေါ်မှာ ပြေးလိုက်လာသည်ဟု ထင်သည်။ သို့သော် ကျော်မြင့်သည် သူ့ရင်ခွင်ထဲတွင် အသက်ရှူလျက် ရှိနေဆဲ။ အသက်နှင့်ခန္ဓာ တွဲလျက်ရှိနေဆဲမဟုတ်လား။ အသက်မသေသေး။ ဝိညာဉ်မချုပ်ငြိမ်းသေးချေ။

အဘယ်ကြောင့် ကျော်မြင့်၏ ခန္ဓာကိုယ်ပွားတစ်ခုသည် နောက်မှ တကောက်ကောက် လိုက်ပါနေရသနည်း။ သေကောင်ပေါင်းလဲ ဒဏ်ရာကြားမှ စိတ်တန်ခိုးပေလော။

ကျော်မြင့်သည် တစ်ချက် တစ်ချက် အကြောဆွဲသလိုဖြစ်ကာ ပါးစပ်က ကုန်းပေါ်ရောက် ငါးတစ်ကောင်လို ဖြစ်နေသေးသည်။ ဟစိ ဟစိဖြင့် အသက်ကို ချုပ်တည်းကာ လေကို ခက်ခက်ခဲခဲ ရှူနေရလေပြီ။ အခြေအနေမကောင်း။ ကျော်တင့်က ရိပ်မိလာသည်။

တစ္ဆေသရဲတို့သည် လူသားဝိညာဉ် ချုပ်ငြိမ်းပြီးမှသာ ဘဝကူးသွားကြသည်။ မိမိတို့၏ ကုသိုလ် အကုသိုလ် အလိုက်အထိုက်





တန်သည့်ဘုံဘဝကို ရောက်ကြသည် မဟုတ်ပါလား။ ကျော်မြင့်၏ ဝိညာဉ်သည် တစ္ဆေသရဲ ဖြစ်သွားသည်ဆိုလျှင် သူတစ်ယောက်တည်းသာ မြင်ရမည်။ ယခုတော့ သည်လိုမဟုတ်။ ပွဲထောင်သမားပါ မြင်နေရသည်က ဆန်းကြယ်လှသည်။

သည်လိုနှင့် ပွဲထောင်သည် မြို့အဝင်ဆိပ်ကမ်းရှိရာသို့ တဖြည်းဖြည်း နီးကပ်လာချေပြီကော။

ညနေချမ်းသည် လျင်မြန်စွာ ဆိုက်ရောက်လာခဲ့သည်။

ပွဲထောင်သမားသည် စက်ကို အနည်းငယ်မျှ အရှိန်လျှော့ကာ ကမ်းနှင့်ကပ်လျက် မောင်းလာသည်။

လူနာ၏ အခြေအနေသည် မကောင်း။ မျက်နှာပြင်တစ်ခုလုံး သွေးဆုတ်ကာ ဖြူဖွေးဖျော့တော့လာလေပြီ။

“အစ်ကို…ဆေးရုံရောက်တော့မယ်၊ အားတင်းထားနော်၊ ပြီးတော့ ကမ်းပါးပေါ်မှာ ထုံးဖြူဖြူစေတီကလေးရှိတယ်၊ အောင်စကြာဘုရားလေ၊ အစ်ကို သိပါတယ်၊ ပွဲထောင်က ဘုရားနားကို ရောက်လာပြီ အစ်ကို၊ ဘုရားဂုဏ်တော်ကို အာရုံပြုထားပေါ့၊ အစ်ကို စိတ်ကို တင်းထားနော်၊ စိတ်ကိုတင်းထားပါ”

ကျော်တင့်သည် မျက်ရည်ကျကာ ၂၄ ပစ္စည်းကို ခပ်တိုးတိုးရွတ်လေသည်။ ပွဲထောင်စက်လှေမှ စက်သံညက်ညက် ထွက်ပေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟေတုပစ္စယော အာရမ္မဏပစ္စယော
အဓိပတိပစ္စယော အနန္တရပစ္စယော
သမနန္တရပစ္စယော..."

ကျော်တင့်သည် ၂၄ ပစ္စည်းကို ရွတ်နေဆဲမှာပင် မြစ်ကမ်းစပ်သစ်ပင်ကြီးများပေါ်မှ ဗျိုင်းများသည် တောင်ပံခတ်သံ တဖျပ်ဖျပ်ဖြင့် ရုတ်တရက် ထပျံလာကြသည်။ ဖြူဖွေးဖွေး ဧရာမဗျိုင်းငှက်ကြီးဆယ့်ငါးကောင်ခန့်သည် ပွဲထောင်ပေါ် ခပ်နိမ့်နိမ့် ပျံဝဲကာ အော်ဟစ်မြည်တွန်လျက် စက်ဝိုင်းသဏ္ဌာန် ပျံသန်းနေကြသည်။

ပွဲထောင်ပေါ်မှ လူများသည် ဦးခေါင်းထက် ခပ်နိမ့်နိမ့်မှ ပျံသန်းနေကြသော ဗျိုင်းငှက်ကြီးများကို တအံ့တဩ ငေးကြည့်နေကြသည်။

"ထူးဆန်းလိုက်တာ"

ထိုစဉ် အနောက်ဘက် တိမ်တောက်နေသော အဝါရောင်ကောင်းကင်ကို နောက်ခံပြုကာ ဧရာမငှက်ကြီးတစ်ကောင် ရုတ်တရက်ရောက်လာသည်။ မြင်ကွင်းတွင်းသို့ ထင်ထင်ရှားရှား ရောက်လာလေငှက်ကြီး၏ သဏ္ဌာန်မှာ ထင်ထင်ရှားရှား ဖြစ်လာလေပင်။ မြင်လိုက်ရသည့်ငှက်ကြီး၏ သဏ္ဌာန်ကား အနက်ရောင်ငှက်ကြီးတစ်ကောင်ပင်။





တစ်ကိုယ်လုံး နက်မှောင်နေကာ နှုတ်သီးအနီရဲရဲ ဖြစ်သည်။ ပုံသဏ္ဌာန်မှာ ကြက်တူရွေး အနက်ရောင်ကြီးနှင့် တူသည်။ သို့သော် ကြက်တူရွေးလို အရွယ်မဟုတ်။ သာမန်ကြက်တူရွေးထက် ငါးဆခန့်ကြီးသောငှက်ကြီးဖြစ်သည်။ ငှက်ကြီးသည် အနက်ရောင် အမွေးအတောင်များဖြင့် တဂီးဂီးမြည်ကာ ပွဲထောင်ပေါ်မှာ ရဲဝံ့စွာ ပျံသန်းလှည့်ပတ်နေခြင်းပင်။ ထိုအခါ ပထမဦးစွာ ပျံသန်းနေသော ဗျိုင်းငှက်များသည် ဆက်လက်မပျံသန်းတော့ဘဲ အရှေ့ဘက်ဆီသို့ အုပ်စုလိုက် ပျံသန်းထွက်ခွာသွားတော့သည်။ ငှက်မည်းကြီးတစ်ကောင်တည်းသာ ဆက်၍ဝဲပျံနေလေသည်။

ငှက်မည်းကြီးသည် တခြားနေရာသို့ ပျံသန်းခြင်းမပြုဘဲပွဲထောင်သမ္မာန်ပေါ်တွင်သာ စက်ဝိုင်းသဏ္ဌာန် လှည့်လည်ဝဲပျံနေခြင်းပင်။ သမ္မာန်ပေါ်မှ လူများကလည်း တအံ့တဩ ဖြစ်လာကြလေပြီ။ ထိုငှက်ကြီး မည်သည့်နေရာက ရောက်လာလေသနည်း။

"ဂီး...ဂီး...ဂီး"

ငှက်မည်းကြီးဆီမှ စူးရှကျယ်လောင်သော အော်ဟစ်လိုက်သံ။ ကျော်တင့်သည် သူ့အစ်ကိုခန္ဓာကိုယ်ကို ဖက်တွယ်ထားရာမှ တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ တဖြန်းဖြန်းဖြစ်လာပြီး ကျော်မြင့်၏ခန္ဓာကိုယ်သည် ဆတ်ကနဲ တွန့်ခါသွားလေသည်။ ထို့နောက် ခေါ်ခွေ



www.burmeseclassic.com

www.burmeseclassic.com



ကျသွားတော့သည်။ မေးတစ်ချက် ထိုးသွားသည်။

ကျော်တင့်သည် ထိုအခါကျမှ ငိုသံပါကြီးဖြင့်...

"အဖေ..အဖေ..အစ်ကို ဆုံးသွားပြီဗျ၊ ဟီး..ဟီး..ဟီး.."

ထိုအခါကျမှ ပွဲထောင်ပေါ် ပါလာသူများ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ပွဲထောင်သမားသည် စက်ကိုသတ်လိုက်၏။ ကောင်းကင်ပေါ်တွင် ဝဲပျံနေသော အနက်ရောင်ငှက်ကြီးလည်း ရုတ်တရက် ပျောက်ကွယ်သွားလေပြီတကား။

× × ×

အထက်ပါဖြစ်စဉ်သည် out of body experience ခန္ဓာကိုယ်ပြင်ပအတွေ့အကြုံဖြစ်သည့် လိပ်ပြာလွင့်ခြင်းဖြစ်သည်။ အကြမ်းအားဖြင့် ရုပ်ခန္ဓာထဲမှ ခန္ဓာကိုယ်ပြင်ပသို့ လိပ်ပြာခန္ဓာ ထွက်သွားသော အတွေ့အကြုံ၊ ရုပ်ခန္ဓာကိုယ်နှင့် တွေ့ရသော အတွေ့အကြုံ စသည်ဖြင့် ဖြစ်သည်။ လိပ်ပြာလွင့်ရာတွင် မိမိတစ်ယောက်တည်း နှစ်နေရာတွင် ပြိုင်တူရောက်နေခြင်း၊ မိမိရုပ်ခန္ဓာကို မိမိလိပ်ပြာခန္ဓာက ပြန်မြင်ရခြင်းဟူ၍လည်း နှစ်မျိုးရှိသည်။

ဥပမာ-၁၉၀၈ ခုနှစ်က ဖြစ်သည်။ ဗြိတိသျှလွှတ်တော်တွင်





တွင် အမတ် ဆာကာနေရုပ်ချ်သည် တုပ်ကွေးအပြင်းဖျားနေသဖြင့် လွှတ်တော်သို့ မတက်ရောက်နိုင်ပေ။ လွှတ်တော်တွင် အမတ်များသည် ကိစ္စတစ်ခုအတွက် အရေးတကြီး အခြေအတင် ပြောနေကြခြင်းဖြစ်သည်။ ရုပ်ချ်သည် အစိုးရဘက်မှ ပါဝင်ကာ ဆွေးနွေးရန်ဖြစ်ပြီး ဆွေးနွေးရန် ဆန္ဒပြင်းပြနေသော်လည်း ကျန်းမာရေးကြောင့် လွှတ်တော် မတက်နိုင်အောင် သောကရောက်နေရသည်။

သို့သော် လွှတ်တော်ထဲတွင် ထိုင်နေကျနေရာ၌ ဆာကာနေရုပ်ချ်သည် ထိုင်နေသည်ကို အခြားမိတ်ဆွေ အမတ်သုံးဦးက မြင်တွေ့နေရသည်။ အဆိုပါ အမတ်သုံးဦးက ရုပ်ချ်အား လွှတ်တော်ထဲတွင် ထိုင်နေသည်ကို မြင်တွေ့နေချိန်တွင် ရုပ်ချ်သည် သူ့အိမ်တွင် အပြင်းဖျားကာ အိပ်ရာထဲတွင် လဲနေလေသည်။ ခန္ဓာကိုယ်က မည်သို့မျှ မလှုပ်ရှားနိုင်၊ မထနိုင်ဖြစ်နေသည့် အခြေအနေဖြစ်သည်။

ပညာရှင်များက ရုပ်ချ်ကိစ္စသည် လိပ်ပြာလွင့်ခြင်းဟု သတ်မှတ်သည်။ ရုပ်ချ်သည် ခန္ဓာကိုယ် အိပ်ရာထဲ လဲနေသော်လည်း လွှတ်တော်အစည်းအဝေးသို့ သူ၏ခန္ဓာကိုယ်မှ လိပ်ပြာထွက်ခွာသွားခြင်း ဖြစ်သည်။ လူတစ်ယောက်တည်း နှစ်နေရာရှိနေခြင်းမှာ တစ်နေရာတွင် ရုပ်ကြမ်းခန္ဓာကိုယ် ရှိနေပြီး အခြားတစ်နေရာတွင် ရုပ်နုလိပ်ပြာခန္ဓာကိုယ် ရှိနေခြင်း ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဆိုလျှင် သေငယ်ဇောဖြင့် မြောနေသည့် ကျော်မြင့်သည့် အခြားသော လိပ်ပြာခန္ဓာကိုယ်ရုပ်နှင့်ဖြင့် ပွဲထောင်နောက်မှ ထပ်ကြပ်မကွာ လိုက်လာခြင်းပင်။ မိမိကို ရန်ပြုသည့် သံတုတ်ကို လက်တုံ့ပြန်ရန် ဓားကိုင်ကာ လိပ်ပြာခန္ဓာက လိုက်လာခြင်းပေတကား။ သူသေဆုံးသွားမှသာ လိပ်ပြာခန္ဓာကိုယ်က ပျောက်ကွယ်သွားခြင်းပင်။

**မင်းဘုန်းသိခ်သူ**





# သွေးစုပ်သရဲနဲ့တစ်လှေတည်းစီးတစ်ခရီးတည်းသွား

ဒေအာင်မြတ်ဦး

(၁)

ဘတ်(စ်)ဘက်စ်လူဝီဟာနီသင်္ဘောကြီးက ဦးခိုက် ဖင်ထောင်နှင့် တဖြည်းဖြည်း နစ်မြုပ်နေပြီ။

"အား . . ."

"အမယ်လေး၊ လုပ်ကြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောပေါ်ရှိ လူများက ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေပြီ။ တွန်းထိုးကန်ကြောက်နှင့်။ မည်းနက်သော မီးခိုးနှင့် ဆီငွေ့တို့က အူထွက်နေ၏။ ပဲ့ပိုင်းတစ်ခုလုံးကမူ မီးဟုန်းဟုန်း ထနေ၏။

စင်စစ် သင်္ဘောကြီး "ပါကမို့ဆိပ်ကမ်း" မှ ထွက်လာခဲ့သည်မှာ နှစ်ရက်သာ ရှိသေး၏။ ယခု ငရဲကို မျက်နှာမူနေရပြီ။

သင်္ဘောပဲ့ပိုင်းမှ ထိုးထွက်နေသည့် ပန်ကာကြီးက ပျင်းရိစွာ လည်လျက်။ မြင်ကွင်းသည်လည်းကောင်း၊ ကြားရသည်မှာလည်းကောင်း ဘာမျှစိတ်ချမ်းမြေ့ဖွယ်မရှိ။

"ကယ်ကြပါ၊ ကယ်ကြပါ"

အသံသည် ပဲ့ပိုင်းကုန်းပတ်ဆီမှ ပေါ်လာ၏။ အသံက မိန်းမအသံဖြစ်သည်။

"ဝုန်း၊ ဒိုင်း"

ထိုစဉ် ပေါက်ကွဲသံတွေက အစီအရီ ပေါ်လာ၏။ သင်္ဘောတစ်ခုလုံးတွင် မီးခိုးမည်းမည်းတို့က လွှမ်းခြုံထား၏။ ထိုစဉ် ရေပြင်၌ သဏ္ဍာန်တစ်ခုကို မြင်ရ၏။ လှိုင်းလုံးတွေကြားမှ လူးလွန့်နေသည်။ လှေကလေး တစ်စီး။

ခုတော့ သင်္ဘောကြီးက ရေသချိုင်းထဲ၌ စုပ်စမြုပ်စ ပျောက်သွားပြီ။





"ဟင်း"

ခရိ(ဂ်)က သက်ပြင်းတစ်ချက် လေးကန်စွာ ချလိုက်သလို သူ့မျက်နှာချင်းဆိုင်တွင်ရှိသည့် ဟောလ်မင်းကမူ ခြောက်ခြောက်သွေ့သွေ့ ပြုံးလိုက်၏။

လှေဘလူးကတော့ ရပ်သွားပြီ ဆိုရမည်။ သို့ပါသော်လည်း လှေသည် လှိုင်းခေါင်းဖြူတို့ ရိုက်ပုတ်မှုဒဏ်ကြောင့် လူးနေ၏။ လေဆွဲရာသို့ ကြမ်းတမ်းစွာ လိုက်ပါနေရ၏။ ကော့မင်းက

"ငါတို့ အခြေအနေဆိုးတစ်ခုကတော့ လွန်မြောက်စပြုပြီလို့ ပြောရမယ် ခရိ(ဂ်)"

ဟု ပြောလိုက်၏။

ခရိ(ဂ်)က ဘာမှမပြော။ အင်္ကျီကိုချွတ်ကာ လှေနံရံ၌ လှားလိုက်၏။ သူ့ရင်ဘတ်ကျယ်ကြီးမှ နီကျင့်ကျင့် အမွေးတို့က နေရောင်အောက်တွင် ဖိတ်ဖိတ်လက်နေ၏။ ခရိ(ဂ်)က…

"ဒါထက် ခင်ဗျားက ဒီသင်္ဘောကပဲလား"

"ဟုတ်တယ်"

သူက ပြုံး၍…

"ကြည့်ရတာတော့ ခင်ဗျားက ပျော့သကိုပဲ၊ ကုန်းပတ်သင်္ဘောသားတော့ ဟုတ်ဟန်မတူဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ရာ သူက…

"ဟုတ်ပါ့ဗျာ၊ သိပ်မှန်တာပေါ့၊ ကျုပ်က ရေကြောင်းပြ အရာရှိလေ"

"ဒါဆို နိပ်တာပဲ၊ ကျုပ်တို့ ဒီလှေကလေးကို ကမ်းရောက်အောင် ရေကြောင်းပြနိုင်မယ်ထင်ရဲ့"

"မကြောင့်ကြပါနဲ့ဗျာ၊ ဒီရေကြောင်းက ကုန်သင်္ဘောတွေ သွားနေကျပါ၊ မကြာခင် သင်္ဘောတစ်စီးစီး တွေ့မှာပါ"

သူက ခေါင်းခါပြီး…

"ဒီကိစ္စက ခင်ဗျားပြောသလောက် လွယ်မယ်မထင်ဘူး ကိုယ့်လူ"

ဟု ပြောလိုက်၏။

× × ×

(၂)

"တစ်ခုတော့ ရှိသဗျ၊ သင်္ဘောမပျက်ခင် ကြိုတင်ပြီး ကြေးနန်းပို့နိုင်မယ်ထင်ရဲ့"

"မထင်ဘူး၊ ဆီတိုင်ကီပေါက်သွားတာက ရိမ်ဟာလက်ခက်





တည့်တည့်ကလေ"

ခရို(ဂ်)က စိတ်ပျက်လက်ပျက်နှင့် လှေနံရံကို ကျောမှီရင်း..

"အင်း ဘယ်စည်းကမ်းမရှိတဲ့ကောင်ကများ စီးကရက် သောက်ပြီး ပစ်ထားလဲ မသိဘူး"

ဟု ညည်းသလို ပြောသည်။

ဟောလ်မင်းက…

"စိတ်မပျက်ပါနဲ့ဗျာ၊ သင်္ဘောတစ်စီးစီးတော့ ကျိန်းသေတွေ့ မှာပါ"

ဟု ပြော၏။ ခရို(ဂ်)က…

"ဒီကြားထဲ ငတ်မသေဖို့တော့ အရေးကြီးတယ်နော်"

ဟု ဆို၏။

"ခင်ဗျားက ကုန်သင်္ဘောတွေအကြောင်း သိမထားဘူးဘဲ"

သူက မပြော။ ထိုစဉ် ဟောလ်မင်းက လှေအံဖုံးကို ဖွင့်လိုက် သည်။ ထိုအံဖုံးတွင်းမှ စားနပ်ရိက္ခာများကို ထုတ်ပြလိုက်သည်။

"ဒီမှာ

"ကြည့်ပါဦး"

"ဟာ"

ခရိုဂ် ပျော်သွား၏။ မှန်သည်။ အံဖုံးထဲ၌ ရေဘူးများ၊



www.burmeseclassic.com

www.burmeseclassic.com



ဘီစကစ်သေတ္တာများ၊ ဆားစိမ်အသားဘူး၊ ဖျော်ရည်ပုလင်းနှင့် သူနာပြု ကိရိယာ ဆေးဝါးစုံတကာ စေ့နေ၏။

"နှစ်ယောက်အတွက်တော့ ပူစရာမရှိပါဘူး၊ နောက်များ ရှိဦးမလား ကြည့်ပါဦး၊ တစ်ယောက်ယောက်ပေါ့"

ခရိဂ်က လူးလွန့်နေသည့် ရေလှိုင်းများကြားသို့ မျက်လုံးဝေ့ ရမ်းကြည့်လိုက်၏။ ပြီးတော့ ဦးခေါင်းကို လေးကန်စွာ ခါရမ်းလိုက် သည်။ ဟောလ်မင်းကမူ ငေးလျက် ရေပြင်၌ ဆီကွက်နှင့် မီးတောက် တို့ ရှိနေ၏။ အဝေးကိုမူ မမြင်ရတော့။

"ဘာပဲဖြစ်ဖြစ် ကျုပ်တို့ ငတ်မသေတော့ဘူးပေါ့၊ ဒါထက် ခင်ဗျားမှာကော ရင်းနှီးတဲ့မိတ်ဆွေ ရှိသေးလား"

"မရှိပါဘူး၊ ကျုပ်က အထီးကျန်လေ၊ သောက်တဲ့စားတဲ့ အခါကလွဲလို့ အဖော်မရှိပါဘူး"

ယခု သူတို့က နှစ်ယောက်တည်းရှိတော့ တစ်ဦးကို တစ်ဦး လေ့လာကြ၏။ ဟောလ်မင်းက သူ့အကြောင်းကို စတင်ပြော၏။

ဟောလ်မင်းက စွန့်စားရှာဖွေရင်း လေလွင့်နေသူဖြစ်ရာ အတော်များများကို ရောက်ဖူး၏။ အလုပ်ပေါင်းများစွာကိုလည်း လုပ် ကိုင်ဖူး၏။

"ကျုပ်က ဘရက်ရှေ့ဇ်မှာ မွေးတာမှန်ပေမယ့် ဆွေစဉ်





မျိုးဆက်တွေက ပေါက်လွတ်ပဲစားလို့ ပြောရမယ်၊ နောက်ကြောင်းတွေ ကလည်း မရှင်းလှပါဘူးလေ"

"စိတ်မပျက်နဲ့ ကိုယ့်လူ၊ ကျုပ်ဘဝကလည်း ခင်ဗျားနဲ့ မထူးလှဘူး၊ ကျုပ်က ဘတ်လန္တာဂျပိုရပ်ကွက်မှာ မွေးတာဖြစ်သလို ဘဝကလည်း ကြမ်းမှကြမ်း"

"ခက်တာက ခင်ဗျားခန္ဓာကိုယ်က အကြမ်းခံနိုင်လောက် အောင် မထွားကြိုင်းဘူးနော်"

ဟောလ်မင်းက ခရိဂ်၏ ခန္ဓာကိုယ်သွယ်သွယ်ကို ကြည့်ကာ ပြောလိုက်ခြင်း ဖြစ်သည်။ သူက လက်ခံပြုံး ပြုံးလိုက်၏။ ပြောရလျှင် ခရိဂ်ကိုယ်၌က ခန္ဓာကိုယ် သေးသွယ်သူဖြစ်သဖြင့် ထွားကြိုင်းသန်မာ သည့် ဟောလ်မင်းကို နှစ်သက်မိခြင်း ဖြစ်သည်။

သူက စကားဆက်၏။

"ပြောရရင် ကျုပ်က လူကောင်သေးတော့ ကစားခုန်စား ဖက်မှာလည်း သိပ်ပြီး မစွံလှဘူးလေ၊ ခွန်အားချင်း မယှဉ်နိုင်လို့ စာပဲဖတ်တယ်၊ ပြောရရင် ကျုပ်က နက္ခတ်တာရာကို ဝါသနာထုံတော့ လေ့လာရင်း ရေကြောင်းပြ ဖြစ်ခဲ့တာလေ၊ ပြောရရင် ရေတပ်ထဲဝင် တယ်၊ ထွက်ကရတော့လည်း ကုန်းပေါ်ပြန်မတက်ချင်ဘူး၊ အပြင် ပြာပြာကို စွဲမက်နေလို့ ကုန်သင်္ဘောတွေပေါ် လိုက်ခဲ့တ



www.burmeseclassic.com

www.burmeseclassic.com



ခရိဂ်က အင်မတန် အေးဆေးညင်းသာသည့် လေသံနှင့် စိတ်ပါလက်ပါ ပြောပြ၏။ သူတို့ခေါင်းပေါ်တွင် ဖင်ယော်ဖြူကြီး တစ်ကောင် ပျံဝဲနေသည်ကို တွေ့ရ၏။

× × ×

(၃)

"ကြည့်စမ်းပါဦးဗျာ၊ ကောင်းကင်ပြာပြာနဲ့ ဖင်ယော်ဖြူက ကြည့်မလှဘူးလား"

ခရိဂ်က ပြောလိုက်သည်။ သို့သော် ဟောလ်မင်းကမူ မျက်နှာကို ရှုံ့မဲ့ပြီး…

"ကျုပ်အမြင်မှာတော့ မလှဘူးဗျ၊ မုန်းစရာကောင်းနေတယ်၊ ခင်ဗျားကြည့်လေ၊ နှုတ်သီးက ရက်စက်တဲ့ အခြေအနေရှိပြီး မျက်လုံးက ယုတ်မာတဲ့အသွင် ဆောင်နေတယ်၊ ကျွန်တော့်အတွက်တော့ အလကားကောင်ပဲ"

ခရိဂ်က သက်ပြင်းရှိုက်ပြီး…

"ကဲပါလေ၊ ထားလိုက်ပါတော့၊ ကျွန်တော်တို့ ဗိုက်ဖြည့်ရအောင်၊ ပြီးတော့ ခင်ဗျားမျက်လုံးအောက်က ဒဏ်ရာလည်း ဆေးထည့်





လိုက်ဦး"

ဟု ပြော၏။

ဟောလ်မင်းက ခေါင်းခါပြီး ကျွန်တော့်အတွက် မပူနဲ့၊ ကျွန်တော် ဆာလည်း မဆာသေးဘူး"

ဟု ပြောရင်း ပါးပြင်းပေါ်သို့ စီးကျလာသည့် သွေးစများအား လျှာထုတ်ကာ လျက်နေ၏။

ထို့နောက် သူတို့သည် ကိုယ့်အတွေးနှင့်ကိုယ် ရှိ၏။ ခရိဂ်သည် သူတို့၏ ကုန်လွန်သွားသည့်ရက်များနှင့် ပတ်သက်၍ လေ့နံရံတွင် ဓားနှင့်ထစ်ကာ အမှတ်အသားပြုနေ၏။

ထို့အတူ ခရိဂ်၏ စိတ်ထဲ၌ ဟော်မင်းနှင့် ပတ်သက်၍ မရှင်းမလင်းလည်း ဖြစ်နေ၏။ သို့လော သို့လောလည်း တွေးနေမိ၏။

အဘယ်ကြောင့်ဆိုသော် ဟောလ်မင်းသည် သူ့အတွက် ချန်လှပ်ထားသည့် အစားအသောက်များအား တစ်ခါမျှ စားသည်မရှိ။ မတွေ့ရ။ ဖြစ်သင့်သည်မှာ ဟောလ်မင်းသည် လူကောင်ကြီးသလောက် အစားလည်း ကြီးသင့်၏။ ခုတော့ ခန္ဓာကိုယ်ကြီးထွားပုံနှင့် စားသောက်ပုံက ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်နေ၏။

"ခင်ဗျား ဘာမှ မစားဘူးလား"

ခရိဂ်က မေးလျှင်…



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က စားစရာကို ညကျမှ စားတယ်ဗျ"

ဟု ဆို၏။ သည်တော့ သူ့စိတ်ထဲ၌ စနိုးစနောင့် ဖြစ်ခဲ့ရ၏။ အစားအသောက်တွေကို စစ်ဆေးကြည့်တော့လည်း အရာမယွင်းချေ။

ဒါက တစ်နေ့မဟုတ်၊ နေ့ပေါင်းများစွာ။

ထိုအချိန်တွင် ခရိဂ်သည် ဟောလ်မင်းနှင့် ပတ်သက်၍ ထူးခြားချက်ကို တွေ့လာရ၏။

ဟောလ်မင်း၏ နှုတ်ခမ်းအထက်၌ ဓားချက်များက တိုး၍ တိုး၍လာ၏။

ယခုဆိုလျှင် ငါးရက်ရှိပြီ။

ခရိဂ်သည် မှန်မှန်စား၊ မှန်မှန်အိပ်နေသော်လည်း တဖြည်းဖြည်း နုံး၍လာ၏။ အင်အားယုတ်လျော့သလို ခံစားရ၏။ အစားအသောက်ကို ပို၍စားသော်လည်း အကြောင်းမထူးခဲ့ပေ။

ဟောလ်မင်းကမူ တစ်နေ့တခြား အင်အားတွေ တိုးနေ၏။ အမြဲတမ်း ရွှင်လန်းတက်ကြွပြီး သာယာသလိုရှိနေ၏။ အရွန်းအဖောက် တွေနှင့် စကားလည်း ဝေဝေဆာဆာ ပြောနေ၏။

တစ်နေ့ ခရိဂ်က...

"နေပါဦး၊ ခင်ဗျား အစားအသောက်လည်း သိပ်မစားဘူး၊ ခင်ဗျား ကျွန်တော့်အတွက် အနစ်နာခံနေတာလား၊ ဒါဆိုရင်တော့





ကျွန်တော် လက်မခံဘူးနော်"

"နိုး...နိုး၊ မဟုတ်ဘူး"

"ဒါဆို အစားအသောက်တွေက ဘာလို့မလျော့တာလဲ"

ဟောလ်မင်းက တည်ငြိမ်စွာပြုံးပြီး...

"တကယ်တော့ ကျုပ်အစာအိမ်က အနုတ်လက္ခဏာ ပြနေတယ်လေ၊ မကောင်းဘူး၊ ဒါကြောင့် မစားနိုင်တာပါ၊ ယုံပါ"

ဟု ပြော၏။

× × ×

(၄)

လှေနံရံတွင် ဓားထစ်ရာတစ်ချက် တိုးခဲ့ပြီ။

ခရိဂ်ကမူ အံ့သြနားမလည်မှုများစွာကို ခံစားနေရ၏။ သူက တစ်ရက်ထက် တစ်ရက် အားအင်တွေ လျော့ပါးလာသည်ကို ရိပ်မိနေသည်။

သူသည် လှေဦးတွင် ခြေပစ်လက်ပစ် ပက်လက်လှန် လှဲလိုက်၏။ မျက်လုံးကို မှေးကာနေသဖြင့် ပတ်ဝန်းကျင်သည် မှုန်ဝါး မှိုင်းပျနေ၏။

လှေဘေးသို့ လက်ချကာ ရေနှင့်ထိတွေ့လိုက်၏။ ထိုအခါ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ ငမန်းတစ်ကောင်နှင့် ထိတွေ့မိသလို ခံစားရ၏။ သူက လက်ကို ပြန်ရုတ်ပြီး…

"ငမန်းတွေသဘာဝက ဆန်းတယ်နော်၊ သူတို့က လုပယက်တယ်၊ သတ်ဖြတ်တယ်၊ …ကို ရက်စက်ကြပေမယ့် သူတို့ရဲ့အစာတွေအတွက် ဘာတစ်ခုမှ အကျိုးပြုတာ မဟုတ်ဘူး၊ တစ်ခုရှိတာက သူတို့ထက် အင်အားကြီးမားသူနဲ့ တွေ့ရင်တော့ အစဝေးခံလိုက်ကြတာပဲ၊ ပြောရရင် ကမ္ဘာကြီးက သူနိုင် . ကိုယ်နိုင် တိုက်ပွဲတွေနဲ့ ပြည့်နေတယ်၊ ကောင်းကွက်ကို မရှိဘူး"

ခရိဂ်က ပြုံးပြီး…

"ခင်ဗျားက ကမ္ဘာကြီးမှာ လူသားတွေကော ဒီလိုပဲလို့ ဆိုချင်တာလား"

ဟု မေးသည်။ သည်တစ်ခါ ဟောလ်မင်းက စိတ်ပျက်လက်ပျက်နှင့်…

"ကျုပ်ကတော့ လူတွေက ကမ္ဘာပေါ်မှာ အဆိုးဆုံးလို့ထင်တယ်"

ဟု ပြောလိုက်၏။

× × ×

ခားရာ ခုနစ်ချက် တွေ့ရသဖြင့် ၇ ရက်ဟု သိလိုက်သည်။





ထိုရက်များအတွင်း ဟောလ်မင်းနှင့် ပတ်သက်၍ သေချာစွာ သိလိုက်ရသည်မှာ သူ အစား လုံးဝမစားဟူသည့်အချက် ဖြစ်သည်။

ထို့အတူ ၉ ရက်မြောက် ရှိလာသည့်အခါ ဟောလ်မင်းသည် အစားမစား မဟုတ်။ အစား စားကြောင်း ရိပ်မိခဲ့သည်။ တစ်ခုရှိသည်က သူစားသည့် အစားအစာသည် ခရိဂ်စားသည့် အစားအစာမျိုး မဟုတ်။

မှတ်မိနေသေး၏။ ထိုညက ပင်လယ်ပြင်သည် ပို၍ကြမ်းတမ်းနေ၏။ လှိုင်းလုံးတွေက လှေနံရံကို ဝုန်းကနဲ ဝုန်းကနဲ ရိုက်နေ၏။

ခရိဂ်သည် ထိုအသံကြောင့် အိပ်နေရာမှ လန့်နိုးလာသည်။ သူလန့်နိုးစဉ် သူ့အနီး၌ တစ်စုံတစ်ဦး နီးနီးကပ်ကပ် ရှိနေသလို ခံစားရ၏။

သူ လေးလံသောမျက်လုံးကို အားယူဖွင့်လိုက်၏။ သူ့ကိုယ်ပေါ်မှ ကုန်းကုန်းကြီး မိုးရပ်နေသော ဟောလ်မင်းကို တွေ့လိုက်ရ၏။ အရိပ်မည်းကြီးလိုလို။

"အား··အား···အမယ်လေး"

သူ အော်လိုက်၏။ ဟောလ်မင်းက…

"ဘယ်လိုဖြစ်တာလဲ မိတ်ဆွေ၊ ခင်ဗျား အိပ်နေရင်း အော်နေပါလား၊ ခင်ဗျား အိပ်မက်ဆိုးတွေ မက်နေပြီထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ မဟုတ်ဘူး၊ ကျွန်တော့်လည်မျိုမှာ ပူသလိုပဲ"

"အို..မဟုတ်ပါဘူး၊ ခင်ဗျား စိတ်ထင်လို့နေမှာပါ၊ ပင်လယ်ရေထိပြီး လေစိမ်းတိုက်ခံရလို့နဲ့တူတယ်၊ မနက်ဖြန်ဆို ကောင်းသွားမှာပါ"

"ကျွန်တော့်စိတ်ထဲမှာ ကျွန်တော် သေရမယ်လို့ ထင်နေတယ်"

"အို...မဟုတ်သေးပါဘူး၊ ခင်ဗျား သေလို့ဘယ်ဖြစ်မလဲ၊ ခင်ဗျားသေရင် ကျုပ်လည်း သေမှာ"

ခရိဂ် မပြောတော့။ ခဏမှိန်းနေလိုက်၏။ ဟောလ်မင်း ပြောစကားတွေက အဓိပ္ပာယ်သက်ရောက်မှုရှိသည်ဟု သိနေသလို ခံစားရသည်။

သည်အဓိပ္ပာယ်ကို ဖော်ထုတ်နိုင်ဖို့ သူ အပြင်းအထန် ကြိုးစားရပြီ။ နောက်ဆုံး အဖြေက ရုတ်ချည်းတိုးဝင်လာခဲ့ပြီ။

သူသိလိုက်သည်။ သူ အားယူထလိုက်၏။

"ဟောလ်မင်း ကျုပ်ပြောမယ်၊ ခင်ဗျား မလိမ်နဲ့၊ ခင်ဗျား သွေးစုပ်ကောင် မဟုတ်လား"

ဘာမျှပြန်မပြောပါ။ ခပ်အုပ်အုပ် ရယ်၏။ သည်အခါ ခရိဂ်က မာထန်သောအသံဖြင့်...





"ဟောလ်မင်း၊ ကျုပ်မေးတာ ဖြေလေ၊ ခင်ဗျား သွေးစုပ်ကောင် မဟုတ်လား"

"ဟုတ်တယ် မိတ်ဆွေ၊ ကျွန်တော် သွေးစုပ်ကောင်ပဲ"

ဟောလ်မင်းက ခပ်အေးအေး ဖြေလိုက်၏။ ခရိဂ်ကမူ အရုပ်ကြိုးပြတ် ဖြစ်သွား၏။

သူ သတိရလာသည့်အခါ နံနက်ခင်း နေခြည်နွေးနွေးက သူ့မျက်နှာပေါ်သို့ ထိုးကျလာ၏။ သူ့နားစည်တွင်းသို့ ရာဇာတစ်ပုဒ်အား လေချွန်ညည်းနေသံ ကြားရ၏။ လေချွန်နေသူက ဟောလ်မင်းဖြစ်၏။ ခရိဂ် လန့်နိုးနေသည်ကို မြင်လျှင် ဟာလ်မင်း လေချွန်ခြင်းကို ရပ်လိုက်သည်။

"မင်္ဂလာနံနက်ခင်းပါ မိတ်ဆွေ၊ ဘယ့်နှယ်လဲ၊ ခင်ဗျား ကောင်းကောင်းအနားယူပြီးပြီနော်"

ခရိဂ်က ဘာမှပြန်မပြောဘဲ ခပ်စိမ်းစိမ်း ကြည့်နေ၏။ ဟောလ်မင်းက...

"ဟေ့လူ၊ ခင်ဗျား ဒီလိုမကြည့်နဲ့လေ၊ ကျုပ် မနေတတ်ဘူး၊ တကယ်တော့ ကျုပ် ခင်ဗျားကို ဒုက္ခပေးတာလည်း မဟုတ်ဘူးလေ၊ ပြီးတော့ ကျုပ်ဟာ လူဝံပုလွေတစ်ကောင်မို့ ခင်ဗျားအတွက် အခြေအနေ ဆိုးမသွားနိုင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဧ၏။

ခရိုဂ်က ဘာမှမပြောပါ။ ဟောလ်မင်းက…

"တကယ်တော့ လောကမှာ ဆန်းကြယ်မှုဆိုတာ ဘာမှမရှိဘူး၊ လူကနေ ခြင်္သေ့တို့ ဝံပုလွေတို့ ရှိတာလည်း ရှိတယ်၊ ပျံနေတဲ့ ခင်ယော်တွေ၊ ငမန်းတွေ ဆိုတာလည်း ရှိတာပဲ၊ တကယ်ပြောတာဗျ၊ ကျုပ် ပဲရစ်မှာနေတုန်းက နေ့ဘက်မှာ လူ၊ ညဘက်မှာ ဝံပုလွေဖြစ်တဲ့ မိန်းမတစ်ယောက်နဲ့ သုံးလတောင် အတူနေဖူးတယ်"

ခရိုဂ် စိတ်ပျက်သွားမိသည်။ ဟောလ်မင်း၏ ဘဝမှန်ကိုလည်း နားလည်ရိပ်စားမိသွားသည်။ သူကမူ မလုံမလဲဖြင့် စကားတွေ ဖောင်လောက်အောင်ပြောပြီး ဖာထေးနေ၏။

× × ×

(၅)

ခရိုဂ်သည် သည်းမခံနိုင်တော့။ သူ့ကို ဆတ်ကနဲ ကြည့်လိုက်သည်။

"တော်တော့ ကိုယ့်လူ၊ ခင်ဗျား အပိုတွေပြောမနေနဲ့၊ ခုပဲ လင်းနို့အသွင်ပြောင်းပြီး ကျုပ်နားက ထွက်သွားတော့၊ ခင်ဗျား အတွက်





ကျုပ်သွေးတွေနဲ့ ခင်ဗျား ဝမ်းပြည့်နေပြီ"

ဟု ပြောလိုက်ပြီး လှေဦးထဲ၌ ပြန်လှဲအိပ်လိုက်သည်။

ဟော်လ်မင်းက လေသံအေးအေးဖြင့်…

"ခင်ဗျား အတွေးမှားနေပြီ မိတ်ဆွေ၊ ကျုပ်မှာ ဘယ်လို လင်းနို့အသွင် ပြောင်းနိုင်တဲ့သတ္တိရှိမှာလဲ၊ ဒါပေမယ့် ခင်ဗျား နားလည်ထားရမှာက တချို့ဟာတွေက ယုံကြည်မှုတွေ၊ စွဲလန်းမှုတွေပါ၊ ဒါကြောင့် ကျုပ်အဘိုးဟာ ရင်ဝမှာ တံစို့အရိုက်ခံရပြီး သေရတယ်၊ ဒါဟာ ခင်ဗျားတို့လို အယူသီးသူတွေကြောင့်ပဲ"

သူ၏လေသံမှာ ကြေကွဲမှု၊ ဝမ်းနည်းမှု ဒေါသတွေ ပြန်းတီးနေသည်။

"ခင်ဗျား ယုံပါဗျာ၊ ကျွန်တော်တို့လို သွေးစုပ်သူတွေအနေနဲ့ကတော့ ဒီလိုအယူသီး အသိကင်းမဲ့သူတွေက ကျွန်တော့်ကို ကြောက်တာထက် ကျွန်တော်က အဲဒီလိုလူမျိုးကို ပိုကြောက်တယ်"

"တော်ပြီ၊ ခင်ဗျား ဘာမှမပြောနဲ့၊ ကျွန်တော့်အနားလည်း မကပ်နဲ့၊ မထိနဲ့"

"ဒီလိုတော့ မဖြစ်ဘူးလေ"

ခရိုဂ်က သူ့ကိုကြည့်ပြီး…

"ဒီမှာ ကိုယ့်လူ၊ ခင်ဗျားကို ကျုပ်တိုက်ခိုက်နိုင်သေးတယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



တာ မမေ့နဲ့"

ဟု ပြောလိုက်၏။ ဟောလ်မင်းက. . .

"ခင်ဗျား ပြောတာပါ၊ ဒါပေမဲ့ ခင်ဗျားမှာ ထင်သလောက် အားမရှိတော့ဘူး၊ ပြောရရင် သာမန်အချိန်မှာတောင် ခင်ဗျား ကျွန်တော့်ကို မသတ်ပုတ်နိုင်ဘူးလေ"

"ဒါဆို ရေထဲခုန်ချပစ်လိုက်မယ်ဗျာ"

"နိုး၊ နိုး၊ ဒါတော့ ကျုပ် လုံးဝခွင့်ပြုမှာ မဟုတ်ဘူး၊ ဒီမှာ ခရိုက်၊ ခင်ဗျား သေသေချာချာ စဉ်းစားပြီး နားလည်မှုယူစမ်းပါ၊ မဖြစ်နိုင်တာတွေ စဉ်းစားမနေနဲ့၊ ကျုပ်က နေ့ပိုင်း ခင်ဗျားကို ခင်ဗျား ကြိုက်တဲ့အစာ ကျွေးမယ်၊ ညကျတော့ ခင်ဗျားက ကျွေးပေါ့၊ ဒါဟာ မျှတတဲ့ အစီအစဉ်ပါ၊ ဘယ်လိုလဲ"

"တိရစ္ဆာန်၊ မင်းဟာ တိရစ္ဆာန်ပဲ၊ ကျုပ် လက်မခံဘူး"

"ကဲပါလေ၊ ပြောချင်တာပြော၊ ခင်ဗျားက ကျုပ်တို့ကို တိရစ္ဆာန်လို့ ပြောတယ်၊ ခင်ဗျားတို့လူတွေကကော သက်ရှိသတ္တဝါတွေကို မီးဖုတ်မစားဘူးလား"

× × ×

ထို့နောက် သူတို့ဘဝသည် သွေးစုပ်သူနှင့် သွေးစုပ်ခံရသူများ





ဖြစ်သွားခဲ့သည်။ သို့သော် ဤဘဝသို့ လွယ်လွယ်ရောက်ရှိခြင်းမူ မဟုတ်။

ဟောလ်မင်းက လှေပေါ်ရှိ အစားအစာမှန်သမျှအား လက်ဝါးကြီးအုပ် အကြွပ်ကိုင်သဖြင့် သူလက်လျှော့လိုက်ရ၏။ ဤသို့ဖြင့် ခရိုက်သည် ရှုမေနီယန် သွေးစုပ်ကောင်ကို အံတုနိုင်စွမ်းမရှိသည့်ဘဝ ရောက်သွားခဲ့သည်။ တကယ်တော့ လူသည် ငတ်ပြတ်၍ အသေမခံနိုင်။

ဤသို့ဖြင့် ခရိုက်သည် ဟောလ်မင်းဆန္ဒကို လိုက်လျောလိုက်ရ၏။

သို့နှယ်ပင် ထိုသွေးစုပ်ခံရခြင်းသည် ထင်သလောက် အခံရမဆိုးကြောင်းလည်း သိသွားခဲ့၏။ လည်မျိုသို့ ချွန်ထက်သော စွယ်သွားများနှင့် ထိုးဖောက်စဉ် ဆစ်ကနဲ နာပြီးနောက် ဘိန်းမူးသလို ဖြစ်သွားသည်။ စိတ်ညို့ခံရသူနှယ် ဖြစ်သွားသည်။

ထိုစွယ်သွားကို့သည် မေ့ဆေးတစ်မျိုး သို့မဟုတ် အဆိပ်အတောက်လည်း ပါဟန်ရှိ၏။ အဘယ်ကြောင့်မူ မသိ။ ကြာတော့ သွေးစုပ်ခံရသည်ကိုပင် သာယာလာမိ၏။ သာယာသလို တောင့်တသလိုနှင့်။

ခုတော့ ဟောလ်မင်းကိုလည်း မကြောက်တော့။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ သူက…

“ပြောစမ်းပါဗျာ၊ ခင်ဗျား ဘယ်လိုသွေးစုပ်ကောင် ဖြစ်လာလဲ”

“တကယ်တော့ ကျွန်တော်တို့ဟာ သွေးစုပ်ကောင်မျိုးဗျ၊ ဘယ်လိုအခြေခံတယ်၊ ဘယ်လိုစဖြစ်တယ်ဆိုတာတော့ မသိဘူး၊ ကျွန်တော် သိတာကတော့ ကျွန်တော်တို့ဟာ ကံဆိုးသူတွေ၊ ခန္ဓာကိုယ် အတွင်းပိုင်း ဖွဲ့စည်းပုံ ခြားနားသူလည်း ဖြစ်နိုင်တယ်၊ ဘာပဲဖြစ်ဖြစ် လူ့ပတ်ဝန်းကျင်မှာ ကျွန်တော်တို့ဟာ စက်ဆုပ်စရာလူ ဖြစ်ခဲ့တယ်၊ အမှုင်လတ်လတ် အသတ်ခံရတယ်၊ ရင်နာစရာပဲ”

သို့နှင့် သူတို့နှစ်ဦးသည် ပင်လယ်တွင်း၌ အချိန်အတော်ကြာသွားခဲ့သည်။ ထို့အတူ အစားအသောက် ရိက္ခာတွေလည်း ကုန်သွားခဲ့သည်။ တစ်နေ့ ဟာလ်မင်းက…

“ခရိုဂ် စိတ်မကောင်းစရာပဲဗျာ၊ စားစရာတွေ ကုန်သွားပြီ၊ ခင်ဗျားအတွက် ရိက္ခာပြတ်သလို ကျုပ်အတွက်လည်း ဘာထူးလဲ၊ ဟာလ် ရိက္ခာပြတ်ပြီပေါ့”

“ဒီအတွက် မပူပါနဲ့ မိတ်ဆွေ၊ ကျုပ်ကိုယ်တိုင်လည်း ဒါတွေ စားချင်စိတ် မရှိတော့ပါဘူး၊ ဆာလည်း မဆာ၊ စားလည်း မစားချင်ဘူး”

ဟောလ်မင်း သက်ပြင်းချလိုက်သည်။ ထိုစဉ် ထူးခြားသော





မြင်ကွင်းတစ်ခုကို တွေ့လိုက်ရ၏။ ဟောလ်မင်းက ခရိုဂ်ကို တွဲမကာ မီးခိုးလာရာကို ပြသည်။ သင်္ဘောတစ်စင်း လာနေပြီ။

“ကဲ…မိတ်ဆွေ၊ ကျုပ်တို့ရဲ့ အိပ်မက်ဆိုးကြီးက ရုန်းထွက်နိုင်ခဲ့ပြီ၊ ကျွန်တော်တို့ တခြားလူတွေနဲ့ မဆုံခင်”

ဟု ပြောရင်း ဟောလ်မင်းက ခရိုဂ်၏ လည်မျိုကို ကုန်း၍ စုပ်လိုက်၏။

သင်္ဘောကိုလည်း မြင်ရပြီ။

ထိုစဉ် ခရိုဂ် ကုန်းထလိုက်သည်။ သူသည် အားအင်တွေ ပြည့်ဖြိုးလာသကိုး။ သူ ကုန်းထလိုက်စဉ် ဟောလ်မင်းနှင့် ထိခိုက်မိပြီး ခြေလွတ်လက်လွတ် ရေထဲကျသွားခဲ့သလို ငါးမန်းစာ ဖြစ်သွားခဲ့သည်။

သည်တော့ သူစိတ်မကောင်းပါ။

“ငါ မင်းအတွက် စိတ်မကောင်းဘူး ဟောလ်မင်း”

ခရိုဂ် ဤသို့ပြောပြီး အားပါးတရ ငိုချလိုက်သည်။

ထို့နောက် သူ သင်္ဘောကို ငေးကြည့်နေ၏။ သင်္ဘောပေါ်တွင် သန့်မာသော လူပေါင်းများစွာ ပါလာလိမ့်မည်။ သူတို့သည် တစ်နေကုန် ပင်ပန်းသဖြင့် ညဆို အိပ်မောကျနေလိမ့်မည်။

သူ…သူက…။

ယခုမူ ခရိုဂ်သည် ဟောလ်မင်း၏ ညပေါင်းများစွာ သွေးစုပ်



www.burmeseclassic.com

www.burmeseclassic.com



ခံခဲ့ရသဖြင့် သူလည်း သွေးစုပ်ကောင် ဖြစ်နေပြီ။

ဟောလ်မင်း၏ ကြိမ်ဖန်များစွာ ခံရပြီး သွေးစုပ်ကောင် စွယ်သွားမှ တစ်ဆင့်ရယူခဲ့သည့် အဆိပ်အတောက်တို့က သူ့သွေးထဲ၌ ပျံ့နှံ့နေပြီ။ သူသည် ထိုအဆိပ်များကြောင့် သွေးစုပ်ကောင် ဖြစ်ခဲ့ပြီ။

သူသည် သဘော်ကို ကြည့်ရင်း နှုတ်ခမ်းကို လျှာနှင့် ပွတ်တိုက်လိုက်ရာ ခပ်မြမြလေး ချွန်ထက်နေသည့် သူ့စွယ်သွားကလေးကို သတိထားမိလိုက်သည်။

**အောင်မြတ်ဦး**

(မြန်မာပြန်သည်)

Share Alike

by

Jcromne Boxby

and

Joe E. Dean

ကို ပြန်ဆိုသည်။






ဒီကိစ္စကဝေးဝေးလံလံမှာဖြစ်ခဲ့တာမဟုတ်ဘူးဗျ။ ကျုပ်တို့ ရွာကနေ နာရီဝက်လောက်လမ်းလျှောက်ရင်ရောက်တဲ့ မီးလောင်ပုန်း မှာတင်ဖြစ်ခဲ့တာဗျို့။



www.burmeseclassic.com

www.burmeseclassic.com



မီးလောင်ကုန်းဆိုတာ ခင်ဗျားသိပါတယ်။ 'မဖဲဝါနေတဲ့အိမ်' မှာ မီးလောင်ကုန်းအကြောင်းကျုပ်ရေးခဲ့တယ်လေဗျာ။

ကျုပ်ကိုလာခေါ်တာက အရီးစိန်ရှုန်ဗျ။ သူ့သားချက်ဖောင်းက လှည်းမောင်းလို့လေဗျာ။ အရီးစိန်ရှုန်ကမှုဆိုးမပူပူနွေးနွေးဗျ။ အရီးယောက်ျား ဘိုးညွန့်ဆုံးသွားတာရက်လည်ရုံပဲရှိသေးတာမျို့။ ကျုပ်လည်း သတင်းတွေကြားသင့်သလောက်တော့ကြားပြီးပြီပေါ့ဗျာ။

"ဘယ်လိုများဖြစ်ရတာတုန်း အရီးရာ"

ကျုပ်ကအရီးစိန်ရှုန်ကိုမေးကြည့်တော့..၊

"ငါတော့မပြောချင်တော့ပါဘူးတာတေရယ်၊ တစ်အိမ်လုံးကို အုံးဆန်နေတော့တာပါပဲဟယ်။ အိမ်အပေါ်ထပ်မှာထပ်ခိုးပေါ်က ခုန်ချလို့ချ၊ အိမ်ထဲကပစ္စည်းတွေကိုလွှင့်ပစ်လို့ပစ်၊ ထောင်ထားတဲ့ဖျာလိပ်တွေကိုလှဲပစ်တာကတော့ တဘုန်းဘုန်းပဲတာတေရေ"

"ဟာ..ဒီလောက်တောင်ဆိုးနေတာလားအရီးရဲ့။ ဘိုးညွန့်များတစ်ခုခုကိုစွဲလန်းသွားပြီး မကျွတ်မလွတ်တာများလား အရီးရာ"

"တာတေရယ် နင့်ဘိုးညွန့်အကြောင်းကိုနင်လည်းသိတာပဲဟယ်၊ သေခါနီးတဲ့အထိ အမှတ်မလွတ်ဘဲတရားမှတ်ရင်းနဲ့အသက်ကုန်သွားတာ"

"ဒါဆိုရင်လည်း ထူးဆန်းနေတာပဲအရီးရယ်"





"အေး..ဒါကြောင့်အရီးနင့်ဆီကိုပြေးလာခဲ့တာပေါ့ဟယ်၊ အခုတော့ရွာထဲကလူတွေက ငါတို့အိမ်ကြီးကိုဝိုင်းရှေ့ကသာပြီးအုံကြည့်နေကြလို့ပေါ့။ တစ်ချို့ကလည်း ငါ့ယောက်ျားတရားထိုင်တာလွဲချော်သွားလို့ သူယောင်ကြီးဖြစ်သွားတာလို့ ပြောကြတာပေါ့ဟယ်။"

"ဟာ..ဒါကတော့မဖြစ်နိုင်ပါဘူးအရီးရယ်၊ ဘိုးညွန့်လိုလူကတော့ဒီလိုဘဝမျိုးမရောက်နိုင်ပါဘူးဗျာ။"

ကျုပ်နဲ့အရီးစိန်ရှုန်ထိုင်ပြောနေတာကို အရီးရဲ့သားချက်ဖောင်းက လှမ်းကြည့်နေတယ်ဗျ။ ဒီကောင့်ကြည့်ရတာလည်းလန့်နေတဲ့ပုံဗျ။ လန့်တော့လည်းလန့်မှာပေါ့လေ။ သူတို့အိမ်ကြီးမှာ ဖြောင်းဆန်နေတာ လူတွေတောင်ဆင်းပြေးသွားကြရပြီဆိုတော့လည်း လန့်ပြီပေါ့ဗျာ။

"ကဲ..တာတေဘာပဲဖြစ်ဖြစ် အရီးနဲ့တစ်ခါတည်းလိုက်ခဲ့ပါဟယ်၊ အရီးကိုယ်တိုင်လည်းတော်တော့်ကို စိတ်ညစ်ပြီးကြောက်နေပြီတာတေရယ်"

"စိတ်ချပါအရီးကျုပ်လိုက်ခဲ့မယ်"

ကျုပ်ကဆေးလွယ်အိတ်သိုင်းလွယ်ပြီး ဝါးဖတ်ခမောက်ကလေးကောက်ဆောင်းလိုက်တယ်။

အဘနဲ့အမေကတော့ကျုပ်နဲ့ပတ်သက်ရင် ဒါမျိုးတွေရိုးနေတော့ ဘာမှမပြောတော့ဘူးပေါ့ဗျာ။ ကျုပ်သွားဖို့ပြင်ဆင်နေတုန်း အမေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့အဘက အရီးစိန်ရှန်နဲ့စကားပြောနေကြတာပေါ့ဗျာ။

မီးလောင်ကုန်းကိုရောက်တော့ ညနေတောင်စောင်းပြီဗျ။ မီးလောင်ကုန်းက ကျုပ်သူငယ်ချင်းတွေကိုခေါ်ပြီး ကြက်တစ်ကောင်ချက်ခိုင်းလိုက်တယ်။ ပြီးတော့ ဆန်တစ်ခွက်လည်းထမင်းချက်ခိုင်းလိုက်တယ်။ အရီးစိန်ရှန်တို့က လင်သေတာရက်လည်ရုံပဲရှိသေးတာမို့လား။ အပူတောင်ငြိမ်းကြသေးတာမဟုတ်တော့ သူတို့ကိုကျုပ်က ဘာမှမလုပ်ခိုင်းဘူးပေါ့ဗျာ။

ထမင်းဟင်းတွေကျက်တော့ ထမင်းတောင်းလေးအသင့်ပြင်လိုက်တယ်။ ညရှစ်နာရီထိုးတာနဲ့ ကျုပ်နဲ့ကျုပ်သူငယ်ချင်းတွေကနတ်ကတော်ဒေါ်တုတ်ကိုခေါ်ပြီး မီးလောင်ကုန်းသင်္ချိုင်းကိုထွက်ချလာခဲ့ကြတာပေါ့ဗျာ။ မီးလောင်ကုန်းသင်္ချိုင်းထဲမှာ မဖဲဝါနေတဲ့အိမ်ကိုကျုပ်တွေ့ခဲ့တာလေဗျာ။ မီးလောင်ကုန်းကိုကျုပ်လိုက်လာပြီဆိုကတည်းကဒေါ်တုတ်ကသိပြီးသားဗျ။ အဆင်သင့်ကိုပြင်ထားပြီးစောင့်နေတာဗျို့။

အကြီးဆုံးအုတ်ဂူကိုရွေးပြီး မဖဲဝါအတွက်ထမင်းပွဲပြင်လိုက်တယ်။ ထုံးစံအတိုင်းငှက်ပျောဖက်ခင်းလို့ပေါ့ဗျာ။ ဒေါ်တုတ်ကလည်းအဆင်သင့်ပြင်ထားပြီဗျ။ ကျုပ်က မဖဲဝါကိုပင့်လိုက်တယ်။ ဆရာကြီးတွေကတော့ မဖဲဝါကိုခေါ်ကြတာပေါ့ဗျာ။ ကျုပ်ကတော့ ဆရာမှမဟုတ်တာ မဖဲဝါကိုမိတ်ဆွေတစ်ယောက်လိုပင့်ဖိတ်ရတာပေါ့။





ဟောဒေါ်တုတ်ကြီးအုတ်ဂူပေါ်ကိုခုန်တက်ပြီးစားပြီဗျို့။ မဖဲဝါရောက်လာပြီပေါ့ဗျာ။ စားသောက်ပြီးခါနီးမှာ ကျုပ်ကအရီးစိန်ရှန်တို့အိမ်က အဖြစ်အပျက်တွေကို မဖဲဝါသိအောင်ပြောပြလိုက်တယ်။ မဖဲဝါက ကျုပ်ပြောပြတာကိုနားထောင်ပြီးတော့မှ…၊

"တာတေ…သင်္ချိုင်းကုန်းတိုင်းမှာငါကနေနိုင်တာ မဟုတ်ဘူး။ ငါနိုင်းထားတဲ့အကောင်တွေ ကောင်မတွေကစောင့်ရှောက်ကြရတာ။ နင်တို့သိထားဖို့က သင်္ချိုင်းတိုင်းမှာသင်္ချိုင်းစောင့်ရှိတယ်။ အသုဘကိစ္စဖြစ်လာရင် သင်္ချိုင်းစောင့်ကိုလေးစားမှုရှိရမယ်။

စိန်ရှန့်ယောက်ျားကိုညွန့်က သူတော်ကောင်းကြီးဟဲ့။ သေရင်အပါယ်ကျမယ့်လူမျိုးမဟုတ်ဘူး။ တခြားဘဝကိုတစ်ခါတည်းကူးသွားပြီးသား ဒါပေမယ့်ထုံးစံအတိုင်းလုပ်ကြတဲ့အခါ သေတဲ့လူကိုအသုဘချတဲ့နေ့မှာ သစ်ခက်ကလေးတစ်ခက်ချိုးပြီး မြေပုံလေးပုတ်လို့တရားနာခေါ်ကြတယ်။ အဲဒီလိုလုပ်တဲ့အခါလေးလေးစားစားလုပ်ရမှန်းမသိကြဘူးဟဲ့တာတေရဲ့။ တကယ်လုပ်ရမှာက လူကြီးတစ်ယောက်ကလေးလေးစားစားလုပ်ရမှာ။ 'သင်္ချိုင်းစောင့်ကြီးဗျာ သေသူကိုရက်လည်ဆွမ်းသွတ်တဲ့အခါ တရားနာဖို့ခေါ်သွားခွင့်ပြုပါ' လို့အကြောင်းလေးပြုပြီးမှခေါ်ရတယ်ဟဲ့။ အခုစိန်ရှန်ကခပ်ပေါ့ပေါ့လုပ်တယ်။ သူ့အသားလူမမယ်ကောင်လေးကို 'ဟဲ့…ချက်ဖောင်းနင့်အဘကိုတရားနာခေါ်ခဲ့' လို့



www.burmeseclassic.com

www.burmeseclassic.com



ပြောတော့ ဟိုကလေးက ပြီးပြီးရောလုပ်တော့တာပေါ့တာတေရဲ့။ သစ်ခက်ကလေးဟောင်မချိုးတော့ဘူး။ မြေပုံပေါ်ကမြေစိုင်ခဲတစ်ခု ကောက်သွားတယ်။ 'အဘရေတရားနာဖို့လိုက်ခဲ့ဗျို့' လို့ပြောပြီး ခေါ်တာ။ သင်္ချိုင်းစောင့်ကိုအကြောင်းကြားရမှန်းမသိဘူး။ ဒီတော့ သင်္ချိုင်းစောင့်ကဘာတာဝန်မှမယူဘူးပေါ့ဟဲ့။ သင်္ချိုင်းစောင့်ကို အကြောင်းကြားမှ သင်္ချိုင်းစောင့်ကတာဝန်ယူတာ။ သက်ဆိုင်သူရှိမရှိ ကြည့်တယ်။ ရှိရင်တရားနာဖို့ပြောပြီးထည့်ပေးလိုက်တယ်။ သက်ဆိုင်သူကဘဝကူးသွားပြီဆိုရင်လည်း မဆိုင်တဲ့နာနာဘာဝတွေကပ်ပြီးလိုက်မသွားအောင် သင်္ချိုင်းစောင့်ကတာဝန်ယူတယ်။

အခုတော့ဟိုကလေးက သင်္ချိုင်းစောင့်ကိုအကြောင်းမကြားတော့ သင်္ချိုင်းထဲကသရဲနှစ်ကောင်လိုက်သွားတာကို သင်္ချိုင်းစောင့်ကလည်းမသိဘူး ပြီးတော့ဖြစ်ပုံက ဆွမ်းသွတ်ပြီးလို့တရားနာပြီးရင်သစ်ခက်ကလေးကို အိမ်အပြင်လွှင့်ပစ်ပြီး သေသူကိုကျွတ်ရာလွတ်ရာသွားဖို့အမျှအတန်းပေလိုက်ရမှာ…၊ ဒါပေမယ့် ဟိုကလေးကမြေစိုင်ခဲယူသွားတော့ ခုနစ်ရက်အတွင်းမှာမြေစိုင်ခဲကခြောက်သွေ့ပြီး အမှုန့်ဖြစ်သွားတော့ ဘယ်နှယ့်လုပ်ပြီးအိမ်အပြင်ကိုလွှင့်ပစ်မတုံးဟဲ့။ ဒီမှာတင်ကပ်လိုက်သွားတဲ့ ဒီသင်္ချိုင်းထဲကသရဲနှစ်ကောင်က ထပ်ပြီးစားချင်သောက်ချင်တော့ သောင်းကျန်းနေကြတော့တာပေါ့"





"ဒါဆိုရင်ကျုပ်ကဘာလုပ်ရမှာတုံးဗျ မဖဲဝါရဲ့"

"နင်ဒီကပြန်သွားရင် သူတို့ကျေနပ်အောင် အစားအသောက်ကလေးကျွေးလိုက် ပြီးရင်ငါ့ရဲ့ကိုယ်ပွားရုပ်ထုတ်ပြပြီး သင်္ချိုင်းကိုခုချက်ချင်းပြန်ရမယ်လို့ အမိန့်ပြန်လိုက်။ ငါ့ကိုယ်ပွားရုပ်ပြပြီးပြန်တဲ့အမိန့်ဟာငါ့အမိန့်ပဲတာတော၊ ဒီနှစ်ကောင်သင်္ချိုင်းထဲကိုချက်ချင်းပြန်ရောက်လာလိမ့်မယ်"

မဖဲဝါကပြောပြီးတာနဲ့ပြန်ထွက်သွားရောဗျို့။ ကျုပ်တို့လည်းရွာပြန်ရောက်တာနဲ့ကြက်တစ်ကောင်ထပ်ချက်ပြီး အရိုးစိန်ရှန်တို့ဝိုင်းထဲမှာ ငှက်ပျောဖက်နဲ့သရဲနှစ်ကောင်ကို ထမင်းကျွေးလိုက်ရတယ်ဗျ။ ပြီးတာနဲ့ ကျုပ်က ဆေးလွယ်အိတ်ထဲမှာ အသင့်ပါလာတဲ့ မဖဲဝါရဲ့ကိုယ်ပွားရုပ်ကလေးကိုထုတ်ယူပြီး မဖဲဝါကိုပင့်လိုက်တယ်။ ကျုပ်လက်ထဲက မဖဲဝါအရုပ်ကလေးဆတ်ကနဲတုန်သွားတဲ့အချိန်မှာ ကျုပ်က မဖဲဝါမှာတဲ့အတိုင်းအမိန့်ပြန်လိုက်တယ်။

"မီးလောင်ကုန်းသင်္ချိုင်းထဲမှာနေတဲ့ သင်တို့နှစ်ယောက် မဖဲဝါရဲ့အမိန့်ကိုအခုနာခံကြ"

"သင်တို့နှစ်ယောက် အိမ်ရှင်ကကျွေးတာမွေးတာတွေကို ကောင်းမွန်စွာစားသောက်ပြီးရင် သင်တို့နေထိုင်တဲ့မီးလောင်ကုန်းသင်္ချိုင်းကိုချက်ချင်းပြန်လာခဲ့ရမယ် သင်္ချိုင်းရှင်မ မဖဲဝါရဲ့အမိန့်"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်လည်းအဲဒီညက မီးလောင်ကုန်းမှာပဲအိပ်လိုက်ရတယ်။ ရွာထဲကကျုပ်သူငယ်ချင်းတွေနဲ့အတူတူ အရီးစိန်ရှန်ရဲ့အိမ်ကြီးမှာ အိပ်ကြတာဗျ။ တညလုံးချိုးချိုးချွတ်ချွတ်တောင် မကြားရတော့ပါဘူးဗျာ။

တ၊တေ





# ဒေဝါ

အသက်(၅၀၀) သဘက်စုန်း

နှင့်

ပယောဂ ဝေဇနာရှင်

ကျုပ်ကိုတော့ စာဖတ်ပရိသတ်တွေ မေ့ချင်မေ့လောက်ပြီထင်တာပဲ။ ဒါပေမဲ့ ကျုပ်ကတော့ စာဖတ်ပရိသတ်တွေနဲ့ ကျုပ်တို့လေးစားကြတဲ့ အနယ်နယ်က ခုနစ်ရက်သားသမီးတွေကိုတော့ သတိရနေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်မှ မမေ့ပါဘူးဗျာ။ ကျုပ်က အရှေ့ဘက်ကောင်းကင် စာပေတိုက်မှာ ကျုပ်ရေးတဲ့စာအုပ်လေးတွေ ထုတ်တာရယ်၊ တစ္ဆေမျက်လုံးဆိုတဲ့ မဂ္ဂဇင်းလေးမှာ ကျုပ် အနယ်နယ် အမြို့မြို့ သွားလာခဲ့ရင်းတွေ့ကြုံခဲ့ရတဲ့ ထူးဆန်းဂမ္ဘီရဆန်တာတွေ၊ အတတ်ပညာတွေ၊ ပရလောက နာမ်လောကပညာတွေနဲ့ အထူးသဖြင့်ပေါ့ စုန်း၊ ကဝေ၊ ဇော်ဂနီ၊ ဇော်ဂနက် ပညာရှင်တွေအကြောင်း ကြုံရင်ကြုံသလို ရေးပြခဲ့ပါတယ်။

ဒါကလည်း စာဖတ်သူတွေအနေနဲ့ လောကကြီးမှာ သူတော်စင် သူတော်ကောင်းတွေ ရှိတတ်ကြသလို မသူတော်တွေ သူယုတ်မာတွေလည်း ရှိကြောင်း ကောင်းတဲ့သတ္တဝါ ကယ်တင်တဲ့ အထက်လမ်းပညာရပ်ကြီးတွေ မြောက်များစွာရှိသလို၊ မကောင်းတဲ့ သူတစ်ဖက်သားကို ထိခိုက်စေ၊ နာကျင်စေ၊ စီးပွားပျက်၊ ရူးသွပ်ပြီး အသက်ကိုပါ အန္တရာယ်ပေးတဲ့ အတတ်ပညာတွေ၊ စုန်း၊ ကဝေ၊ မြေဘုတ်ဘီလူးကစပြီး ဇော်ဂနီ ဇော်ဂနက် ပညာရှင်တွေ ပညာတွေ ရှိတယ်ဆိုတာကို ဗဟုသုတလည်းရစေ၊ ရှောင်နိုင်ရှားနိုင်အောင်လို့လည်း ရေးနေတာပဲ ဖြစ်ပါတယ်။ ကျုပ်က အနယ်နယ်အနှံ့ သတ္တဝါကယ်၊ သာသနာပြုလုပ်ငန်းတွေ၊ ပါရမီဆက်အရ သွားလာလှည့်လည်နေရတော့ ရောက်တဲ့နေရာတိုင်း မြို့တိုင်း ရွာတိုင်းမှာလည်း ကြုံတွေ့ရင်ဆိုင်ခဲ့ရတဲ့ ပညာသည်တွေ၊ ပညာရှင်တွေ၊ စုန်း၊ ကဝေ၊ ရွာသူ၊ ဇော်ဂနီ၊ ဇော်ဂနက်





ဆိုတာတွေလည်း ကြုံခဲ့ရတာပေါ့ဗျာ။ အဲဒါနဲ့ ဟိုတလေးက မြို့ထဲမှာ အရှေ့ဘက်ကောင်းကင်စာပေက မောင်ဘုန်းဇော်နဲ့ တွေ့လို့ လက်ဖက်ရည်ဆိုင် ခဏထိုင်ရင်း ဒီအဖြစ်မှန် ဝတ္ထုလေးရေးဖို့ ဖြစ်လာရတာပေါ့ဗျာ။ ကိုဘုန်းဇော်က…

"ဆရာဒေဝေါကို မတွေ့တာလည်း ကြာပြီ၊ စာမူတွေ မဖော်ပြဖြစ်တာလည်း ကြာပြီ ဆရာ"

"ကျွန်တော် ခရီးတွေထွက်နေရလို့ပါဗျာ၊ စာမူတွေလည်း မရေးနိုင်၊ ပြောရရင် ရောက်တဲ့နေရာမှာ ရတနာသုံးပါးအလုပ် လုပ်ပြီးတာနဲ့ စုန်း၊ တစ္ဆေ၊ ကဝေတွေနဲ့ချည်း နပမ်းလုံးနေရလို့ မအားတာဗျို့"

"ဆရာ့ကို မေးချင်တာရှိတယ်၊ စုန်းဆိုလို့ စုန်းတွေ ကဝေတွေက အတော်အစွမ်းထက်တယ်နော်၊ တော်တန်ရုံ ဆရာလောက်ဆို မဖြုံဘူး၊ ဆရာတွေတောင် မနိုင်တဲ့ ပညာရှင်တွေ ရှိတယ်ကြားဖူးတယ်၊ စုန်း၊ ကဝေတွေက ဘယ်နှမျိုးလောက်တောင် ရှိသလဲ ဆရာဒေဝေါရ"

"ဟာ ရှိပြီလားဗျ၊ အမှန်တော့ စုန်းဆိုတာ အောက်လမ်းပညာသည်ပဲဗျ၊ ပညာကလည်း အစီစီထိ ချိုးကပ်စေမယ့် အောက်လမ်းပညာပေါ့ဗျာ၊ စုန်း၊ ကဝေ ဆိုတဲ့ အခေါ်အဝေါ်က ဗုဏ္ဍသဒ္ဒါကနေ ဆင်းသက်တာ၊ ဟိုးတုန်းက ဗုဏ်းလို့ ခေါ်တာပေါ့၊ အဲဒီကနေ စုန်းလို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်တာကြတာ၊ အဓိပ္ပာယ်ကတော့ ပညာစက်ဖြင့် မြိုးတူးတောက်ပသောသူ (ဝါ) စုန်းပညာသည်ပေါ့ဗျာ။ ကဝေဆိုတာက အဲဒီစုန်းပညာရှင်တွေထက် ပိုပြီးအဆင့်အတန်း မြင့်မားတဲ့သူ၊ တတ်မြောက်ထားတဲ့သူကို ကဝေလို့ ခေါ်ကြတာဗျ။ စုန်းတွေမှာလည်း သူ့အဆင့်အတန်း ပညာအလိုက် အမျိုးမျိုး အတန်းအစားကွဲကြတယ်ဗျ။ စုန်းမျိုး ၉၉ မျိုး ရှိတယ်လို့ စာပေတွေမှာပါတယ်။ အကျဉ်းပြောရရင်တော့ ခြေစုန်း၊ ခေါင်းစုန်း၊ ကိုယ်စုန်း၊ မောက်လုံးစုန်း၊ မြောက်ပြားစုန်း၊ အိန်ကလိန့်စုန်း၊ ကဝေမြောက်စုန်း ဆိုပြီး ခုနစ်မျိုး ခွဲထားတယ်။ ထပ်ပြီးပြောရရင် စမည်းတိုင်စုန်း ၆ မျိုး၊ ရူပိပရို ၆ မျိုး၊ ကဋ္ဌစိဗ္ဗစုန်း ၁၂ မျိုး၊ နာနာရုပ်စုန်း ၉ မျိုး၊ ကုလဝံသစုန်း ၇ မျိုး၊ နာလိစုန်း၊ စက်စုန်း၊ ကဝေပုံစုန်း၊ ဂန္ဓဗ္ဗစုန်းကနေ နောက်ဆုံး တိရစ္ဆာန်စုန်း ၉ မျိုးထိဆိုရင် စုန်းတွေက ၁၄ မျိုးကျော် ရှိတာ"

"ဆရာဒေဝေါ စုန်းအတော်များများနဲ့ ကြုံခဲ့ရဖူးမှာပေါ့နော်"

"ဟာ ကြုံရတာပေါ့ဗျာ၊ လူတွေကို ဒုက္ခအပေးဆုံး၊ ပယောဂပြုဆုံး၊ ပူးကပ် ပြုလုပ်တတ်တာဟာတွေက စုန်းကဝေတွေများတယ်၊ အတော်ပဲပေါ့၊ ခင်ဗျားရဲ့ စာအုပ်တိုက်အတွက် ကျုပ်ကြုံဖူးဘဲ့စုန်းတွေထဲက သဘက်စုန်းနဲ့ ပညာပြိုင်ခဲ့ တိုက်ခိုက်ပြီးလူကယ်ခဲ့ရတာလေး ရေးပေး မယ်ဗျာ"





"ဟာ ကောင်းတာပေါ့ ဆရာ၊ အခုထွက်မယ့် တာဒွေမျက်လုံးအမှတ်(၆)မှာ ထည့်မယ်၊ ဒီရက်အတွင်း ပြီးအောင်ရေးပေးပါ ဆရာ"

"စိတ်ချပါဗျာ၊ ကျုပ် သေသေချာချာကို ရေးပေးပါမယ်"

လက်ဖက်ရည်ဆိုင်မှာ ကျုပ် စားသောက်သလောက် ကျသင့်ငွေကို အကုန်ရှင်းပြီး ကိုဘုန်းဇော်က သူ့ကားလေးနဲ့ ထွက်သွားတာပေါ့ဗျာ။ ကျုပ်လည်း လောလောနဲ့သာ အားနာလို့ ကတိပေးလိုက်တာ။ အဲဒီတုန်းက ဖြစ်ခဲ့တာတွေ ယှဉ်ခဲ့ရတာတွေ ဘယ်ကဘယ်လိုစပြီးရေးရမှန်းတောင် မသိဘူးဗျာ။ ဒါပေမဲ့ ရေးပေးမယ်လို့ ကတိစကားထုတ်လွှတ်ခြေလွှန်ပေးပြီးတဲ့အတွက် ရေးရတာပေါ့ဗျာ။ အဲဒီတုန်းက ကျုပ်က ဧရာဝတီတိုင်းကြီးရဲ့ မြို့ငယ်လေးတစ်ခုက ရွာလေးတစ်ရွာကို ရောက်နေတာဗျာ။ အဲဒီမှာ ခု ကျုပ်ပြောပြပေးမယ့် သဘက်စုန်းနဲ့ တွေ့ကြရတာပဲ ဆိုပါတော့။ သဘက်စုန်းဆိုတာက အတော်အတန်အဆင့်မြင့်တယ်လို့ ပြောရမှာဗျ။

အမှန်တော့ ကျုပ်က ကျုပ်ရဲ့ဝါသနာကြီးတဲ့ အင်းပညာရပ်နဲ့ လောကကြီးထဲက မကောင်းသူပယ် ကောင်းသူကယ်ဖို့ မကောင်းတဲ့ အတတ်ပညာ စက်ပညာတွေကို နိုင်စေတဲ့ စုန်း၊ ကဝေ၊ မြေဘုတ်ကစလို့ မကောင်းတဲ့ အတတ်ပညာတွေနဲ့ စက်တွေကို သိမ်းနိုင်တဲ့ အနိုင်ရစေတဲ့ ပယောဂနိုင်အင်းကြီးတစ်ခုကို စီရင်ဖို့ အဲဒီမြို့ကလေး



www.burmeseclassic.com

www.burmeseclassic.com



က တန်ခိုးကြီးဘုရားကို အမိဋ္ဌာန်သွားဝင်တာဗျ။ အမိဋ္ဌာန်လည်းဝင်ရင်း အင်းတွေလည်းစီရင်၊ နောက်ကြုံတွေ့ရတဲ့ ပဋ္ဌာန်းဆက်တွေကိုလည်း ကယ်တင်ကုသမယ်ဆိုတဲ့ ရည်ရွယ်ချက်လည်း ပါတာပေါ့ဗျာ။

ကျုပ် အမိဋ္ဌာန်ဝင်တဲ့ဘုရားက ကြေးသွန်းဘုရားကြီး။ အဲဒီ ဘုရားကြီးကလည်း ရှေးမင်းတွေ တည်ထားခဲ့ကြပြီး ဟိုတုန်းက အမိုးတန်ဆောင်းတွေ ယိုယွင်းပျက်စီးနေလို့ ရွာသူရွာသားတွေနဲ့ ဆရာတော်ကြီးတစ်ပါးက ပြန်ပြီးပြုပြင်တည်ထားလို့ ဂန္ဓကုဋီတိုက် အဆောက်အဦနဲ့ သာသနိကအဆောက်အဦတွေလည်း ရှိတယ်။ အမိဋ္ဌာန်ဝင်ရတာ ကောင်းတဲ့နေရာလေးပါ။ ဂေါပကအဖွဲ့ဝင်တွေကလည်း ကျုပ်ကို အဝေါမှန်းလည်းသိရော ခင်မင်ကြတာနဲ့ တချို့ ကျုပ်သိချင်တဲ့ ရွာနေပြည်ထိုင်အကြောင်းလေးတွေ သူတို့ဆီက စနည်းနာရတယ်။ ထူးခြားဆန်းကြယ်တာက အဲဒီဘုရားကြီး အရှေ့ဘက်မှာ နာမည်ကျော်ပန်းတပွတ်ချောင်းကြီးက ကျယ်ပြောစွာ စီးဆင်းနေတာပဲ။ နာမည်ကျော်ရွှေချိုးဖြူ မူလခဲ သိုက်နန်းတည်ရာ ပန်းတပွတ်ချောင်းကြီးပေါ့ဗျာ။ သိုက်တွေကတော့ လွှတ်ပေါမှပေါ။

အဲ…သိုက်တွေ ပေါရုံတင်ပဲလားဆိုတော့ မဟုတ်ဘူး။

သိတဲ့အတိုင်း ဒီလိုကျေးလက်တောရွာတွေမှာ ရွက်ပုန်းသီးမကောင်းတဲ့ အတတ်တွေ၊ ပညာသည်တွေ၊ ရွာသူတို့ စုန်းတို့ ဆိုတာ





လည်း ပေါမှပေါပဲ။ ဒါပေမဲ့ သူတို့ကို ဘယ်သူတွေက မြင်နိုင်သိနိုင်ကြမှာလဲ။ မြို့ထဲ ရပ်ထဲရွာထဲမှာဆိုရင် အများရွာသူရွာသားတွေလိုပဲ နေထိုင်ကြတာကိုး။ သူတို့ မကျေနပ်တဲ့သူ၊ သူတို့ မျက်စိနဲ့ မတည့်တဲ့သူ၊ သူတို့ကို အနှောင့်အယှက်ပေးမယ့် ပြုမယ့်သူလို့ ထင်မြင်ရင်လည်း သူတို့ တတ်ထားတဲ့ ပညာတွေနဲ့ ဖမ်းစားတာတို့ ပယောဂပူးကပ်တာတို့ စီးပွားပျက်၊ အိမ်ထောင်ပျက်၊ တပိန်ပိန် တလိန်လိန်ဖြစ်ပြီး ဆေးခန်း ဆေးရုံ မျိုးစုံအောင်ပြလည်း မထူးခြားဘဲ နောက်ဆုံးခန္ဓာပျက်ကြွေ သေရတာပဲ။ မမြင်ရတဲ့ အောက်လမ်းအတတ်တွေ၊ ပညာရှင်တွေ၊ စုန်း၊ ကဝေတွေက ကံနိမ့်ပါးနေရင် လူကို သေအောင် ရူးအောင် ဖမ်းစားနိုင်တဲ့ ဆန်းကြယ်မှုတွေဟာ မကြုံဖူးသူတွေအတွက် မယုံနိုင်စရာတွေပါ။ အဲဒီမှာ ကျုပ်က ခုနပြောသလို အမိဋ္ဌာန်ဝင်နေတာပေါ့။ အဲဒီမှာ သောင်းကျန်းနေတဲ့ သဘက်စုန်းနဲ့ ကြုံရတော့တာပဲဗျို့။

အမှန်တော့ အချိန်က ညနေခင်း နေဝင်ရီတရောအချိန်၊ နွားရိုင်းသွင်းခါစကာလလေးပါ။ ကျုပ်က အမိဋ္ဌာန်ပြီးလို့ ထမင်းစားသောက်ပြီး ခဏအနားယူနေတာ။ ကျုပ်နဲ့အတူ ဘုရားကြီးရဲ့ လုံခြုံရေးအစောင့်ရှောက် ရွာသား ဦးဖိုးထူးလည်း အတူရှိနေတာပေါ့။ ဒီအချိန်တွေက မကောင်းဆိုးဝါး နာနာဘာဝ ဝိညာဉ်လောကသားတွေ၊ အောက်နတ်စိမ်းတွေ ကျင်လည်ကျက်စားသွားလာတဲ့အချိန်၊ အပုပ်နံ့တွေ ခေါ်တာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ အဲဒီအချိန်မှာ ဘုရားဝင်းထဲက ကျုပ်တို့ရှိရာကို ဇွပ်ကျယ်ချိုင်း ပြတ် လုံချည်ဖရိုဖရဲနဲ့ လူတစ်ယောက် သုတ်သီးသုတ်ပျာ အပြေးအလွှား ရောက်လာပြီး ကျုပ်နားထိုင်နေတဲ့ ဦးဖိုးထူးကို...

"အဘ...အဘဖိုးထူး"

"ဟ...ငပိန်၊ အလောတကြီး သုတ်သီးသုတ်ပျာနဲ့ ဘာဖြစ်လာတာတုံး"

"အိမ်...အိမ်မှာ...ဟို...ဟို...မိညက်ရယ်ဗျာ၊ ကွင်းထဲသွားရင်း ဘယ်ကဘယ်ကောင် ဘယ်လိုအပတွေ မှီလာလဲ မသိဘူး၊ မျက်ထောင့်နီကြီးနဲ့ ကြမ်းရမ်းနေလို့ ဒီ...ဒီဘုရားမှာ အဓိဋ္ဌာန်ဝင်နေတဲ့ ဆရာကြီးတစ်ယောက် ရောက်နေတယ်ကြားလို့ အဲ...အဲဒါ ကယ်...ကယ်ပါဦး ဘဖိုးထူးရာ"

"အဓိဋ္ဌာန်ဝင်နေတဲ့ ဆရာဆိုတာ ဒီကပုဂ္ဂိုလ်ပဲ၊ ဆရာဒေဝေါတဲ့၊ ရန်ကုန်က"

"ဟာ...ဆ...ဆရာ၊ ကယ်...ကယ်ပါဦးဗျာ၊ မိညက်သောင်းကျန်းနေလို့၊ ဘယ်ကောင်တွေ ဘယ်လို ပူးကပ်နေလဲ မသိဘူးဆရာ၊ ထိန်းလို့မရဘူး၊ အားလုံးက ကြောက်နေကြတာ၊ ကယ်...ကယ်ပါဦး"

"ခင်ဗျားအိမ်က ဝေးသလားဗျ၊ အင်းလေ၊ ဘာပဲဖြစ်ဖြစ်





သတ္တဝါတစ်ဦးတစ်ယောက်အသက်နဲ့ ဒုက္ခရောက်နေတာတော့ ကယ်သင့်ပါတယ်၊ ကျုပ် လိုက်ကြည့်ပေးပါ့မယ်"

"ဒီ...ဒီနားလေးတင်ပါ ဆ...ဆရာကြီး၊ ကျေး...ကျေးဇူးပါ ဆရာရယ်"

အချိန်ကတော့ လင့်နေပြီ။ ဒါပေမဲ့ ကျုပ်တို့အနေနဲ့ အဓိဋ္ဌာန်တွေဝင်၊ တရားဘာဝနာတွေ အားထုတ်ကြတယ်ဆိုတာ ဒီလိုဒုက္ခရောက်နေရှာတဲ့ ဝေဒနာရှင်တွေကို ကုသကယ်တင်ဖို့ပဲ မဟုတ်လား။ အဲဒါနဲ့ ကျုပ်လည်း အားကိုးတကြီးနဲ့ လာခေါ်တဲ့ အဲဒီငပိန်ဆိုတဲ့လူနဲ့ အတူလိုက်ခဲ့တယ်။ ငပိန်ကတော့ စိုးရိမ်စိတ်၊ ပူပန်စိတ်တွေနဲ့ ရှေ့က ခပ်သုတ်သုတ် မပြေးရုံတမယ် ခြေလှမ်းကျဲကြီးတွေနဲ့ သွားနေတာပေါ့။ ချောင်းရိုးလမ်းမလေးကတစ်ဆင့် ချောင်းရိုးအတိုင်း အတော်သွားပြီး မှောင်မည်းနေတဲ့ လမ်းကျဉ်းလေးထဲ လိုက်ဝင်ရတယ်။ အရှေ့မှာ တဲအိမ်လေး လေးငါးလုံးစုကို မီးတလက်လက်နဲ့ မြင်ရတယ်။

အစွန်ဆုံးတဲအိမ်ပေါ် ငပိန်ဆိုသူက တက်သွားတော့ ကျုပ်ပါ အဲဒီတဲပေါ် တက်ရတာပေါ့။ တဲလေးက မကျဉ်းမကျယ်လေးပါ။ ထွန်းထားတဲ့ ဘတ္တရီမီးချောင်းအလင်းရောင်လေးအောက်မှာ အိမ်နားနီးချင်းထင်ရသူ သုံးလေးယောက် ရှိတယ်။ တဲခေါင်းရင်း မကျ[illegible]ကျမှာ ဆံပင်ဖရိုဖရဲနဲ့ အမျိုးသမီးတစ်ဦးက မျက်ထောင့်နီကြီးနဲ့ ကျုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်တယ်။ ကျုပ်က အေးဆေးပါပဲ။ အမျိုးသမီးက အသက် လေးဆယ်ကျော်လောက်ရှိတယ်။ ခန္ဓာကိုယ်က ကြုံလှီနေတယ်။ ကြည့်ရတာ ရောဂါဝေဒနာတစ်ခုခုကို တပိန်ပိန် တလိန်လိန်နဲ့ နှစ်ရှည်လများ ခံစားနေရတဲ့ပုံ။ ဒါပေမဲ့ ကျုပ်သိတယ်။ အဲဒီအမျိုးသမီးက မူလပကတိ စိတ်နှာမ် မဟုတ်ဘူး။ ပယောဂဝင်နေတာ။ ကျုပ်ကို မျက်ထောင့်နီကြီးနဲ့ လှမ်းကြည့်ပြီး…

"ဟဲ့ ငပိန်၊ နင်က ဘာလဲ၊ ဆရာတွေ ဘာတွေ ခေါ်လာတယ်ပေါ့လေ၊ အဟင်းဟင်း၊ ငါ့များ လျှော့တွက်နေတယ်၊ ငါက ဘယ်ဆရာကိုမှ ရှုံ့တဲ့သူ မဟုတ်ဘူး၊ ငါနဲ့တွေ့တဲ့ဆရာတိုင်း သင်္ချိုင်းကုန်းရောက်သွားကြတာချည်းပဲ ခစ်ခစ်"

စစချင်း ဆောက်နဲ့ထွင်းသလို ကျုပ်ကို တွယ်တာ။ ကျုပ်က တစ်ချက်လှမ်းကြည့်ပြီး ဘုရားစင်ရှေ့သွားပြီး ပါလာတဲ့ ဖယောင်းတိုင် တစ်တိုင် ထွန်းလိုက်ပြီး ဘုရားစင်ရှေ့ ထိုင်လိုက်တယ်။ ပထမတော့ ကျုပ်က မေတ္တာနဲ့ အေးအေးဆေးဆေး ပြောမလို့ပါ။ ငပိန်မိန်းမကို ပူးကပ်ဒုက္ခပေးနေတဲ့ အဲဒီသဘက်စုန်းက မောက်မာထောင်လွှားပြီး စကားဆိုတာနဲ့ ဖယောင်းတိုင် ထွန်းလိုက်တာပါ။ ကျုပ် လက်စွဲပါ။ ဘယ်ပယောဂ အနှောင့်အယှက်မဆို အဆင့်မြင့်တဲ့ အောက်လမ်းပညာသည်တွေ၊ စုန်းကဝေတွေလည်း နေလို့မရဘူး။ အဲဒီအချိန်မှာပဲ ငပိန်ရဲ့





မိန်းမ မိညက်ဆိုတဲ့ တပိန်ပိန် တလိန်လိန် ခန္ဓာနဲ့ မိန်းမက တစ်ကိုယ်လုံး ဟိုယိမ်း ဒီယိမ်း ကတုန်ကယင် ဖြစ်လာပြီး ကျုပ်ကို လှမ်းကြည့်တယ်။ ကျုပ်က ဘုရားစင်ရှေ့မှာ ဣန္ဒြေရရ ထိုင်နေတာပါပဲ။ ကျုပ်ကို ကူသဖို့ ခေါ်လာတဲ့ ငပိန်နဲ့ ညှို့သည်လေးငါးယောက်ကတော့ ကျုပ်ကိုတစ်လှည့် မိညက်ဆိုတဲ့ မိန်းမကို တစ်လှည့်ပေါ့။ အဲဒီအချိန်မှာ…

"အူ…အူ…ဝူး ဝူး…"

"အူး…"

"ကဲ…ပြောစမ်း၊ ကျုပ်က ခု ဘုရားကြီးမှာ အမိန့်ခံလာဝင်နေတာ၊ ခု ဒီမိန်းကလေးကို ခုလိုဖြစ်အောင် ဆောင်ရွက်ထားတဲ့ ပုဂ္ဂိုလ်က ဘယ်သူတုံး၊ ဘာကြောင့်လုပ်ရတာတုံး"

"အဟီး…ပြော…ပြောပါ့မယ်၊ ကျုပ်က သဘက်စုန်းပဲ၊ ခင်ဗျားက ဆရာဆိုတော့ ကျုပ်ကို သိနေမှာပေါ့၊ ကျုပ်ရောက်နေပြီ၊ ကဲ ဆရာက ဘာပြောချင်လဲပြော၊ အဟီးဟီး"

"လေသံက မာလှချည်လား၊ သဘက်ကောင်ရ"

"အဟီးဟီး မာဆို ကျုပ်အသက်က ငါးရာကျော်နေပြီ၊ ကျုပ်နယ် ကျုပ်အပိုင်ထဲမှာ ကျုပ်ထက် အဆင့်မြင့်တဲ့ အောက်ပညာသည် ဘယ်သူမှ မရှိဘူး၊ ဒီနယ်မှာ ကျုပ် အကြီးဆုံးပဲ၊ ကျုပ်နဲ့တွေ့တဲ့ ဆရာတွေလည်း သူတို့အခေါင်း သူတို့ ပြန်ထမ်းသွားကြရတာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဟီးဟီး"

"ဒီနယ်မှာ မင်းက ဗိုလ်ပေါ့"

"ဟုတ်တယ်၊ အဟီးဟီး...ဟီး၊ စမ်းချင်လည်း စမ်းလေ၊ အဟီးဟီး"

"မစမ်းပါဘူးဗျာ၊ ရေလေးတောက်ရုံပါ၊ အင့်"

"အား" "ဝုန်း"

"ဟာ"

"ဟင်"

BURMESE CLASSIC .com

ကျုပ်လည်း စကားပြောရင်း ကျုပ်ကြို့တင်ပြင်ထားတဲ့ ခွက်ထဲက ရေစက်လေး တစ်စက် နှစ်စက်နဲ့ သဘက်စုန်းဆိုတဲ့ကောင်ကို တောက်လိုက်တာ ရုတ်တရက် ငယ်သံပါအောင် ကြောက်မက်ဖွယ်ရာ အသံနက်ကြီးနဲ့အော်ပြီး ဝုန်းကနဲ ပစ်လဲကျသွားတယ်။ နဘေးက စိုးရိမ်တကြီး ဝိုင်းထူပေးတဲ့ လူတွေကို တွန်းဖယ်ရင်း တွန့်လိမ်နေသော ကိုယ်ကြီးနှင့် မိညက်က ဝုန်းကနဲ ပြန်ထရင်း ကျုပ်ကို စားတော့မတတ် ဝါးတော့မတတ် မျက်လုံးတွေနဲ့ကြည့်ရင်း...

"ငါက အလစ်မို့ ခံလိုက်ရတာ၊ ကဲ မင်းပညာတွေ ဘယ်လောက်ရှိလဲ သိရအောင် ဟော့ကောင် တပည့်ကျော် ဘုတ်ပြင်းနဲ့ ဘုတ်နားပင်း နှစ်ကောင် အမြန်လာကြစမ်း၊ နောက်ပြီး အဲဒီ ငါ့ရှေ့က





ဆရာစုတ်ကောင်ကို ကုတ်ချိုးပြီး မြစ်ထဲလွှင့်ပစ်လိုက်၊ ဟီးဟီး"

"ဟိတ်ကောင်တွေ အမြန်လာကြစမ်း"

"ဒုန်း...ဒုန်း"

မိညက်က ကျုပ်ကိုတောင် ပမာမခန့်နဲ့ လူတချို့နဲ့ သူ့ယောက်ျား ဝိုင်းဆွဲနေတဲ့ကြားက ဝါးကြမ်းကို ဒေါသတကြီးနဲ့ ခြေထောက်နဲ့ သုံးလေးကြိမ် ဆောင့်တယ်။ မိညက် မဟုတ်ပါဘူး၊ မိညက်ရဲ့ လူမမာ ခန္ဓာထဲ ဝင်ရောက်နေတဲ့ သဘက်စုန်းကောင်ကြီးပါ။ ဒေါသတကြီးနဲ့ ကျုပ်ကို ကုတ်ချိုးဖို့ဆိုပြီး သူ့အာဏာနဲ့ လှမ်းခေါ်တဲ့ သဘက်ကြီး နှစ်ကောင်က မြေဘုတ်တွေပါ။ ကျုပ်က တဲပေါ်မတက်ခင်ထဲက မေတ္တာတွေပို့၊ အထက်ဆရာကြီးတွေ၊ ဘုရား ရဟန္တာကြီးတွေ ပင့်ဖိတ်ပြီး လုံခြုံအောင် တဲတစ်ခုလုံး ဘုရားငါးဆူအမိန့်ပြန်တမ်းနဲ့ စည်းချထားပြီးသား။ ထူးဆန်းတာက အပြင်ဘက်မှာ မိုးမရွာ လေမတိုက်ပါဘဲ လေကြမ်းတွေက တဝေါဝေါ မြည်လာသလို ငပိန်ရဲ့ အိမ်လေးကလည်း ယိမ်းထိုးလာတာပဲ။ ဒါပေမဲ့ ကျုပ်အမိန့်နဲ့ ခုနဘုရားစင်ပေါ် ထွန်းထားတဲ့ ဘုရားငါးဆူအင်းကြောင့် ဘယ်နာနာဘာဝ မကောင်းဆိုးဝါး တစ်ကောင်မျှ အိမ်ထဲဝင်လို့မရဘူး၊ ဝင်ခွင့်မရှိဘူး၊ ဘယ်စုန်းကဝေ ပညာသည်မှလည်း ဝင်မရဘူးလေ။

"ခေါ်မနေပါနဲ့ကွာ၊ သူတို့တစ်တွေ လာလို့မရဘူး၊ ကဲ



www.burmeseclassic.com

www.burmeseclassic.com



ပြောစမ်း သဘက်ကြီး၊ မင်းကို ဒီဝေဒနာရှင် ခုလိုဖြစ်အောင် ဘယ်သူက လုပ်နိုင်းတာလဲ၊ ဘာကြောင့်လဲ၊ မင်းခေါင်းမမာနဲ့ ပြော၊ နို့မို့ရင် မင်းကို ပညာသိမ်းမယ်၊ နာမ်သိမ်းမယ်၊ နောက် ဘယ်သူ့ကိုမှ ဒုက္ခပေးလို့မရအောင် ဆရာတော်ကြီးတွေနဲ့ အထက်နတ်မင်းကြီးတွေကို တိုင်ကြားပြီး အပြစ်ဒဏ်ပေးရမှာပဲ၊ ကဲ ပြော၊ ဘာကိစ္စနဲ့ ခုလိုလုပ်တာလဲ"

"အဟီးဟီး ငါ…ငါ ပြောပါ့မယ်၊ ဘယ်သူကမှ နိုင်းတာ မဟုတ်ဘူး၊ ငါ့အပိုင်ထဲမှာနေပြီး ဒီကောင်မက ငါ့ကို မရိုမသေ မလေးစားလို့ ငါလုပ်ထားတာ၊ သူ့ကို ငါ အပင်းသွင်းထားတယ်၊ စီးပွားပျက်၊ ရောဂါဖြစ်၊ နာမကျန်းနဲ့ သေအောင်လုပ်မယ်၊ ပြီးရင် သူ့ကို ငါ့ဆီခေါ်ပြီး နိုင်းစားဖို့လုပ်တာ"

"ဟာ"

"ဟင်"

"နိုင်းစားရအောင် လုပ်တာတဲ့တော်"

"ဘုရား ဘုရား၊ ဒီနယ်က အကြီးဆုံး သဘက်ကြီးဆိုပဲ"

"ဒါဆို မင်း ဒီဝေဒနာရှင်ကို လုပ်ထားတဲ့ မင်းရဲ့ပယောဂစက်တွေ အကုန်ပြန်သိမ်း၊ ဘာအကြွင်းအကျန် အမှုန်အစမှ ချန်မထားနဲ့၊ ပြောရရင် ငါ့အင်းရေစင် တစ်စက်တောင် မင်း မခံနိုင်ဘူးဆိုတာ သိပြီမို့လား၊ အပင်းကိုလည်း ခုပြန်ထုတ်၊ ပြီးရင် ပညာအကုန် ငါ့ကို





လွှဲ၊ ဒီဘဝကြီး ရောက်နေတာတောင် အဝီစိနဲ့ ငရဲ ထပ်သွားချင်သလား"

"မ…မလုပ်ပါနဲ့ ဆရာ၊ ငါ ဒီကောင်မကို လုပ်ထားသမျှ အကုန်ပြန်ဖယ်ပေးပါမယ်၊ အပင်းတွေလည်း ထုတ်ပါ့မယ်၊ ဝေါ့… ဝေါ့"

"ဟာ…အ…အသားတုံးကြီးတွေ"

"အမယ်လေး၊ ရွှံ…ရွှံစရာကြီးတော်၊ ကြောက်စရာကြီးပါလား"

မိညက်ဆိုတဲ့ ကောင်မလေး ကျုပ်ကို လေသံပျော့လေးနဲ့ပြောပြီး တဲနားနီးချင်းတွေရှေ့မှာပဲ ဝေါ့ကနဲ ဝေါ့ကနဲ့ အန်ချပစ်တာ၊ သူ့ပါးစပ်ထဲကနေ သဘက်စုန်း ထည့်ထားတဲ့ ချည်ခင်တွေ၊ အသားစိမ်းတုံးတွေက ရွံရှာစက်ဆုပ်ဖွယ်ရာ ကြမ်းပေါ် ပြန့်ကျဲနေတော့တာပဲ။ လူကသေးညက်ညက်နဲ့ ပါးစပ်ထဲက ဝမ်းဗိုက်ထဲက ထွက်လာတဲ့ အရာတွေက ထမင်းအိုး လေးလုံးဝင်လောက်ရှိတယ်။ ဒါတောင် တဝေါ့ဝေါ့နဲ့ ပူးကပ်နေတဲ့ သဘက်စုန်းဆိုတဲ့ စုန်းထီးကြီးက အပင်းတွေ ကုန်သလောက်ရှိတော့…

"ကဲ…သဘက်ကြီး၊ ဘယ်သူ့ကိုမှ ဒုက္ခမပေးပါနဲ့လို့ ဒီသစ္စာရေသောက်၊ ပညာမှန်သမျှ အကုန်လွှဲ၊ ဒီနယ်ထဲမှာ ငါးနှစ်



www.burmeseclassic.com

www.burmeseclassic.com



နယ်နှင်ထားခဲ့မယ်"

"အဟီးဟီး…ဟုတ်…ဟုတ်ကဲ့ ဆရာလေး၊ ကြောက်… ကြောက်ပါပြီ"

ဒီတော့မှ မိညက်က ကတုန်ကယင်နဲ့ ကျုပ်ကို ရဲရဲမော့မကြည့်ရဲတော့ဘဲ ဘုရားကို ဦးတိုက်ကန်တော့ပြီး ဝုန်းကနဲ လဲကျသွားတော့တယ်။ မိညက်ခန္ဓာကိုယ်ကြီးထဲက ဝင်ရောက်ပူးကပ်နေတဲ့ သဘက်စုန်းကြီး ကျုပ်နဲ့ ဝေးရာကို ထွက်ပြေးသွားတာပါ။ ကျုပ်ကို လာပင့်တဲ့ ငပိန်ကတော့ သူ့မယား မိညက်ကို စိုးရိမ်တကြီးနဲ့ ပွေ့ဖက်နေတော့…

"ရပါတယ် ငပိန်၊ ကျုပ်လည်း ကယ်ခွင့်ရှိလို့ ကယ်ရတာပါ၊ ခင်ဗျားမိန်းမ ဘာမှမဖြစ်တော့ပါဘူး၊ ကျုပ် ရေစင်တိုက်ခဲ့ပြီး ဖြန်းပေးခဲ့မယ်၊ မိညက် နိုးလာရင် သူ အာဟာရပြတ်နေလို့ စားချင်တဲ့ ထမင်းဟင်း ကျွေးလိုက်၊ ဝက်၊ အမဲ၊ အသားစိမ်း မပါစေနဲ့၊ နောက် ဒီရေစင်နဲ့ ဒီဆေးတိုက်၊ မနက်ဆိုရင် မိညက် မူလအတိုင်း ပြန်ပြီးစားနိုင်သောက်နိုင် အလုပ်လည်း လုပ်လာနိုင်လိမ့်မယ်၊ ခင်ဗျားတို့လည်း ဆင်းရဲတာက ဆင်းရဲတာပဲ၊ ဘုရားရှိခိုး၊ ပန်း ရေ ဆီမီးလဲ၊ ပရိတ်တွေ ဘာတွေ တတ်နိုင်သလောက် ရွတ်ကြပေါ့ဗျာ"

"ဆ‥ဆရာကြီး‥သူ့ သူ့ကို ဝင်ကပ်နေတာ သ‥သရဲပေါ့"





"မဟုတ်ဘူး၊ တစ္ဆေသရဲထက်ကြီးတဲ့ သဘက်စုန်းထီးကြီး၊ ခင်ဗျားတို့လည်း ကြားသားပဲ၊ ဒီနယ်မှာ အကြီးဆုံးတဲ့၊ သရဲကြီးရင် သဘက်တဲ့ ကြားဖူးမှာပေါ့၊ ခင်ဗျားမိန်းမကို အပင်းချပြီး တပိန်ပိန်နဲ့ နောက်ဆုံး မကုနိုင်ဘဲ သေသွားရင် သူ့အစေအပါးအဖြစ် ခိုင်းစားချင်လို့ စုန်းတမန်တော်တွေပေါ့ဗျာ၊ ခု ကောင်းသွားပါပြီ"

"ကျေး…‥ကျေးဇူးတင်လိုက်တာ ဆရာရယ်၊ မိညက်က တပိန်ပိန် တလိန်လိန်နဲ့ ရောဂါသည် ဆရာ၊ ခု ဆရာနဲ့ကြုံမှ ဆရာကြီး ကယ်တင်မှ သူ့ဗိုက်ထဲမှာ မကောင်းတဲ့အပင်းတွေ ထည့်ထားတာကိုး ဆရာကြီးရာ၊ ကြောက်…ကြောက်စရာကြီး၊ ဆရာကြီးကို ဘယ်လို ကျေးဇူးဆပ်ရမယ်မှန်းတောင် မပြောတတ်တော့ဘူး"

"မလိုပါဘူးဗျာ၊ ကျုပ်လည်း အဓိဋ္ဌာန်လာဝင်နေတုန်း ကြုံလို့ မိညက်ရဲ့ အသက်တစ်ချောင်းကို ကယ်ခွင့်ရလိုက်တာပါ၊ ကျုပ်တို့ အဓိဋ္ဌာန်ဝင်၊ ပုတီးစိပ်၊ ဂန္ဓာရီတွေလှည့်ပြီး သွားလာနေတယ် ဆိုတာလည်း ခုလို ကယ်ဆယ်သင့် ကယ်ဆယ်ထိုက်သူတွေကို ကယ်နိုင်အောင်ပါ၊ ကျုပ်တို့အလုပ်ကိုက သတ္တဝါကယ်ရတဲ့အလုပ်ကိုး၊ ကဲ ကျုပ်ပြန်မယ်၊ ဘုရားက ဦးဖိုးထူးကြီး မျှော်နေမယ်၊ ကျုပ် အဓိဋ္ဌာန်လည်း ရှိသေးတယ်"

နောက်တော့ ကျုပ်ကို မိညက်ယောကျ်ား ကိုငပိန်က ဘုရား



www.burmeseclassic.com

www.burmeseclassic.com



ကြီးထံ ပြန်လိုက်ပို့တယ်။ သူတို့တဲစုလေးတွေက အခြားယောကျ်ား သား သုံးလေးဦးလည်း ပါတာပေါ့။ ကျုပ်ကိုလည်း တစ်လမ်းလုံး ကျေးဇူးတင်ကြောင်း ဆပ်မကုန်ကြောင်း ရေပက်မဝင် တဖွဖွပြော လာတာပဲဗျို့။ ဘုရားကြီးရောက်မှ သူတို့တစ်တွေ ပြန်သွားကြတာ။ အဖြစ်ပျက်တွေကို ဦးဖိုးထူးက သိတော့ သူလည်း အရမ်းအံ့သြနေတာ ပေါ့လေ။ ကျုပ်က အမိဋ္ဌာန်ဝင်ဖို့ လုပ်ကိုင်စရာတွေရှိတာ လုပ်ကိုင်နေ ဘုန်း ဦးဖိုးထူးက အနားရောက်လာပြီး…

"ဆရာကြီး ရောက်လာမှပဲ ဒီနယ်မှာ သောင်းကျန်းနေတဲ့ သဘက်စုန်းကြီးရန်က လူတွေ ကင်းလွတ်သွားကြတော့မှာ၊ ဒီကောင် ကြီးကြောင့် လူအချို့လည်း သေဆုံးဖူးသလို တွေ့တဲ့ကြုံတဲ့သူတွေလည်း အခြောက်လှန့်ခံရဖူးတယ်လို့ သတင်းကြီးနေတာ သူတို့တဲစုတွေရဲ့ ဟိုးဘက်က ရေးက ရွာသုသာန်ကုန်းပျက်ကြီးလေ ဆရာလေးရဲ့"

"သူတို့တွေက အကောင်အထည်ကို မမြင်ရတော့ နာနာဘာဝ မကောင်းဆိုးရွား တစ္ဆေမြေဘုတ် စုန်းကဝေဆိုတာတွေ ယုံရခက်မှာ ပေါ့၊ မကောင်းတဲ့အတတ်တွေ၊ အောက်လမ်းမိစ္ဆာပညာရှင်တွေလည်း လောကကြီးမှာ နေရာအနှံ့ ရှိကြတာပဲ၊ နိုင်တဲ့ဆရာဆိုရင် ကြောက်တယ်၊ မနိုင်တဲ့ဆရာတွေဆိုလည်း ကိုယ့်အခေါင်းကိုယ် ထမ်းပြန်ရတာပဲ ဦးဖိုးထူးရဲ့၊ ခုဟာက သူတို့တစ်တွေ ကြောက်မှာစိုးလို့သာ မပြောပြခဲ့





တာ၊ အလုံးအထည်ကတင် တိုင်ကီငါးလုံးစာမကဘူး၊ အမွေးအမျှင် ကတင် တစ်ထွာတစ်မိုက်မကဘူး၊ ဒီသဘက်စုန်းကြီးက သက်တမ်း ဘယ်လောက်ရှည်နေလဲ အကောင်ကြီးသလဲဆိုတာ၊ ဒါပေမဲ့ ကျုပ် မြင်တွေ့ခဲ့တာတော့ မပြောခဲ့ပါဘူးဗျာ၊ ကြောက်နေမှာစိုးလို့"

အဲဒါ ကျုပ်ဒေဝေါ မနေ့တစ်နေ့ကတင် ဇရာဝတီတိုင်းထဲမှာ သဘက်စုန်းကြီးနဲ့ ကြုံခဲ့ရတဲ့ အဖြစ်အပျက်ပဲ။ အဲဒီဘုရားကြီးကနေ ကျုပ် အမိဋ္ဌာန်လည်းအောင်၊ စီရင်ချင်တဲ့ အင်းတော်လည်း စီရင်ပြီး တော့ အာရုံကျတဲ့ နောက်တစ်မြို့ ဘုရားတစ်ဆူကို ရောက်ရတာပေါ့ ဗျာ။ ကျုပ်ဘဝမှာ တစ္ဆေသရဲ ဘုတ်ပြိတ္တာကြီးတွေ၊ စုန်းကဝေ ပညာ သည်တွေ၊ အောက်လမ်းဆရာတွေနဲ့လည်း အမျိုးမျိုးကြုံတွေ့ရင်ဆိုင်ခဲ့ရ တာပေါ့ဗျာ။ နောက်တော့လည်း ကျုပ် အချိန်ရရင် အားလပ်တဲ့အခါ ဗဟုသုတဖြစ်ဖို့ တစ္ဆေမျက်လုံး မဂ္ဂဇင်းမှာ ရေးသားပါမယ်ဗျာ။

ခု ကတိအတိုင်း ရေးပေးလိုက်ပြီနော် (ကို)ဘုန်းဇော်ရေ။ ဆရာတို့ စာပေတိုက်ကနေ ထုတ်ဝေနေတဲ့ ဆရာကြီးတာတေရဲ့ စာအုပ် တွေနဲ့ တစ္ဆေမျက်လုံးလည်း အောင်မြင်ပါစေ။ စာဖတ်သူတွေလည်း ဗဟုသုတတွေ တိုးကြပါစေဗျာ။

ဒေဝေါ



www.burmeseclassic.com

www.burmeseclassic.com



# အစိမ်းသေညီအစ်မနဲ့ကားရပ်စခန်း

## မင်းအိမ်ခန့်

BURMESE CLASSIC .com

အမှန်အတိုင်း ဝန်ခံရရင် ကျုပ်တို့ ကားသမားလောက၊ ကားသမားတွေရဲ့ဘဝက ခြံသလုံးအိမ်တိုင်ဘဝလို့ ပြောရင်လည်း ပြောလို့ရတယ်။ ကမ်းနားသစ်ပင်တွေလို ဘယ်အချိန် ဘယ်ကာလ





ဘယ်သောင်ဘယ်ကမ်းမှာ အမြစ်ကျွတ်ပြီး မျောပါသွားမလဲဆိုလည်း ပြောချင်တယ်။ ကားပေါ်တက် စတီယာရင်ကိုင်ပြီး လမ်းတွေပေါ်မှာပဲ အိပ်၊ လမ်းဘေးထမင်းဆိုင်ကို အိမ်လုပ်တဲ့အခါလည်းလုပ်ရ၊ ကိုယ့်အိမ်ကို ကိုယ်ပြန်ရောက်တော့မှ ငါ့အသက်နဲ့ခန္ဓာ တည်မြဲနေသေးပါလား လို့ ကိုယ့်ကိုယ်ကိုယ် သတိပြုမိတယ်။

ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့ ကားသမားတွေဆိုတာ အချိန်တိုင်း စက္ကန့်မိနစ်တိုင်း သေမင်းနဲ့ စစ်ခင်းနေရတာလေ။ ဝတ်ချက်ကလေးမှ မျက်တောင်တစ်ချက် လျှပ်တစ်ပြက် အသိသတိ ကင်းလွတ်လို့ မရဘူး။ အသိကလေး သတိကလေး တစ်ချက်လွတ်သွားတာနဲ့ ကျုပ်တို့ကားက တုံးကနဲပဲ။ ဘာပြုလို့လဲဆိုတော့ ကျုပ်တို့က ဟိုင်းဝေးကားသမားတွေလည်းဖြစ်၊ ညကြီးကားမောင်းသူတွေလည်းဖြစ်တော့ ပြောပြရရင် အန္တရာယ်အရမ်းများတာပေါ့ ဆရာ။ နောက် အပင်ပန်းခံနိုင်အောင် ဟိုလေ ပြောရရင် တစ်ခွက် တစ်ဖလားလေး ဘီယာလေး ဘာလေးလည်း အာဆွတ်ရုံလောက်တော့ လုပ်ရတာပေါ့လေ။

ဟာ…ဘယ်များလို့ရမလဲ ဆရာ၊ များရင် ကားဘယ်မောင်းနိုင်တော့မလဲ၊ ပြီးတော့ အန္တရာယ်လည်း အရမ်းများတယ်။ ပြောရရင် ကျုပ်တို့ သောက်ထားတာက ဘီယာလေး တစ်ခွက်လောက် လျှာဆွတ်အာဆွတ်ရုံလေးပါ၊ ကားသမားဆိုတာက ရံဖန်ရံခါ များချင်လည်း များတတ်ကြတာပဲလေ၊ တချို့ကားသမားတွေက ချဉ်ချဉ်တူးတူး နဲ့ပြီး ရောဆိုပြီး လွှတ်သောက်တာ။ အဲဒါကြောင့်သည်း ကျုပ်တို့ ညကြီး



www.burmeseclassic.com

www.burmeseclassic.com



မောင်းတဲ့ ကားသမားတွေက မနက်မိုးလင်းရင် ဘယ်သူ ဘယ်ကား ဘယ်နားမှာ တုံးလုံးလဲလို့၊ ဘယ်မှာသစ်ပင်နဲ့ညှားလို့၊ လူကိုချိတ်မိလို့ ဆိုတဲ့ သတင်းမျိုးစုံ နားစွင့်နေကြတာ။ ပြောရရင် ဘဝတူတွေလေ ဆရာရဲ့၊ ဘယ်သူက ဘာဖြစ်စေချင်မှာလဲ၊ ဘေးရန်ကင်းချင်ကြတာ ပေါ့၊ ဒါပေမဲ့ ဖြစ်ချင်တဲ့သူက ဖြစ်တာပဲ။ ခုန ပြောပြီးပြီလေ ဆရာရဲ့။ ကားသမားရဲ့အသက်က သတိပဲ၊ သတိတစ်ချက်လွတ်ရင် သွားရောပဲ။ ဘာပဲပြောပြော ဆရာက ကျုပ်တို့ကားသမားလောကအကြောင်း စိတ်ဝင်စားဘယ်ဆိုလို့ ဝမ်းလည်းသာ၊ ကျေးဇူးလည်းတင်ပါတယ် ဆရာ။ နောက်ပြီး ဆရာက ဟိုတစ္ဆေမျက်လုံးဆိုတဲ့ မဂ္ဂဇင်းမှာ ကျုပ်တို့ ကားသမားလောကအကြောင်းတွေ ရေးနေတာဆို။

ဟာ…တာတေလား၊ ဖတ်ဖူးတာပေါ့ ဆရာရယ်။ ဩော် အဲဒီတစ္ဆေမျက်လုံး မဂ္ဂဇင်းက အဲဒီဆရာကြီး တာတေရဲ့ လုံးချင်းဝတ္ထု တွေ ထုတ်ဝေတဲ့ စာအုပ်တိုက်ကလား။ ဩော် ဆရာကြီးတာတေက စီစဉ်တာပေါ့။ ကျုပ်တို့လည်း ဆရာကြီးတာတေရဲ့ မဖဲဝါနဲ့ ပတ်သက် တဲ့ ဇာတ်လမ်းတွေဆို အကုန်ကြိုက်၊ အကုန်ဖတ်ပါတယ်။ နယ်မြို့တွေ မှာလည်း ဆရာကြီးတာတေရဲ့ စာအုပ်တွေက ပျံ့နှံ့တာကိုး ဆရာရဲ့။ ကားသမားဆိုတော့ တစ်ခါခါ ကားနားရင် ပျင်းတော့ ဖတ်ပါတယ်။ ကျုပ်တို့ကားသမားနဲ့ တစ္ဆေသရဲတွေ၊ မမြင်ရတဲ့ အခြောက်အလှန့်တွေ ဆိုတာလည်း မကြာခဏ ကြုံတွေ့ရတဲ့ အလုပ်ကိုး။ ဩော် ဆရာက ကျုပ်ရဲ့ကားသမားဘဝနဲ့ တစ္ဆေသရဲနဲ့ ပတ်သက်တာ ကြုံတွေ့ဖူးတာ





လေး ရေးချင်တာ ဟုတ်လား။

ခုနပြောပြီးပါကော ဆရာလေးရယ်။ ကားသမားနဲ့ သရဲ တစ္ဆေဆိုတာ လင်မယားလိုဖြစ်နေတာ ဆရာရဲ့။ ကြုံဖူးတာတွေ အတော် များတော့ ဘယ်အဖြစ်ပျက် ဘယ်ဟာကို ပြောပြရမှန်းတောင် မသိဘူး။ တောင်ကြီး ပင်လောင်းမှာလည်း ကြုံဖူးတာပဲ။ ပဲခူးအကျော် ဒိုက်ဦး မြို့စွန်မှာလည်း အခြောက်ခံရဖူးတာပဲ။ နောက် သတင်းကြီးနေတဲ့ အမြန်လမ်းမှာလည်း အခြောက်ခံဖူးတယ်။ ဟာ ဆရာကလည်း သရဲ တစ္ဆေဆိုမှတော့ ဘယ်ချော ဘယ်လှပါ့မလဲ။ အလကား၊ စာရေး ဆရာအချို့က စိတ်ကူးယဉ်ပြီး ရေးနေကြတာ၊ သရဲမက ဘယ်လို ဆံပင်ဖားလျားနဲ့တို့၊ ဆံပင်အရှည်လိုတို့၊ အရမ်းလှတဲ့ ကောင်မလေးတို့။ အဲ တစ်ခုတော့ ရှိတာပေါ့လေ။ သူ့ကို တွေ့ဖူးမြင်ဖူးတာ။ အခြောက် အလှန့် ခံရဖူးတာ သရဲမချောချောလှလှလေးတွေလည်း ဖြစ်ချင်ဖြစ်မှာ ပေါ့။ ကျုပ် အခြောက်အလှန့်ခံဖူးပြီး ပက်ပင်းတိုးတာကတော့ အရမ်း အရုပ်ဆိုးတဲ့ သရဲမတွေ။ သရဲမတွေဆိုလို့ နှစ်ယောက်ကိုး ဆရာရဲ့။ အဲ သရဲမတွေ အရုပ်ဆိုးတာမှ ဘယ်လိုမှ ပုံပန်းသဏ္ဌာန် ခိုင်းနှိုင်းပြ ချင်စရာမရှိဘူး ဆရာလေး။ ခု ကျုပ်ပြန်ပြော အဲဒီသရဲမရဲ့ ဆိုးရွားလွန်း တဲ့ ပုံပန်းသဏ္ဌာန်က မျက်စိထဲ ကွက်ကွက်ကွင်းကွင်း ထင်းထင်းပြက် ပြက်ကြီး မြင်ရတာ။ အတူပါလာတဲ့ ရွှေးစိန်ဆိုတဲ့ကောင်ဆို အဲဒီသရဲ အခြောက်ခံရပြီးကတည်းက ကျုပ် အဲဒီခရီးကို စပါယ်ယာအကူအဖြစ် ဘယ်လောက်ခေါ်ခေါ် ကားနောက်မလိုက်တော့ဘူး။ ပိုက်ဆံပိုပေးမယ်



www.burmeseclassic.com

www.burmeseclassic.com



ပြောလည်း ဘယ်တော့မှ မလိုက်တော့ဘူး။ ဒီကောင် ကြောက်လန့်တကြား ငြင်းမယ်ဆိုလည်း ငြင်းလောက်တာကိုး ဆရာရဲ့။ ဘာပြုလို့လည်းဆိုတော့ အဲဒီခရီးတကြောမှာ ကျုပ်တို့လို ညကြီးမောင်းတဲ့ ကုန်ကားတွေ၊ အတွဲကားကြီးတွေ မပြောနဲ့၊ ရိုးရိုးတန်းတန်း အိမ်စီးကားလေးတွေတောင် အဲဒီနားမှာ ရပ်မိရင် တစ်နည်းမဟုတ် တစ်နည်းနဲ့ အခြောက်အလှန့်ခံကြရတော့တာပဲ။ ပြောရရင် ဘယ်သူ ဘယ်ကားမှ လွတ်တယ်ရယ်လို့ မရှိပါဘူး။

အမှန်အတိုင်း ဝန်ခံရရင် အဲဒီနေရာလေးကလည်း နာမည်ကြီးကိုး ဆရာရဲ့။

အဲဒီတုန်းက ကျုပ်က ရှမ်းပြည်ကနေ ဟင်းသီးဟင်းရွက်နဲ့ သစ်သီးဝလံတွေကို နှစ်ရက်ခြား သုံးရက်ခြားတစ်ခါ ရွှေညောင်ဘက်ကနေ ရန်ကုန်ကို ပို့ပေးနေရတာ။ ရန်ကုန် သီရိမင်္ဂလာဈေးကိုပေါ့။ မောင်းကြေးက နှစ်ရက် တစ်သိန်းလောက် ရတာပေါ့လေ။ အဲ ဒါပေမဲ့ ဆရာလည်း သိတဲ့အတိုင်း ကားသမားဆိုတာ လမ်းဘေးအိပ်၊ လမ်းဘေးစား၊ တွေ့တဲ့ထမင်းဆိုင်ကို အိမ်လုပ်ပြီးနေရတဲ့ ခြေသလုံးအိမ်တိုင်သမားတွေကိုး ဆရာရဲ့။ ပိုက်ဆံဆိုတာ အိတ်ထဲ ဘယ်မြဲပါ့မလဲ။ ပြီးတော့ ကျုပ် ကနဦးက ပြောခဲ့သလို ကျုပ်ရော ကျုပ်ရဲ့ ယာဉ်နောက်လိုက် ရွှေးစိန်ရော တစ်ခါတစ်ရံ ကိုယ်လက်တွေ ကိုက်ခဲနာကျင်တာတွေ ပြေဖို့ပျောက်ဖို့ ဘီယာလေး ဘာလေးတော့ မှီဝဲတာပေါ့ဗျာ။ ပြောရရင် ကားသမားနဲ့ အရက်၊ အပျော်အပါး၊ လောင်းကစားဆိုတာ





ကင်းခဲတယ် ဆရာ။ ကျုပ်တို့ ကားကြီးသမားတွေ၊ နယ်ကားသမားတွေမှာလည်း အကုန်လုံးမဟုတ်ပေမယ့် အနည်းအကျဉ်းတော့ သောက်သောက်စားစား လူမင်းသားတွေ လုပ်ကြသလို တစ်ခါတစ်ရံ ငွေကြေးလေး မြိုးမြိုးမျက်မျက် အိတ်ဖောင်းရင်လည်း အပျော်အပါးလေး ဘာလေးရှိတာပေါ့ ဆရာ။ ဘယ်ကင်းပါ့မလဲ။ ဘာပြုလို့လဲဆိုတော့ ပုထုဇဉ်လူသားတွေလည်းဖြစ်၊ သွေးနဲ့ကိုယ် သားနဲ့ကိုယ်၊ ပြီးတော့ အိမ်နဲ့ဝေးနေကြရတဲ့သူတွေလေ။ ဒါကလည်း အားလုံးကို ဆိုလိုတာ မဟုတ်ပါဘူး။ လူဆိုတာ သူ့ဝါသနာ သူ့အကြိုက် သူ့စရိုက်နဲ့ သူလာတာလေ ဆရာ မဟုတ်ဘူးလား။

အဲဒီတစ်ခွက်တစ်ဖလား ကားနားထားတုန်း ရွှေးစိန်နဲ့ ကျုပ်အပေါင်းအသင်း ကားသမားသုံးယောက်နဲ့ ဆုံသွားလို့ ပိုင်းဖွဲ့မိကြတာ။ အမှန်တော့ ခပ်ပါးပါးလေး ပုတ်ကြတာပါ။ ကားက မောင်းကြရဦးမှာ မဟုတ်လား။ အဲဒီမှာ အဲ အဲဒီ တစ္ဆေလား သရဲလား မသိတဲ့ သရဲမနှစ်ယောက်နဲ့ သွားဆုံတာ ဆရာရေ။ ပြောရင်းတောင် ကြက်သီးကဖြန်းကနဲ ထလာတယ်။ ဒါက တကယ့်အဖြစ်မှန် ဆရာ။ ဆရာကလည်း ကိုယ်တိုင်အပင်ပန်းခံပြီး လက်တွေ့ပရလောက တစ္ဆေသရဲတွေနဲ့ ဂမ္ဘီရဆန်တဲ့အဖြစ်တွေ ကိုယ်တိုင်အင်တာဗျူးပြီး ရေးနေတဲ့သူလို့ မိတ်ဆွေက ပြောပြလို့ ခုလိုကြုံတုန်းဆုံတုန်း ကျုပ်တို့ ကြုံတွေ့ခဲ့တဲ့ အဖြစ်အပျက်ကို မရှက်မကြောက် ပြောပြတာ ဆရာ။

ဟာ..ပရလောကတို့ တစ္ဆေသရဲ ပြိတ္တာဝေမာနိကမကျွတ်



www.burmeseclassic.com

www.burmeseclassic.com



မလွတ်တဲ့သူတွေကို မယုံဘူးလားဆိုတော့ ဗုဒ္ဓဘာသာလူမျိုးပဲ ဆရာ။ ဘုရားဟောတွေ ဓမ္မစာပေတွေမှာ အထင်အရှား ပါရှိသလို ရဟန်းသံဃာတော်တွေလည်း ဟောနေပြောနေကြတာပဲ။ သူတို့တစ်တွေ ရှိကြတယ်။ ကံနိမ့်ရင် မြင်ရတွေ့ရပြီး အခြောက်အလှန့်ခံရတတ်တယ်ဆိုတာလည်း ကြားဖူးပါတယ်။ ဒါပေမဲ့ ကိုယ်က ကားသမားလည်းဖြစ်၊ သူများတကာတွေသာ ဘယ်နေရာမှာ ဘယ်သူနဲ့ ဘယ်လိုတွေ့ပြီး ဘယ်လို အခြောက်အလှန့်ခံရတာဆိုတာ ကြားသာကြားဖူးနေတာ၊ ကျုပ်တို့က ကိုယ်တိုင် မကြုံတွေ့ဖူး မဖြစ်ဖူးတော့ စိတ်ထဲက ဘယ်အလေးအနက်ထားမလဲ။ လူဆိုတာကလည်း ဘယ်အရာမဆို ကိုယ်တိုင်ကြုံတွေ့မှ ပြုလုပ်ဖူးမှ ယုံတတ်ကြတာကိုး ဆရာလေးရ။

ယုံသွားသလား ဟုတ်လား ဆရာ၊ မေးမှ မေးတတ်ပလေတယ် ဆရာရယ်။ ပြောပြီးပါပြီကော၊ ကိုယ်တွေ့ကြုံတော့ မယုံလို့ရတော့မလား ဆရာ။ အဲဒီညက ကျုပ်ရဲ့ ယာဉ်နောက်လိုက် စပါယ်ယာရွှေးစိန်လည်း အတူကြုံရတော့ အကြောက်လွန်ပြီး ဖျားတာ တစ်ပတ်လောက်ကို ကြာသွားရော။ ဘယ်တတ်နိုင်မလဲ ဆရာ။ ဒီလိုဖြစ်ဖို့ ဒီကိစ္စကို ဒီကောင်က စတာကိုး။ အမှန်ပြောရရင် ဒီကောင်က လက်ရှိတင် စပါယ်ယာသာ ပြောတာ မယားက နှစ်ယောက်နဲ့။ နောက်ပြီး အတူသောက်စားကြတဲ့ သုံးယောက်စလုံးကလည်း အဲဒီဘက်မှာ ဝါသနာကြီးသူတွေ။ သူတို့ အစကောင်းလို့ ဖြစ်ရဘာ။

သောက်ရင်းစားရင်းနဲ့ ကားသမားတွေဆိုတော့ သိတဲ့အတိုင်း





အရှိန်လေးက တက်လာလေ ပါးစပ်တွေက အယုတ္တ အနတ္တ တောင်ပြော မြောက်ပြောတွေ ပါလာတာပေါ့။ အဲဒီမှာ သူငယ်ချင်းကားသမား အောင်မြင့်က…

“ဟေ့ကောင်တွေ၊ အရှိန်ကတော့ ဓာတ်ရှိန်ကောင်းနေပြီ၊ ဒါပေမဲ့ ငါ ငါတို့ဝိုင်းမှာ လိုနေတာ တစ်ခုရှိတယ်ကွ”

“ဘာလဲ၊ အမြည်းမရှိတော့ အာပူတယ်ဆိုတဲ့ သဘောလား၊ အဟက်…အေ့”

“ဒီကောင် ပါးစပ်ဟတည်းက အူဘယ်နှခွေလဲဆိုတာ မြင်ပြီးသားပါကွာ၊ ဟေ့ကောင် အောင်မြင့်၊ ဘာလဲ ကေတီဗွီသွားပြီး ကဲမလို့လား၊ မာဆတ်သွားချင်တာလား အေ့၊ ပြော ငါ့မှာ ရေလျှံတယ် အေ့”

“ဆ…ဆရာတို့ ဝါသနာပါရင်ပြော၊ တစ်ခါတစ်ခါ ဒီနားမှာ ရှာရင် တွေ့နိုင်တယ် အေ့”

“အေ့…ဘာပဲဖြစ်ဖြစ်ပေါ့ ရွှေးစိန်ရာ၊ ဘာပဲပြောပြော မင်းက ဒီနားမှာ နှံ့စပ်ပြီး မိတ်ဆွေပေါတယ်၊ အိုကေရင် စိုပြေရတာပေါ့၊ ငါတို့ ကားတွေက ရှေ့မှာ တောင်ပြိုလို့ သိတဲ့အတိုင်း နားရမှာ”

အရက်သမားဆိုတာ ပထမတော့ ရိုးချင်ရိုးလိမ့်မယ်။ ဒါပေမဲ့ ဗိုက်ထဲ တစ်ခွက် တစ်ဖလား ဝင်လာရင် စိတ်က တောင်ပြော မြောက်ပြောနဲ့ အယုတ္တ အနတ္တ ဖြစ်ချင်ဖြစ်လာတာ မမှုတာပဲပေါ့။

ခုနပြောသလိုပေါ့ ဆရာရယ်။ အိမ်နဲ့ဝေးနေကြရသူတွေမို့



www.burmeseclassic.com

www.burmeseclassic.com



လား။ တစ်ခါ တစ်ခါကျတော့လည်း ချေးကျရာ ပျော်ရတဲ့ ဘဝတွေ။ ဒါပေမဲ့ ဖြစ်ချင်တော့ အဲဒီနားက ကားရပ်စခန်းဆိုတော့ တစ်ခါတစ်ခါ ကားကြုံလိုက်တဲ့သူတွေ၊ အရေးကြီးလို့ သွားရတဲ့သူတွေ၊ ခရီးသွားရင်း စရိတ်ပြတ်ဒုက္ခရောက်လို့ လမ်းကြုံ ကားကြုံလိုက်တဲ့သူတွေလည်း ကျုပ်တို့နဲ့ ကြုံရတာပါပဲ။ ကျုပ်တို့ကလည်း ကြုံရင် ကြုံသလို ကားကြုံ ခေါ်ပါတယ်။ ခရီးသည်ဆီက ကားခလေးဘာလေးက ကျုပ်တို့အတွက် ထမင်းဖိုး ဟင်းဖိုးပေါ့။ အပန်းမကြီးဘူးလေ။ နောက်ဆုံး ရွှေးစိန်လည်း ကားရပ်စခန်းနားက အခြားစားသောက်ဆိုင်တွေ ကာရာအိုကေဆိုင်တွေ ဘက် လျှောက်သွားရင်း ခဏနေတော့ ပြန်လာတယ်။ ကြည့်ရတာ ထင်ထားသလို အဆင်မပြေဘူး ဆိုပါတော့။ နောက်ဆုံး မိတ်ဆွေ ကားသမားတွေလည်း မချင့်မရဲနဲ့ပဲ သူတို့ကားတွေဆီ ပြန်သွားကြ တယ်။ ဒီညတော့ ရင်ခုန်စရာ ပျော်စရာလေးတွေကို လက်လွှတ်လိုက် တဲ့ သဘောပေါ့။ ရွှေးစိန်က ကျုပ်နားလျှောက်လာပြီး တိုးတိုးလေး ပြောတယ်။

"အေ့…ဟိုကောင်တွေကိုတော့ ရှာမရဘူး၊ ဖွေမရဘူးဆိုပြီး လိမ့်ပစ်လိုက်တယ် ဆရာ၊ အဲ…ဒါပေမဲ့ ဆရာနဲ့ ကျုပ်အတွက်တော့ ဒီတစ်ည ရင်ခုန်စရာလေးတွေနဲ့ ကွန်းခိုစရာတစ်နေရာတော့ တစ်ယောက် က တီးတိုးပြောလို့ သိခဲ့ရတယ် ဆရာရေ"

"အေ့…ဟုတ်လား၊ ဒါမျိုးကျ မင်းက အကွက်မြင်ပြီး တော်သွားပြန်ရော ရွှေးစိန်ရ၊ ဘာပဲဖြစ်ဖြစ် ဒီညတော့ ကဲမယ်ကွာ"





"ဆရာ့တပည့်ပဲ ဆရာရယ်၊ ဘယ်နေရာမှာ ငါးရှိတယ်၊ ကွန်ချက်က ဘယ်လို မသိဘဲနေပါ့မလား၊ ကဲ…သွားမယ် ဆရာ ထ၊ အေ့…"

စားသောက်ဆိုင်ထဲကနေ ဒယီးဒယိုင်နဲ့ ကျုပ်တို့ ထွက်လာခဲ့ တယ်။ ကျုပ်တို့ကားတွေက ဒီအတိုင်းထားလည်း စိတ်ချရတယ်။ ရွှေးစိန်က ကျုပ်တို့ကားတွေ ရပ်ထားတဲ့နေရာလေးကို ကျော်ပြီးရှေ့က သွားတယ်။ အဲဒီဘက်မှာက စားသောက်ဆိုင် နှစ်ဆိုင်လောက်ရှိပြီး သူ့အနောက်ဘက်မှာ အောက်ဘက်ရွာလေးတွေဆီ ဆင်းသွားတဲ့ တောင်ကြားလမ်းလေးရှိတယ်။ စားသောက်ဆိုင်ရှေ့နားမှာ ထွက်လာတဲ့ လူတစ်ယောက်နဲ့ ရွှေးစိန်က တီးတိုး တီးတိုးပြောပြီး ကျုပ်ကို လက်ရပ် လှမ်းခေါ်တယ်။ ဒါနဲ့ ကျုပ်လည်း တပည့်ကျော်ကြီး ရွှေးစိန် ရှိရာ လှမ်းသွားလိုက်တာပေါ့။

"အေ့…ဘာလဲ ရွှေးစိန်"

"ဒီကနေ အောက်နည်းနည်းဆင်းရမယ် ဆရာ၊ သူတို့ရှိတယ် တဲ့၊ အတော်လေး လန်းတယ်ပြောတယ် ဆရာ အေ့၊ ဒီကောင်မလေး တွေက ခရီးသွားရင်း စရိတ်ပြတ်ပြီး ဒီမှာ သောင်တင်နေတာတဲ့"

"ပြီးရော ပြီးရောကွာ၊ တကတည်း မိန်းမနဲ့ တစ်ညအိပ်ရမှာ များ ရှည်လျားပေများလိုက်တာကွာ၊ အိမ်နဲ့ဝေးနေတာကြာလို့၊ ဟား"

ဟာ…ဆရာကလည်း ကားရပ်စခန်းက နာမည်ကြီးကြီး တယ်။ ဒါပေမဲ့ ရွာနာမည် မြို့နာမည်တွေ ဖွင့်မပြောကောင်းလို့



www.burmeseclassic.com

www.burmeseclassic.com



မပြောတာပါ။ ကားစခန်းတစ်ခုလို့ပဲ ရေးပေါ့ ဆရာရယ်၊ ဘယ်သူမှ မထိပိုက်ဘူးပေါ့။ အဲဒါနဲ့ ကျုပ်တို့က ဘီယာရှိန်လေးကလည်းတက်၊ ဒီလိုကိစ္စဆိုတာမျိုးကလည်း လူကို အမှားအမှန် မခွဲခြားနိုင်လောက်အောင် ဖြားယောင်းတာကိုး ဆရာရဲ့။ ရွှေးစိန်က တောလမ်းလေးအတိုင်း အောက်ဆင်းတော့ ကျုပ်လည်း ဒယီးဒယိုင်နဲ့ ပါတာပေါ့။ အောက်မှာ ငါးတဲလေးတစ်လုံးကို လရောင်အောက်မှာ မှုန်ဝါးဝါးလေးမြင်ရတယ်။ လမ်းမကြီးအပေါ်ဘက်မှာသာ လျှပ်စစ်မီးက ရှိတာကိုး ဆရာ။ အောက်ဘက်က အိမ်တွေက ဘယ်မီးရှိမလဲ။ ဘတ္တရီမီးလုံးလေး နီကျင်ကျင်တော့ ထွန်းထားတာ တွေ့တယ်။ ကျုပ်တို့က မွန်နေတာကိုး စာရေးဆရာရဲ့။ အမှောင်တကော့ အမှောင်မှာ ဒီအမှောင်ဟာအမှောင်ဆုံး၊ အနက်ရှိုင်းဆုံးလို့ ဆိုတာကိုး။ တဏှာရာဂ ကိလေသာအမှောင်လေ။ ရွှေးစိန်က ကျုပ်ကို အသာလက်ကုတ်ပြီး တဲလေးထဲ ဝင်လိုက်တယ်။ ကျုပ်က နောက်က။

တဲလေးက ကျုပ်တို့ လှမ်းဝင်လိုက်တော့ ဘယ်သူမှ မရှိဘူး။ အဲ…ဒါပေမဲ့ တဲအနောက်ဘက် ထရံခြားနေတဲ့ အိမ်ခန်းထဲကနေ အိပ်ချင်မူးတူးနဲ့ အသံလေးတစ်သံက ထွက်ပေါ်လာတယ်။

"ဧည့်သည်တွေလား၊ လာလေ၊ ဝင်ခဲ့ပါရှင့်"

"ခစ်…ခစ်ခစ်၊ နှင်းစိန်ရေ၊ ဒီညတော့ တို့ကို ပျော်စရာကြည်နူးမှုလေးတွေနဲ့ တို့ပြုစုယုယမှုကို ခံချင်လို့ လာကြပြန်ပြီထင်တယ်၊ ပြုစုပေးရမှာပေါ့လေ၊ အစ်ကိုကြီး လွတ်လိုက်တာပဲနေမယ်"





"ခစ်…ခစ် ဝင်ခဲ့လေ၊ ကျွန်မတို့က အခန်းထဲမှာရှင့်"

ရွှေးစိန်က ကျုပ်ကို မျက်ရိပ်ပြတယ်။ လူကို မမြင်မတွေ့ရသေးပေမယ့် အခန်းထဲက ထွက်ပေါ်လာတဲ့ အသံလေးတွေကိုကသာယာပြီး အိုဗျာ ပြောရရင် ကျုပ်တို့ ကြက်သီးတဖြန်းဖြန်း ထလာစေတာပေါ့။ အခန်းထဲက အသံက နှစ်သံဆိုတော့ အိပ်ခန်းထဲမှာ ကျုပ်တို့နဲ့ အတူပျော်မယ့် မိန်းကလေးက နှစ်ယောက်ပဲဖြစ်မှာပေါ့။ ကျုပ်တို့မူးနေပေမယ့် သွေးကဲ့ ဆူဝေလာသလို ရင်ကလည်း တလှပ်လှပ်ပေါ့ဗျာ။

"ဝင်ခဲ့လေ၊ အစ်ကိုကြီးတို့ ခစ်ခစ်"

"ညီမလေးတို့က ကိုက်မစားပါဘူးရှင့် ခစ်ခစ်"

ကျုပ်တို့ အခန်းထဲကို ဝင်လိုက်ကြတော့ အိပ်ခန်းလေးထဲမှာလည်း ဘတ္တရီမီးလုံးလေး ဝါကျင်ကျင်နဲ့ ဟောင်းနွမ်းဝါရော်နေတဲ့ ခြင်ထောင်လေးနှစ်ခုကလည်း ယှဉ်ပြီးထောင်ထားတယ်။ တကယ့်ကိုသည်းထိတ်ရင်ဖိုကား ရိုက်နေရသလိုပဲ။ ခုထိ ကိုယ်နဲ့ပျော်ပါးမယ့် မိန်းကလေးကို မမြင်တွေ့ရသေးဘူး။ ဘာပဲပြောပြော ကျုပ်တို့ကလည်း ဘီယာရှိန်နဲ့ ဝီစကီရှိန်က တရိပ်ရိပ်တက်လာပြီဆိုတော့ ချဉ်ချဉ်တူးတူးမူးပြီးရောပဲ။ ဝန်ခံရရင် လူဆိုတာ မိုက်ရင် မှောင်တတ်တယ်ဆိုတာအတိအကျပဲ။ ဘာကိုမှ မမြင်တော့ဘူးလေ။ ခြင်ထောင်ဟောင်းလေးတွေထဲက ပီယဝါစာအသံလေးတွေကလည်း သွေးတွေဆူ ရင်ခုန်စရာလားဗျ။

www.burmeseclassic.com



ကျုပ်လည်း ရွှေစိန်က တစ်ဖက်ခြင်ထောင်ထဲ ဖျတ်ကနဲ ဝင်သွားတယ်။ ခိုးခိုးခစ်ခစ် ရယ်သံတွေက ကျုပ်စိတ်ကို မရိုးမရွ ကလိနေတော့ ကျုပ်လည်း ခြင်ထောင်ကိုမ,ပြီး ဖျတ်ကနဲ ဝင်လိုက်တာပေါ့။ တကယ်လည်း ခြင်ထောင်ထဲမှာ လှဲပြီး ပြိတီတီအကြည့်နဲ့ ကျုပ်ကို မဆိုတရို့လေး ကြည့်နေတယ်။

"ခစ် ခစ်၊ ဘာကြည့်နေတာလဲ၊ လှလို့လား"

"ဩော်...ဟို..."

"ခစ် ခစ် ခစ်၊ ဟင်း ဟင်း ဟင်း"

ဝါကျင်နေတဲ့ မလင်းတလင်း ဘတ္တရီအလင်းရောင်လေး အောက်မှာ အိမ်နဲ့ ရက်ပေါင်းများစွာ ဝေးနေရတဲ့ ကျုပ်တို့အတွက်တော့ ပင်လယ်ရေဟာ ဘယ်လောက်ငန်ငန် ဘယ်သောက်ပြေပါ့မလဲ ဆရာရယ်။ အချိန်က ဘယ်လိုကုန်သွားသလဲ မသိဘူး။ ကျုပ်တို့အတွက် ပင်လယ်ကြီးထဲမှာ သောက်လေ သောက်လေ ငတ်မပြေပေါ့ ဆရာရယ်။

"ဟင်းဟင်း ဟင်းဟင်း"

"ခစ်ခစ် အဟင်းဟင်း"

"ခစ်၊ အို...လွှတ်...လွှတ်ပါဦး...ခစ်ခစ်"

"လှလားလို့ ဒီမှာကြည့်ပါဦး ခစ်ခစ်"

အဲဒီအချိန်မှာပဲ ရုတ်တရက် ရွှေစိန်ဆီကနေ အသံကြီးက ကြောက်မက်ဖွယ်ရာကြီးဗျာ။





"အောင်...မ...လေးဗျ"

တကယ့်ကို ကြောက်မက်ဖွယ်ရာ တစ်စုံတစ်ခုကို သွေးပျက်မတတ် မြင်လိုက်ရတဲ့သူလို မထိတ်မလန့်သာ အသံကြီးကြောင့် ကျုပ်တစ်ကိုယ်လုံး ကြက်သီးမွေးညင်းတွေထ ဆံပင်တွေ ထောင်သွားတယ်။ ကျုပ် ပါးစပ်ပြင်တုန်းမှာပဲ...

"ကယ်...ကယ်ကြပါဦး...သ...သရဲ...၊ သရဲမကြီး... သ...သရဲမ..."

"ခစ် ခစ် အဟင်း"

သွေးပျက်မတတ် ရွှေစိန်ရဲ့ အသံကြီးက ကြောက်လန့်တကြားပါပဲ။ တစ်ဆက်တည်း ကြောက်လန့်တကြား ဝရုန်းသုန်းကား အသံဗလံတွေ ကြားရပြီး ရွှေစိန် တဲပေါ်ကနေ ကမူးရှူးထိုး ဆင်းသွားသံကြားတယ်။

"ရွှေစိန်၊ ဟေ့ကောင် ဘာဖြစ်..."

"အဟင်း...ရှင့်လူက ကျွန်မ ညီမလေးရဲ့ မျက်နှာကို မြင်သွားလို့နေမှာပေါ့၊ ခုတော့ လှ မလှ၊ ချော မချော သိသွားလို့နေမယ် ခစ်၊ ဘယ့်နှယ်လဲ၊ ကျွန်မရော ချောသလားလို့ ကြည့်ပါဦး ခစ်ခစ်"

ကျုပ်ရဲ့စိတ်က မီးရောင်မှိန်မှိန်တဲလေးပေါ်ကနေ သွေးပျက်မတတ် ကြောက်လန့်တကြား အသံနက်ကြီးနဲ့ ဟစ်အော်ပြီး ထွက်ပြေးသွားတဲ့ ရွှေစိန်ရှိရာ စိတ်ကရောက်သွားပြီး ခြင်ထောင်ထဲကနေ ကမူးရှူးထိုး ထလိုက်တယ်။ အဲဒီအချိန်မှာပဲ ကျုပ်ရဲ့ဘေးမှာထိုင်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက ရုတ်တရက်ထပြီး ပြောလိုက်တော့ အမှတ်တမဲ့ ကျုပ်က လှည့်အကြည့်···

"အား···"

"ခစ် ခစ်···ခစ်ခစ်"

"အောင်···မယ်···မယ်လေး···ဗျာ···သ···သရဲ···မကြီး"

စဉ်းစားကြည့်ပါ ဆရာလေးရာ။ ကျုပ်ရဲ့ဘဝသက်တမ်းတစ်လျှောက် ပထမဆုံး အသည်းပျက်မတတ် ထိတ်လန့်ချောက်ချားအောင် တွေ့ကြုံရတဲ့အဖြစ်ပဲ။ အဲလို အသက်ရှူရပ်သွားအောင် တွေ့ရမယ်လို့ ကျုပ်မပြောနဲ့၊ ဆရာလေးလည်း ထင်မြင်မိမှာ မဟုတ်ဘူး။ ကျုပ်တို့ကပဲ အရက်တွေမူးပြီး မဟုတ်တဲ့ ပရလောကသားတွေကို ထင်မိထင်ရာ မြင်မိမြင်ရာ အရက်ကြောင် ကြောင်ပြီး မြင်တာလား၊ ဒါမှမဟုတ် အပျော်အပါးမက်မိလို့ ကိုယ့်ရဲ့ မရှိမဲ့ ရှိမဲ့ ဘုန်းကံတွေ နိမ့်သွားလို့ ပရလောကသားတွေနဲ့ ကြုံတွေ့ရတာလား။ ကြုံတွေ့ရင်ဆိုင်ရတဲ့အဖြစ်အပျက်ဟာ ခုနပြောသလို အရက်ကြောင် ကြောင်ပြီး မြင်မိမြင်ရာ မြင်တာလား တကယ်လား ဆိုတာလည်း ခု ဆရာ့ကို ပြောပြနေတဲ့အထိ ကျုပ် အဖြေမှန် ရှာမရသေးဘူး။

ဟာ···ဘာကိုတွေ့လို့ ဘာဖြစ်တာလဲ မမေးနဲ့ ဆရာ။ ကျုပ်နေရာမှာ ဆရာလေးဆိုရင်လည်း ကိုယ် ဘယ်လိုမှ တွေးမထားတဲ့ ထင်မှတ်မထားတဲ့အဖြစ်နဲ့ မယုံကြည်နိုင်လောက်အောင် ဖြုန်းစားကြီး ရင်ဆိုင်ကြုံတွေ့လိုက်ရရင် ဘယ်လိုနေမလဲ။ ကြောက်စိတ်နဲ့ အသက်ရှူ





ရပ်၊ နှလုံးရပ်သွားမှာပဲ။ တကယ်လည်း မယုံကြည်နိုင်စရာကိုး။ ဒါကြောင့် ရွှေးစိန် သေလုမျောပါး အော်ပြီးဆင်းပြေးတာ။

ခုနပြောပြီးပြီ။ ရွှေးစိန်က သူ့ဘာသာသူ ငွေကြေး ဘယ်လောက်နဲ့ အဆင်ပြေမှန်းမသိတဲ့ ဒီလမ်းကြားလျှိုနိမ့်ထဲက တဲကြီးတစ်လုံးထဲမှာ အရမ်းချောမောလှပတဲ့ မိန်းမချောလေးတွေနဲ့ နှစ်ပါးသွားရမှာ ဘယ်သူ ယုံမလဲ ဆရာ။ ကျုပ်တို့က မူးနေတာကိုး။ ဒါပေမဲ့ ရွှေးစိန်နဲ့ ပျော်ကြတဲ့ ကောင်မလေးကတော့ လှသလား မလှသလား ကျုပ် မသိပေမယ့် ကျုပ်ရင်ခွင်ထဲက ကောင်မလေးကတော့ လှတာသေချာတယ်။ အဲဒီမှာ ရွှေးစိန် အသည်းပျက်မတတ် အော်ဟစ်ထွက်ပြေးတော့မှ ကျုပ်ရှေ့က မိန်းကလေးကလည်း ကြည့်ပါဦးဆိုတော့···

စဉ်းစားသာကြည့်ပါတော့ ဆရာ။ ပြောရင် ဘယ်သူမှ ယုံနိုင်ကြမယ် မထင်ဘူး။ တစ်ချိန်လုံး ကျုပ်ရင်ခွင်ထဲ ချောမောလှပတဲ့ မိန်းကလေးဗျာ၊ 'ဒီမှာကြည့်ပါဦး' ဆိုလို့ ကျုပ်က လှမ်းအကြည့်၊ အောင်မယ်လေးဗျာ၊ ကျုပ်တစ်သက် ခုလိုမျိုး ရုပ်ပျက်ဆင်းပျက် နာနာဘာဝ ဝိညာဉ်ပူးနေတဲ့ တစ္ဆေသရဲမ ဆိုတာကို အနီးကပ် အသည်းပျက်မတတ် မြင်ဖူးလိုက်ရတာပဲဗျို့။ ကွာလှ ကျုပ်နဲ့ သူက လေးငါးပေပေါ့ဗျာ။ အဲဒီအချိန်မှာပဲ စောစောက ရွှေးစိန်ရဲ့ ခြင်ထောင်ထဲကမှလည်း ခိုးခိုးခစ်ခစ် ရယ်သံနဲ့ ဖြုန်းကနဲ ထွက်လာတဲ့ မျက်နှာကြီးက ဆရာရေ ပြောရင် ယုံချင်မှတောင် ယုံကြမယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်နဲ့အတူ အပျော်လေးတွေ ဖန်တီးတဲ့ မိန်းမက မျက်နှာကြီးက ခုနလို အသက် ၂၀ ကျော်ရွယ် နှာတံစင်းစင်း၊ အသားညို ညက်ညက်၊ မျက်ဝန်းလှလှနဲ့ မိန်းကလေး မဟုတ်တော့ဘဲ အသက် ၈၀ ကျော် ၉၀ လောက်ရှိတဲ့ အရိုးပြိုင်းပြိုင်း ပါးရည်နားရည်တွေ တွဲကျပြီး လက်ဝဲဘက်မျက်လုံးကြီးက မရှိဘူး၊ ဟောက်ပက်ကြီး ဆရာ။ နှုတ်ခမ်းကြီးကလည်း တစ်ခြမ်းက ပဲ့ကျနေပြီး လျှာတောင် အပြင်ရောက်နေတဲ့ မျက်နှာကြီး။ အဟီး ခုပြောတောင် ခုကြက်သီးထတယ်။ တကယ် တကယ်။

ဟိုဘက်က မိန်းကလေးလည်း ထွက်လာတော့ ဆံပင်က ဖရိုဖရဲနဲ့ မျက်လုံးတွေက နီရဲနေတာ။ ဒါပေမဲ့ လက်တစ်ဖက်က သွေးတွေစီးကျပြီး လက်ကောက်ဝတ်ကနေ ပြတ်နေတာ၊ အသားဖတ်တွေတောင် တိုးလို့တွဲလောင်းနဲ့ ဆရာရေ။ နှစ်ယောက်စလုံး ညတုန်းက လှတဲ့ ချောတဲ့ ရုပ်ရည်ရော၊ သာယာတဲ့ နတ်မိမယ်လို အသံလေးတွေရော တစ်စက်မှ မဟုတ်တော့ဘူး။ တဟင်းဟင်း တခစ်ခစ်နဲ့ ရယ်နေသံကိုက ခြောက်ကပ်အက်ကွဲပြီး နာနာဘာဝတွေ ညည်းသံကြီးလိုပဲဗျာ။

ဟာ...ဘာပြောကောင်းမလဲ ဆရာ။ ဆံပင်တွေ ဖျင်းကနဲ ထောင်ထပြီး ကျုပ်လည်း ကြောက်လန့်တကြားနဲ့အော်ပြီး ဝါးတဲပေါင်းလေးပေါ်ကနေ ဘယ်လိုခုန်ချပြီး အလဲလဲအကွဲကွဲနဲ့ ကျုပ်ကားဆီ ဘယ်လိုပြန်ရောက်လာမှန်းတောင် မသိဘူး။ ဘယ်အချိန်ရှိမှန်းတောင် မသိဘူး။ ရွှေးစိန်ကို မနက်မိုးလင်းပြီး နေမြင့်မှ အနီးနားက အရက်ဆိုင်





မှာ ပြန်တွေ့ရတာ။ ဒီကောင်ဆို ရန်ကုန်ရောက်တဲ့အထိ ဖျားတာ ခုနစ်ရက်လောက်ရှိတယ်။ ကြောက်လို့။

အမှန်တော့ နောက်မှသိရတာက ကျုပ်တို့က မူးမူးနဲ့ ပျော်စရာရှာရင်း ရွှေးစိန်ကလည်း မူးကြောင်ရူးကြောင်နဲ့ သူ့အသိဆိုတဲ့ အရက်သမား မူးမူးနဲ့ တမင်ချောက်ချလိုက်တာကို အရက်ရှိန် ဘီယာရှိန်နဲ့ ကျုပ်တို့က မဆင်မခြင် တဲထဲရောက်သွားတယ်။ အဲဒီကားရပ်စခန်းနားက လူတွေတောင် ညဘက် နေဝင်တာနဲ့ အဲဒီလမ်းလေးဖက် တပိုတပါးတောင် ဆင်းမသွားရဲဘူးတဲ့။ သိပ်မကြာခင် ခြောက်လလောက်က အဲဒီတဲလေးမှာ နေကြတဲ့ ဈေးသည်ကောင်မလေး ညီအစ်မ နှစ်ယောက် တစ်ည မူးရူးနေတဲ့ လူတစ်စုနဲ့တွေ့ပြီး မားပြတိုက်၊ မုဒိမ်းကျင့်ပြီး ရက်ရက်စက်စက် အသတ်ခံခဲ့ရတာလို့ ပြောတယ် ဆရာ။ မကျွတ်မလွတ်ဘဲ ခြောက်လိုက် လှန့်လိုက်တာမှ ဒင်းကြမ်းပဲတဲ့။ ဒါကို ရွှေးစိန်က အရက်ရှိန်နဲ့ မွှန်ထူပြီး ဘုမသိ ဘမသိနဲ့ တကယ်အဟုတ်မှတ်ပြီး ကျုပ်ကို ခေါ်သွားတာ။ အဲဒီမှာ ခုပြောပြတဲ့ အစိမ်းသေ မကျွတ်မလွတ်တဲ့ သရဲမနှစ်ယောက်နဲ့ ကျုပ်တို့ တစ်ညတာ နှစ်ပါးသွားခဲ့ရတာပေါ့ဗျာ။

ဒါပေမဲ့ ကျုပ် မရှင်းဘူး ဆရာ။ အံ့လည်း အံ့သြပြီး ဂဏှာရ ဆန်နေလို့ပါ။

တကယ်လို့ အဲဒီသရဲမ ညီအစ်မနှစ်ယောက် အစွဲအလမ်းနဲ့ မကျွတ်မလွတ်ဘဲ အစိမ်းသေဘဝနဲ့ ခြောက်လှန့်တာတော့ မှတ်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ကလည်း အဲဒီမိန်းကလေးတွေနဲ့ အတူနေခဲ့ရတာ အမှန်ပဲ။ တစ္ဆေသရဲဆိုတာ ကိုယ်ထင်ပြပြီး ခြောက်လှန့်လို့ ရသလားဗျ။ ဒါမှမဟုတ် ကျုပ်နဲ့ ရွေးစိန် အမူးလွန်ပြီး မြင်မိမြင်ရာ မြင်တာလား၊ ကျုပ်တို့ကပဲ အဲဒီနာမည်ကြီးနေရာမှာ အလေးအပေါ့တွေ မဆင်မခြင် သွားမိလို့ ကံနိမ့်ပြီး ဆိုင်ရာ တောစောင့်တောင်စောင့်တွေက ခြောက်လှန့်တာပဲလား၊ မဟုတ်ရင် ကျတ်တွေ၊ သိုက်နန်းရှင်တွေကပဲ ကျုပ်တို့ကို လှည့်စားခြောက်လှန့်တာပဲလား ခုထိ မတွေးတတ်သေးပါဘူးဗျာ။

ရသချာတာက တကယ့်ကို ကြုံခဲ့ရတဲ့ တကယ့်အဖြစ်အပျက်ပါဆရာခုဆရာ့ကို ပြောနေတုံး ကျုပ်ကြက်သီးတွေထနေတာပဲကြည့်တော့။

မင်းအိမ်ခန့်





# မြို့ဆိုးကုန်းမှတိုယ်တွေ့များ

## ဘိုးသာခင်

မြို့ဆိုးကုန်းရဲ့ သမိုင်းကို ပြောရမယ်ဆိုရင် တည်နေရာကို အရင်ပြောပါမည်။ တည်နေရာကတော့ မန္တလေး မတ္တရာမီးရထားလမ်း အရှေ့ဘက်ကပ်လျက် ကျုံးရွာဘူတာနဲ့ လွန်တောင်းဘူတာအကြားမှာ တည်ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အနော်ရထာမင်းလက်ထက် ယခုတောင်ပြုန်းမင်းနှစ်ပါး ဖြစ်တဲ့ ရွှေဖျင်းကြီးရွှေဖျင်းငယ်မင်းနှစ်ပါးရဲ့ဇွမ်းပကားနဲ့ တရုတ်ဦးတီပွား ထံမှ စွယ်တော်များပင့်ဆောင်အောင်မြင်လာပါတယ်။ စွယ်တော်များ ဒေသစာရီ ကြွချီတော်မူလာလေရာ တောင်ပြုန်းကြီးနယ်မြေအရောက်မှာ ကိန်းဝပ်တော်မူပါတယ်။ သည်အခါမှာအနော်ရထာမင်းကြီးဟာ တောင်ပြုံးနယ်မှာ ယာယီရပ်နားစခန်းချပြီး ရွှေဖျင်းကြီးရွှေဖျင်းငယ် မင်းနှစ်သွယ်အား တောင်ပြုန်းကြီးနယ် ကျော်စဉ်တစ်လွှား မတ္တရာနယ်ကို အပိုင်းစားစေဆိုပြီး အပိုင်းစားများ ပေးသနားပါတယ်။

မင်းညီမင်းသား မင်းမှူထမ်းများနှင့်တကွ နယ်သူနယ်သား များ လူတစ်ယောက်လျှင် အင်္ဂတေတစ်ဆုပ် ရေတစ်မှုတ် အုတ်တစ်ချပ် ထည့်ဝင်ရမည်ဆိုတဲ့အမိန့်နဲ့ ဆုတောင်းပြည့်မြတ်စွာဘုရားကို တောင်ပြုန်းရွာမှာ တည်တော်မူခဲ့ပါတယ်။ ဆုတောင်းပြည့်စေတီ တည်တော်မူနေစဉ်အခါမှာ အနော်ရထာမင်းရဲ့ နောက်ပါအခြွေအရံများ ဖြစ်ကြတဲ့ မှူးကြီးမတ်ရာ သေနာပတိဝန်ကြီးများ၊ ဆင်တပ်၊ မြင်းတပ်များဟာ ယာယီမြို့ကလေးတစ်မြို့လိုတည်ပြီး သူ့နေရာ သူ့အပိုင်းနဲ့သူ ခေတ္တခဏ နေခဲ့ကြတယ်။ အဲဒါကြောင့် ပထမတော့ မြို့ကုန်းဆိုပြီး အမည်တွင်ခဲ့တယ်။ ထို့နောက် ဆုတောင်းပြည့်စေတီ အုတ်နှစ်ချပ်လပ်တဲ့ ကိစ္စနဲ့ပတ်သက်ပြီး ရွှေဖျင်းကြီး ရွှေဖျင်းငယ် မင်းနှစ်ပါး ရာဇဒဏ်သင့်





လို့ ကွပ်မျက်ခံရပြီး အနော်ရထာမင်းနဲ့ နောက်ပါအခြွေအရံတွေဟာ ပုဂံပြည်ကို ပြန်ကြွသွားကြတယ်။ မင်းနှစ်ပါးကလည်း မင်းပြစ်မင်းဒဏ်သင့်ပြီး ကွပ်မျက်ခံထားရတော့ သည်မြို့ကုန်းဆိုတဲ့နေရာကို လူတွေကလည်း မင်းပြစ်မင်းဒဏ်သင့်မှာကြောက်ပြီး မနေရဲကြဘူးလေ။ အဲသည်ကုန်းပေါ်မှာ မှူးကြီးမတ်ရာသေနာပတိ ဝန်ကြီးတွေ တည်ထားခဲ့တဲ့ စေတီလေးတစ်ဆူလည်း ရှိသေးသည်။

လူမနေတာ နှစ်တွေ လတွေ ကြာလာတော့ သည်ကုန်းကြီးဟာ ချုံနွယ်ပိတ်ပေါင်းတွေ ပေါက်ရောက်ပြီး ဖုန်းဆိုးတောတစ်ခု ဖြစ်သွားတယ်ပေါ့။ စေတီလေးကိုလည်း အပြင်ကနေ မမြင်ရတော့ဘဲ အတွင်းပိုင်းဝင်မိမှ စေတီလေးကို မြင်ရတွေ့ရတော့သည်။ ယခုအခါမှာတော့ အဲဒီကုန်းကြီးကိုမြို့ဆိုးကုန်းလို့ ခေါ်တယ်။

ခေတ်တွေပြောင်းလဲလာသလို သာဒင့်အဖေ ဦးကောက်ရကလည်း စီးပွားကွက်ချဲ့ထွင်လာလေသည်။ အရင်ကလို လယ်ထွန်တုံးပိတ်ရင် သစ်ခုတ်ဝါးခုတ် တောတက်အလုပ်ကို မလုပ်တော့ပေ။ လယ်လုပ်ရင်းနဲ့ ဘဲမွေးလေသည်။ လယ်တစ်ဖက်ဘဲတစ်ဖက်ပေါ့။ လယ်အလုပ်ကိုတော့ သာဒင့်အဖေဦးကောက်ရက တာဝန်ယူသည်။ မနိုင်တဲ့အခါမှာတော့ နေ့စားငှားသည်။ အခင်ကတော့ဘဲမွေးမြူရေးကိုပဲ တာဝန်ယူရတယ်ပေါ့။ ဘဲ[illegible]ဘဲပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ဥဘဲဆိုတာက တစ်နေရာတည်း အတည်နေလို့ မဖြစ်ဘူးလေ။ စားကျက်ကောင်းရာ အဆင်ပြေရာကို ရွှေ့ပြောင်းနေရတာလေ။

အခုလည်း မြို့ဆိုးကုန်းမြောက်ဖျားကုန်းစောင်းမှာ သာဒင် ဘဲခြံရွှေ့ပြောင်းလို့ ရောက်နေတယ်လေ။ မြို့ဆိုးကုန်းပတ်လည်မှာတော့ လယ်ကွင်းကြီးပေါ့။ ဥဘဲဆိုတာ ဥနေရင် သိပ်ငွေရှင်တာ။ သာဒင်ဆို မိုးလင်းတာနဲ့ ငွေနှစ်သောင်း သုံးသောင်းက ဘွားကနဲ ပေါ်လာတာ။ ဒါကြောင့် သာဒင်က ဘဲတွေကို အထူးဂရုစိုက်တယ်လေ။

ဘဲခြံရောက်စ တစ်ညကတော့ မြို့ဆိုးကုန်းရဲ့ သတင်းစကားတွေကို သာဒင်တစ်ယောက် ကြားထားသည်မို့ တောင်တွေးမြောက်တွေးနဲ့ နည်းနည်းကျောတော့စိမ့်မိသည်။ ဒါပေမဲ့ ဦးသူတော် ဖိုးရွှေသီးတပည့်ပဲ၊ အပွဲပွဲနွှဲလာခဲ့တော့ ပြီးပြီလေ။ မြို့ဆိုးကုန်းစေတီလေးက သိုက်ရှိသတဲ့။ တစ်ခါတစ်ခါ တောင်ပြုန်းမင်းနှစ်ပါးက ကိုယ်ယောင်ပြသတဲ့။ သိုက်စောင့်သရဲကြီးကလည်း မြို့ဆိုးကုန်းမြောက်ဘက် လယ်ပြင်ထဲက လက်ပံပင်ကြီးနားမှာ ညတိုင်းလိုလိုခေါက်တုံ့ ခေါက်ပြန်လမ်းလျှောက်နေတတ်သတဲ့။

ဒါတွေကတော့ တစ်ယောက်စကား တစ်ယောက်နားပေါ့လေ။ အဲသည်မြို့ဆိုးကုန်းရဲ့ အနောက်ဘက်မှာ သိမ်ကုန်းဆိုတဲ့ ရွာကလေးရှိတယ်။ အဲသည်ရွာသူ ရွာသားတွေ မြို့ဆိုးကုန်းပေါ်မှာ





ဖြတ်သွားဖြတ်လာရင်းနဲ့ လက်ဝတ်ရတနာတွေ ကောက်ရကြတယ်။ လက်စွပ် ဆွဲကြိုးကအစ ခြေကျင်း လက်ကောက် ဘယက်ထိ ရကြတယ်။ အဲသလို ရကြတဲ့သူတွေကို သာဒင်က မေးမြန်းလေ့လာကြည့်တော့ အဲသည်သိုက်က ပေးသင့်တဲ့သူတွေကို ပေးတာလို့ ယုံကြည်နေကြတယ်။

အဲသလိုနဲ့ည(၁၂)နာရီလောက်မှာပေါ့ဘဲခြံတဲထဲ သာဒင်တစ်ယောက် အိပ်ပျော်ရာမှနိုးနေပြီး တောင်တွေးမြောက်တွေး တွေးနေစဉ် 'စွပ်…စွပ်…စွပ်'နဲ့ လယ်ကွင်းရေပြင်ထဲက လူဖြတ်သွားသလို အသံကြားလို့ လသာသာနဲ့ လယ်ရေပြင်ထဲကို ကြည့်လိုက်တော့ လူတစ်ယောက်ဖြတ်သွားနေသလို လှိုင်းဂယက်အဝိုင်းကလေးတွေ ထထသွားပြီး မြို့ဆိုးကုန်းပေါ်တက်သွားသည့် မဲမဲသဏ္ဍာန်တစ်ခုကို မြင်ရလေသည်။

သာဒင်တို့က ဒါမျိုးကြောက်ဖို့ဆိုတာဝေး၊ အပွဲပွဲလည်း နွှဲလာသူမို့ 'အင်း…နက်ဖြန်ညတော့ စောင့်ကြည့်ရသေးတာပေါ့' လို့စိတ်ထဲကတေးထားလိုက်သည်။ သည်လိုနဲ့တစ်မိုးသောက်လို့ အလင်းသို့ရောက်ခဲ့လေတော့သည်။

နောက်တစ်နေ့ညရောက်တော့ တဲပေါ်တက် အိပ်ရာထဲဝင်ကာ မအိပ်သေးဘဲ ညကအကောင်လာမည့်အချိန်ကို သတိနဲ့စောင့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



နားစွင့်နေလေသည်။ ည(၁၂)နာရီလောက်ကျ လာပါပြီ၊ ထိုအကောင်ကြီး။ အရပ်ကြီးက(၁၂)တောင် ဝါးတစ်ပြန်လောက်မြင့်တဲ့ လူအကြီး ကြီး။ သည်တစ်ခါတော့ ရေထဲကမဟုတ်ဘဲ တဲခေါင်းရင်း ကန်သင်းရိုးကလေးအတိုင်းလာပြီး တဲခေါင်းရင်းရောက်တော့ တဲထဲကို နှစ်ခါ သုံးခါလောက် ငုံ့ကြည့်ပြီး မြို့ဆိုးကုန်းဆီသို့ ဆက်လျှောက်သွားလေသည်။

နောက်တစ်နေ့ နေ့လည်ရောက်တော့ သာဒင်တစ်ယောက် ဦးသူတော် ဖိုးရွှေသီးထံ အရောက်လှမ်းခဲ့ပြီး ညကအကြောင်း လျှောက်ထားလိုက်တော့···

"အေး··အဲဒါ သူသွားနေကျလမ်းကွ၊ သူသွားနေကျလမ်းကို မင်းဘဲခြံက ပိတ်ရိုက်ထားတော့ သူ လမ်းပျောက်နေတာ၊ အကောင်းဆုံးကတော့ ငါ့တပည့် ဘဲခြံရွှေ့ပေးလိုက်တာ အကောင်းဆုံးပဲ"

ဦးသူတော်စကားအရ သာဒင်လည်း နောက်တစ်နေ့ မြို့ဆိုးကုန်းရဲ့တောင်ဘက် ရွှေလောင်းချောင်းမကြီးဘေးမှာ ဘဲခြံကို ရွှေ့လိုက်သည်။ မြို့ဆိုးကုန်းနဲ့ လယ်သုံးလေးကွက်လောက်တော့ ခြားတယ်ပေါ့။

တစ်ည နှစ်ည သုံးညလောက်တော့ ဘာမျှမထူးပါဘူး။ လေးညမြောက်မှာတော့ ထူးလာပြန်တယ်။ ည(၁၂)နာရီလောက်ကြီးမှာ ဘဲခြံနဲ့မနီးမဝေးရှိတဲ့ နွားများရေဆင်းသောက်တဲ့ ရွှေလောင်း





ချောင်းရေဆိပ်မှာ ယောကျ်ား၊ မိန်းမ၊ ကလေး ရေချိုးရေကူးနေတဲ့ အသံတွေ ကြားလို့ ဒီအချိန်ကြီး ဘယ်ကပဟာတွေများ ရေချိုးနေကြတာလဲလို့ သာဒင်တဲထဲကထွက်ကြည့်လိုက်တော့ လူသံနဲ့ ရေသံတွေ သာကြားနေရတာ ဘာလူ ဘာအကောင်မျှ မမြင်ရ။ အတန်ကြာတော့ လူသံတွေက မြို့ဆိုးကုန်းဆီသို့ တရွေ့ရွေ့လွင့်ကာ ပျောက်ကွယ်သွားလေသည်။

ဒါလောက်ကတော့ သာဒင်က ဘယ်အရေးစိုက်လိမ့်မတုံး။ ဘဲခြံနဲ့လည်း အတော်ကလေး လှမ်းတာကိုး။ သူ့ဘဲဥဖို့ပဲ အရေးကြီးသည်။ သည်တော့ ဘဲကိုပဲဂရုစိုက်၊ ကိုယ့်အလုပ်ကိုလုပ်ပြီး မေ့မေ့ပျောက်ပျောက်နေလိုက်တယ်။

တစ်နေ့တော့ နေ့လည်(၁၂)နာရီ ဘဲသွင်းပြီး တဲပေါ်တက်အနားယူ တစ်ရေးတမော အိပ်ပျော်သွားတယ်။ သည်အခါမှာ မင်းညီမင်းသားအဝတ်အစားတွေ ဝတ်ထားပြီး ပြုံးပြုံးပြက်ပြက်နဲ့ လူရွယ်နှစ်ယောက် ဘဲခြံတဲထဲကို ဝင်လာတာ သာဒင်မြင်ရတယ်။ လူရွယ်ဆိုပေမယ့် သာဒင်ထက်တော့သုံးလေးနှစ်လောက်ကြီးမှာပေါ့။ သာဒင်ကတော့ မြင်ကွင်းကဆန်းတာမို့ ဘာမျှမပြောမဆိုနိုင်ဘဲ ကြောင်အမြဲ အမ်းဖြစ်နေစဉ် ဝင်လာတဲ့လူနှစ်ယောက်ထဲက အကြီးလို့ထင်ရသူက···

"ညီလေး အစ်ကိုတို့ကို ကူညီပါ ညီလေး။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာတော့ ညီလေး အစ်ကိုတို့နဲ့ ခဏလိုက်ကြည့်လှည့်ပါ လာလာ''

သာဒင် ဘာမျှမပြောဘဲ ထလိုက်ကာ ထိုသူနှစ်ယောက် နောက်မှ လိုက်ပါလျက်သား ဖြစ်နေလေသည်။ ထိုသူနှစ်ယောက်က မြို့ဆိုးကုန်းပေါ်သို့ ဦးဆောင်ခေါ်သွားကာ မြို့ဆိုးကုန်းပေါ်ရောက်တော့ ဟိုချုံကွင်း သည်ချုံငုံနဲ့ ချုံကြိုချုံကြား လူသွားလမ်းကလေးအတိုင်း ခေါ်သွားလေသည်။ တဖြည်းဖြည်းနဲ့ ချုံနွယ်ပိတ်ပေါင်းတို့က ထူထပ်လာလေသည်။ တစ်နေရာရောက်တော့ ရောမချုံကြီးထဲကို ထိုလူနှစ်ယောက်မှ အကြီးဖြစ်ဟန်တူတဲ့သူက လက်ညှိုးညွှန်ပြကာ…

''ညီလေး ကြည့်လိုက်စမ်းပါ''

ဟု ဆိုရာ သာဒင်က ထိုသူ လက်ညှိုးညွှန်ပြရာ ချုံကြီးထဲသို့ ကြည့်လိုက်ရာ ငွေဒင်္ဂါးတွေနဲ့ ငွေဖလားတွေ ရောနှောနေပြီး အပုံလိုက်ကြီး တွေ့မြင်ရလေသည်။ ခန့်မှန်းခြေ လှည်းတစ်စီးတိုက်လောက် ရှိလိမ့်မည်။

''အဲဒီငွေဒင်္ဂါးတွေနဲ့ ငွေဖလားတွေကို မြင်လား၊ အဲဒီပစ္စည်းတွေကို ရန်သူတွေက ခြေရာခံပြီး လိုက်နေကြတယ်၊ အခု ရန်သူတွေက နီးနီးလာပြီ၊ အဲဒါကြောင့် သည်ပစ္စည်းတွေကို လုံခြုံရာကို ပို့ချင်တယ်၊ ညီလေး ကူညီပါ''

ထိုသူကသာ အကူအညီတောင်းနေပေမယ့် သာဒင်ကတော့





ဆွံ့နေသလို ကူညီမည်လည်း မပြော၊ မကူညီဘူးလည်း မပြော။ ဘယ်လိုကူညီရမလဲဆိုတာလည်း မမေးနိုင် ဖြစ်နေလေသည်။

တစ်ဖန် ထိုလူနှစ်ယောက်နှင့် သာဒင်က အခန်းကျယ်ကြီး တစ်ခုထဲသို့ ရောက်သွားပြန်လေသည်။ အခန်းကျယ်ကြီးတစ်ခုထဲ ရောက်နေသည်သာသိသည်။ ဘယ်အချိန် ဘယ်အပေါက်က ဝင်လာသည်ကို သာဒင်မသိပါ။ အခန်းကြီးထဲမှာတော့ ကနုတ်ပန်းတွေနဲ့ ထုံမွမ်းထားတဲ့ လေးချောင်းထောက် ခုံမြင့်များ၊ ထမင်းစားစားပွဲလိုခုံပုများ၊ သလွန်ညောင်စောင်းလို ကုတင်များ၊ ကုလားထိုင်များ အားလုံးဟာ ရွှေကနုတ်ပန်းများနှင့် ထုံမွမ်းထားပြီး လည်ရှည်ခရားအိုးများ၊ လည်တို အဝိုင်းခရားအိုးများ၊ ပန်းကန်များ၊ ရေတကောင်းများ၊ ရေဖလားများ၊ လည်ရှည် လည်တို စားပွဲတင်ပန်းအိုးများ၊ အခန်းထောင့်တွင်ထားသည့် ပန်းအိုးကြီးများ မားလွယ်၊ ဒိုင်းလွှား၊ လှံ အမည်မသိ နန်းတွင်း အသုံးအဆောင်များ အားလုံးကတော့ ရွှေသားများနှင့် ပြုလုပ်ထားပြီး သူ့နေရာနှင့်သူ နေရာတကျရှိနေသည်ကိုမြင်ရလေသည်။ ကိုးတောင်ခန့်ရှိမည်ခန့်မှန်းရသော ကျားကြီးနှစ်ကောင်ကတော့ အခန်းကြီးထဲမှထွက်သွားလိုက် ဝင်လာလိုက်နဲ့ ရှိနေကြသည်။ တစ်ဖက်နံရံတွင် ချပ်ဝတ်တန်ဆာများဝတ်ထား[illegible] ဒိုင်းလွှားကာများ လှံတံများကိုင်ကာ ရပ်နေသည့် အရုပ်ကြီး[illegible]ရပ်က



www.burmeseclassic.com

www.burmeseclassic.com



အသက်ဝင်လှုပ်ရှားနေသည်ဟု သာဒင်ထင်မိသည်။

"ကဲ…သွားကြစို့ရဲ့"

ဟု ထိုလူက ပြောလိုက်တော့ သာဒင်သိလိုက်သည်က တဲပေါ်အိပ်ရာထဲ ငုတ်တုတ်ထိုင်နေသည်ကိုပဲသိရသည်။

"အင်း…သည်အကြောင်းကို ဦးသူတော် ဖိုးရွှေသီးကို ပြောပြရမယ်"

ဟု စိတ်ထဲမှာ မှတ်ထားပေမယ့် ဘဲနဲ့ ခွာမဖြစ်လို့ ဦးသူတော် ဖိုးရွှေသီးကျောင်းသို့ တစ်လ တစ်လခွဲလောက် မရောက်နိုင်ပေ။ ဒါကြောင့် မေ့မေ့ပျောက်ပျောက်ဖြစ်ကာ မပြောဖြစ်ခဲ့ပါ။

သည်လိုနဲ့ လကလေးတွေ ပြောင်းလာတော့ ဘဲမွေးတဲ့ရာသီက ကုန်သွားပြီလေ။ ဘဲက ရာသီနဲ့ မွေးရတာ။ ရာသီနဲ့ မမွေးတတ်ရင် ရှုံးတတ်တာသိတော့ သာဒင်လည်း ဘဲတွေရောင်းပြီး အိမ်အလုပ်ကို ပြန်လုပ်ရတာပေါ့။ အိမ်အလုပ်က ထွေထွေထူးထူး မရှိပါဘူး။ နွားစာကျွေး နွားကျောင်း ဒါပဲရှိတာ။ နွားကျောင်းတဲ့အခါမှာ သာဒင်နဲ့ ငတောက်က မြို့ဆိုးကုန်းကြီးပေါ်မှာ အတူတူကျောင်းကြတယ်လေ။ မြို့ဆိုးကုန်းရဲ့ အနောက်ဖျား မီးရထားလမ်းဘေး တစ်နိုင်တစ်ပိုင် ချုံတွေကိုထွင်ပြီး သစ်ခင်းစိုက်နေတဲ့ ဘိုးစံမြတ်တဲကတော့ သာဒင်နဲ့ ငတောက် စခန်းနေရာပေါ့။





တစ်နေ့တော့ သာဒင်နဲ့ ငတောက် မြို့ဆိုးကုန်းပေါ်မှာ နွားကျောင်းသွားကြရာ နွားတွေကို စားကျက်မှာလွှန်ပြီး၊ စခန်းချရာ ဘိုးစံမြတ်တဲမှာ အနားယူကြစဉ် ငတောက်တစ်ယောက် ဘယ်လိုဖြစ်နေသည် မသိ။ တဖျင်းဖျင်းနဲ့ သူ့ကိုယ်သူ ကုတ်နေသည်ကို သာဒင် သတိထားမိလိုက်သော်…

"ဟေ့ကောင် ငတောက်၊ မင်း ဘယ်လိုဖြစ်နေတာလဲ"

သည်လိုမေးလိုက်တော့ ငတောက်က သူ့ကိုယ်ကို တဖျင်းဖျင်းကုတ်ရင်းနဲ့…

"ဟုတ်တယ်ဗျာ၊ ကျုပ် ဘာဖြစ်မှန်းမသိဘူး၊ ကျုပ်တစ်ကိုယ်လုံး ယားနေတာ၊ မနေနိုင်တော့ဘူး ကိုကြီးသာဒင်၊ လုပ်ပါဦးဗျ"

သည်အချိန်မှာ ဘိုးစံမြတ်ပာယက ထွက်လာပြီး သူ့ကိုယ်သူ တဖျင်းဖျင်းကုတ်နေတဲ့ ငတောက်ကိုကြည့်ပြီး…

"ငတောက် မင်း ဘာဖြစ်နေတာလဲ"

"ဘကြီးစံမြတ် လုပ်ပါဦးဗျ၊ ကျွန်တော့်တစ်ကိုယ်လုံး ယားနေတာ"

ထိုစဉ် တဖျင်းဖျင်းနဲ့ ကုတ်နေတဲ့ ငတောက်လက်ဖဝါးမှ အရာဝတ္ထုတစ်ခုကို ဦးစံမြတ်က မြင်လိုက်ရကာ…

"ငတောက် မင်းလက်ထဲက ဘာလဲ၊ ငါ့ကို ပြစမ်း"



www.burmeseclassic.com

www.burmeseclassic.com



ငတောက်က လက်ဝါးကို ဖြန့်ပြလိုက်တော့ ငွေဒင်္ဂါးပြား တစ်ခု။

"အေး...အဲဒါ ဘယ်နေရာက ရတာလဲ"

"ဟိုစေတီဘေးက ချုံကြီးနားက နွားမောင်းရင်းရတာ ဘကြီး စံမြတ်"

"အေး အဲသည်နေရာကို ပြန်ထားလိုက်၊ ဒါမှ မင်းယားနေ တာပျောက်မှာ"

"ဟုတ်ကဲ့၊ ခု သွားထားလိုက်ပါမယ်၊ ကိုကြီးသာဒင် လိုက် ခဲ့ပါဦး"

ဟု ဆိုကာ နှစ်ယောက်သား စေတီလေးဆီသို့ ထသွားကြ လေသည်။ သူတို့နှစ်ယောက်ရဲ့နောက်မှာ လူတစ်ယောက် ပုန်းခိုးကွယ် ခိုးနဲ့ လိုက်လာသည်ကိုတော့ သူတို့ မသိကြပါ။ ထိုသူကတော့ ဘိုးစံ မြတ်။ သာဒင်နဲ့ ငတောက်လည်း ငွေဒင်္ဂါးကို ပြန်ထားပြီး တဲပြန် ရောက်၊ ငတောက်လည်း အယားအယံတွေပျောက်။ သူတို့လည်း နွားသိမ်းချိန်ရောက်တော့ နွားတွေသိမ်းကာ ရွာသို့ ပြန်သွားကြလေ တော့သည်။

သည်နေ့ညက လသာညတစ်ညပါ။ မြို့ဆိုးကုန်းပေါ်က စေတီလေးဘေး ရောမချုံကြီးနားမှာ လူတစ်ယောက် လရောင်အောက်





မှာ လှုပ်စိလှုပ်စိနဲ့ အလုပ်ရှုပ်နေလေသည်။ သူလုပ်နေသည်က စားပွဲ ပေါ်မှာ ကန်တော့ပွဲတစ်ခု ပြင်သည်၊ ဖယောင်းတိုင်၊ အမွှေးတိုင်များကို ထွန်းညှိသည်။ လွယ်အိတ်ကြီးတစ်လုံးကို ကန်တော့ပွဲ၌ ရစ်သိုင်းလိုက် ပြီး တင်ပလ္လင်ခွေထိုင်ကာ ဂါထာမန္တန်များကို အတန်ကြာအောင် ရွတ်နေလေသည်။

ပြီးသွားပြီဆိုတော့...

"ဟား...ဟား...ဟား...စံမြတ်တို့ ဒီတစ်သက် စားမကုန် သူဌေးဖြစ်ပြီ၊ ဒီသိုက်ကို လိုက်နေတာ နှစ်ချီနေပြီ၊ တွေ့မယ့်တွေ့တော့ အလွယ်လေးပါလား"

ဟု ခက်ထန်သော မျက်နှာထားကြီးနဲ့ ဦးစံမြတ် ကြုံးဝါး လိုက်သည်က ကြောက်စရာကြီးပင်။ ရောမချုံကြီးထဲကို သူလှမ်းကြည့် လိုက်တော့ မြင်ရသည်က ငွေဒင်္ဂါးတွေနဲ့ ငွေဖလားတွေ ရောနှောပြီး အပုံလိုက်ကြီး။ ခန့်မှန်းခြေ လှည်းတစ်စီးတိုက်လောက် ရှိလိမ့်မည်။

ဦးစံမြတ်က လောဘရမ္မက်ခိုးများ လျှံနေတဲ့ မျက်နှာကြီးနဲ့...

"ဟား...ဟား...ဟား...ဟား"

ရယ်ရင်းနဲ့ လွယ်အိတ်ကြီးထဲမှ အရာဝတ္ထုတစ်ခုကို [illegible] လိုက်သည်။ သူယူလိုက်တဲ့ အရာဝတ္ထုကတော့ [illegible] လေးတစ်ခု။ ၄င်းငွေပြားလေးကို ကန်တော့ပွဲဘေးက [illegible]

www.burmeseclassic.com



ထဲထည့်ပြီး ချုံကြီးဆီကို ကြည့်လိုက်တော့ မင်းညီမင်းသားဝတ်စုံ လူရွယ်နှစ်ယောက်က ငွေပုံကြီးရှေ့၌ ဓားလွယ်များလွယ်ကာရပ်လျက် ဦးစံမြတ်အား မျက်နှာထားတင်းမာစွာနဲ့ ကြည့်နေကြလေသည်။ ခဏမျှ ကြာတော့ အရိပ်များပမာ ပျောက်ကွယ်သွားလေသည်။

“ဟဲ…ဟဲ…ဟဲ…စံမြတ်ကို ခံသတ်ရင် ဒဏ်ခတ်ခံ မယ်ဆိုတာလည်း သတိထားကြဦးနော်”

ဦးစံမြတ်က ဂရုမစိုက်သည့်သဘောနှင့် အင်းစိမ်ထားတဲ့ ရေနွ[illegible]ကလေးကို ကိုင်ကာ ငွေဒင်္ဂါးပုံကြီးဆီသို့ လျှောက်သွားလေ သည်။ တကယ်တော့ သည်ငွေဒင်္ဂါးတွေဟာ ငွေယားတွေ ဖြစ်လေ သည်။ အယူမတတ်ရင် သေအောင် ယားယံလေသည်။ ဒီယားတဲ့ဓာတ် ကို သေအောင်သတ်နိုင်လျှင် ယူလို့လည်း ရသလို သုံးလို့လည်း ရသည်ဆိုတာကို ဦးစံမြတ်က သိထားလေသည်။ ဒီယားယံစေတဲ့ဓာတ် ကို သေအောင်သတ်နိုင်တဲ့ သူ့ရဲ့ပညာကိုလည်း သူယုံကြည်တယ်လေ။ ဒါကြောင့် ယားယံတဲ့ဓာတ်ကိုသတ်ရန် ငွေဒင်္ဂါးပုံကြီးဆီသို့ သွားခြင်း ဖြစ်လေသည်။

သို့သော် ငွေဒင်္ဂါးပုံကြီးနားသို့ရောက်သော် ခြေသလုံး လောက်ရှိတဲ့မြွေကြီးက ဘယ်ကပေါ်လာမှန်းမသိ။ ပါးပျဉ်းကြီးထောင် ကာ သူ့ကို ရုတ်တရက် လှမ်းပေါက်လိုက်သည်။





“ဟဲ့…သောက်ပလုတ်တုတ် လန့်လိုက်တာ”

ဦးစံမြတ်က ယောင်တာတောင်မှ ပြောင်သလို လှောင်သလို ယောင်လိုက်ကာ နောက်သို့ တစ်ချက်ခုန်ဆုတ်လိုက်ရာ သီသီကလေး လွတ်သွားလေသည်။

“ဟဲ…ဟဲ…ဟဲ…ရတယ်၊ ရတယ်”

ဦးစံမြတ်က အပိုင်တွက်ထားသည်မို့ တက်ကြွသောဟန်နဲ့ တစ်ယောက်တည်းပြောကာ ကန်တော့ပွဲရှိရာသို့ ပြန်သွားလိုက်ပြီး ကန်တော့ပွဲကို ရစ်သိုင်းထားသော လွယ်အိတ်ကြီးထဲမှ ပလွေလေး တစ်ချောင်းထုတ်ယူလိုက်ကာ မြွေကြီးကို တစ်ချက်လှမ်းကြည့်လိုက် စဉ်မှာတော့ ဖယောင်းတိုင်မီးရောင်နဲ့ဟပ်ကာ နီရဲရူးရှ တောက်ပနေတဲ့ မြွေကြီးရဲ့ မျက်လုံးအစုံကို မြင်နေရသည်။ ‘ရှူး…ရှူး…ရှူး’ နဲ့ ပြင်းထန်တဲ့ နှာမှုတ်သံကြီးက မြွေကြီး ဘယ်လောက်ဒေါသထွက်နေ သည်ကို ခန့်မှန်းလို့ရသည်။ မြွေကြီးက အနားကပ်လာတာ မှန်သမျှ တစ်ချက်တည်း ပေါက်သတ်မည့်သဏ္ဌာန်က ဖယောင်းတိုင်မီးရောင် အောက်မှာ အတိုင်းသားမြင်နေရလေသည်။ ဦးစံမြတ်ကတော့ ‘ဟဲ…ဟဲ…ဟဲ…ဟဲ…ရတယ် ရတယ်’ ဟု တစ်ယောက်တည်း ပြောလိုက်ကာ ကန်တော့ပွဲနံဘေးတွင် တင်ပလ္လင်ခွေ ထိုင်လိုက်ကာ ပလွေ ကို တကြျုကြျုနဲ့ အဆက်မပြတ် မှုတ်နေလေသည်။ ပလွေသံကို



www.burmeseclassic.com

www.burmeseclassic.com



ကြားတော့ မြွေကြီးက ပါးပျဉ်းကြီးထောင်နေရာမှ မြေသို့ တဖြည်းဖြည်း ငိုက်ကျလာပြီး မြေသို့ ဝပ်စင်းကာ တစ်ဖက်သို့ ရှောင်ထွက်သွားသည်ကို ဦးစံမြတ်မြင်လိုက်ရသည်။

သည်တစ်ခါတော့ ဦးစံမြတ်ငွေဒင်္ဂါးပုံကြီးဆီသို့ သောက်ရမ်းမသွားရဲတော့ဘဲ ထိုင်ရာမှ အာရုံစိုက်လို့ အကဲခတ်ကြည့်နေစဉ် တစ်ဖက်ချုံစပ်ဆီမှ ကျားကြီးနှစ်ကောင်ထွက်လာသည်ကို လရောင်နဲ့ အတိုင်းသား မြင်နေရသည်။

"ဟင်..."

အစတော့ ဦးစံမြတ်မျက်လုံးပြူးကာ နှုတ်ခမ်းမွေးကားသွားသည်။ ပြီးမှ စိတ်တည်ငြိမ်စွာနဲ့ သမာဓိပြန်ယူကာ ကန်တော့ပွဲထဲက ဆန်များ ယူလိုက်ပြီး ဂါထာနဲ့ မန်းမှုတ်လိုက်ကာ သူ့အတွက် အကာအကွယ်ရအောင် ဆန်များကိုသူ့ပတ်ပတ်လည် ကြဲဖြန့်လိုက်လေသည်။ ကျားကြီးနှစ်ကောင်ကတော့ ငွေဒင်္ဂါးပုံကြီးရှိတဲ့ချုံကြီးရှေ့မှာ စကြံလျှောက်သလို လျှောက်နေကြပြီး တစ်ခါတစ်ခါ ဦးစံမြတ်ကို ကြည့်ကာ အစွယ်ကြီးတွေအဖွေးသားနဲ့ ပါးစပ်ကြီးတွေဖြဲကာ 'ဝေါင်း' ကနဲ အသံကြီးနဲ့ မာန်ဖီနေကြရာ ဦးစံမြတ်တစ်ယောက် မလှုပ်ရဲအောင် ဖြစ်နေလေသည်။

သို့သော် ဦးစံမြတ်ကလည်း ခေသူတော့မဟုတ်။





"ဟား...ဟား...ဟား...စံမြတ်ကို ခံသတ်ရင် ဒဏ်ခတ်ခံရမယ်ဆိုတာ ဒင်းတို့ မသိဘူးနဲ့တူတယ်"

ဟု ကိုယ့်ကိုယ်ကိုယ် အားပေးကြုံးဝါးလိုက်ကာ လွယ်အိတ်ထဲမှ ကြောင်လိုလိုအရုပ်ကလေးတစ်ရုပ် ထုတ်ယူလိုက်ကာ လက်ဝါးနှစ်ဖက်နဲ့အုပ်ပြီး ဂါထာတစ်ပုဒ် ရွတ်ပြန်လေသည်။ ခဏကြာတော့ 'ဗွပ်' ကနဲ ဦးစံမြတ်ရဲ့ လက်ဖဝါးနှစ်ဖက်အောက်က ကြွက်လိုလို အကောင်ကလေးတစ်ကောင် မြေပြင်သို့ ခုန်ထွက်လာလေသည်။ မြေပြင်ပေါ်ကျစဉ်ကတော့ ကြွက်လောက်သာရှိသည်။ သို့သော် မျက်စိအောက်မှာပင် တရိပ်ရိပ်ကြီးလာကာ အိမ်ကြောင်အကြီးစားတစ်ကောင်လောက်အရွယ် ဖြစ်လာတော့ ခုန်ဖွ ခုန်ဖွနဲ့ ကျားကြီးနှစ်ကောင် လမ်းသလားနေတဲ့နေရာသို့ ရောက်သွားကာ ကျားကြီးနှစ်ကောင်ရှေ့ လမ်းသလားပြလိုက်ရာ 'ဂဲ...ဂဲ...ဂဲ'နဲ့ မာန်လျော့ပြီး တစ်ဖက်ချုံများအကြား ရှောင်ထွက်ပျောက်ကွယ်သွားကြလေသည်။

တကယ်တော့ ဦးစံမြတ်က သူဆေးစီရင်ထားတဲ့ အရုပ်ကလေးကို ကျားမင်းအသွင် ဖန်ဆင်းအသက်သွင်းလို့ ကျားကြီးတွေရှေ့ကို လွှတ်လိုက်ခြင်းဖြစ်လေသည်။ ကျားများဟာ တောဘုရင်ဖြစ်ပေမယ့် ကျားမင်းကျ ကြောက်ရလေသည်။ ကျားမင်းရှိတဲ့ လျှင် ကျားများမနေကြပေ။ ကျားမင်း ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



မိကျောင်းကိုတောင် အသေသတ်နိုင်စွမ်းရှိသည်။

ဦးစံမြတ်တစ်ယောက် သိုက်က နယ်နယ် ရရသိုက်တော့ မဟုတ်မှန်း သိသွားရော့ထင့်။ သောက်ရမ်း မလှုပ်ရဲတော့ဘဲ ကန်တော့ပွဲနားထိုင်ကာ ဖယောင်းတိုင်အမွှေးတိုင်တွေ မကုန်အောင် ဆက်ထွန်း၊ ပါးစပ်ကလည်း ပွစိ ပွစိနဲ့ အဆက်မပြတ်ရွတ်လျက် အာရုံစိုက်ကာ အကဲခတ်နေလေသည်။ ခဏကြာတော့ ငွေဒင်္ဂါးပုံကြီးရှေ့မှာ အခိုးအငွေ့တွေထလာကာ ၄င်းအခိုးအငွေ့တွေကြားမှ တဖြည်းဖြည်း ရုပ်လုံးပေါ်လာကာ ချပ်ဝတ်တန်ဆာများဝတ်ထားပြီး လှံ့တံ ဒိုင်းလွှား လွှားကာများကိုင်ထားသည့် အရုပ်ကြီးလေးရုပ် ငွေဒင်္ဂါးပုံကြီးရှေ့ရပ်လျက် ပေါ်လာလေသည်။

သည်တစ်ခါတော့ ဦးစံမြတ် အကြံအိုက်သွားသည်။ 'အင်း' သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်ကာ အရုပ်ကြီးများကို စိုက်ကြည့်နေစဉ် အရုပ်ကြီးများက စိမ်းဝါရောင်တောက်နေသော မျက်လုံးများ တဖြည်းဖြည်း ပွင့်လာကာသူ့ကိုစိုက်ကြည့်နေလေသည်။ ကျန်တဲ့ခြေလက်ကို ခန္ဓာတွေကတော့ မလှုပ်မယှက် အရုပ်ကြီးလိုပင်...

"ဟဲ...ဟဲ...ဟဲ...၊ ရတယ် ရတယ်"

ဦးစံမြတ်က တစ်ယောက်တည်းရယ်ရင်း ပြောလိုက်ကာ လွယ်အိတ်ကြီးထဲ ကပျာကယာနှိုက်ကာ အရုပ်ကလေးတစ်ရုပ် ထုတ်





လိုက်ပြန်လေသည်။ သည်တစ်ခါ ထုတ်လိုက်သည်က အစွယ်ပြူးပြူး လက်ခြောက်ဖက်က ဓား၊ လှံ၊ တင်းပုတ်၊ ဆောက်ပုတ် ခေါ် လက်ရိုက်တုတ်၊ ဒိုင်းလွှားတို့ ကိုင်ထားသည့် ဘီလူးရုပ်ကလေးဖြစ်သည်။ အရုပ်ကလေးကို ကန်တော့ပွဲရှေ့သို့ချကာ ပါးစပ်မှ ပွစိ ပွစိနဲ့ ရွတ်ပြန်လေသည်။ အတန်ကြာအောင် ရွတ်ဖတ်မန်းမှုတ်ပြီးတော့ လက်နှစ်ဖက်ကိုလေထဲသို့ ဆန့်တန်းတွန်းထုတ်လိုက်ရာ 'ချွင်၊ ချလွမ်၊ ဖုန်း၊ ဝုန်း' ငွေဒင်္ဂါးပုံကြီးရှေ့၌ ရပ်နေသော အရုပ်ကြီးလေးရုပ်က တစ်ဖက်ရန်သူအား ဓားများ လှံများ ဒိုင်းများ ကာများနဲ့ ထိုးခုတ်သတ်ဖြတ် အကြိတ်အနယ် သူနိုင် ကိုယ်နိုင် တိုက်ခိုက်နေသလို လှုပ်ရှားနေကြသည်။ ဓားချင်းထိသံ၊ ဒိုင်းဖြင့်ကာသံ၊ တင်းပုတ် ဆောက်ပုတ်နှင့်ရိုက်သည့်အသံများသာ ကြားရပြီး အရုပ်ကြီးလေးရုပ်နှင့် တိုက်ခိုက်နေသည့် တစ်ဖက်ရန်သူကို မမြင်ရပေ။ အတန်ကြာတော့ အရုပ်ကြီးလေးရုပ်ကအရေးနိမ့်သည်ဟု ခန့်မှန်းရသည်။ အရုပ်ကြီးတစ်ရုပ် ခေါင်းကြီးပြုတ်ထွက်သွား ကာ သွေးတွေ ဒလဟောထွက်လာကာ လဲကျသွားသလို ကျန်တဲ့အရုပ်ကောင် သုံးကောင်ကလည်း တိုက်ရင်း ခိုက်ရင်းလက်ပြတ်၊ ခြေထောက်ပြုတ်၊ ခေါင်းပြုတ်။ ပြုတ်တဲ့ နေရာတိုင်းမှလည်း သွေးတွေကဒလဟောထွက်လာပြီး မြေပြင်မှာတုံးလုံး ပက်လက်တွေ ဖြစ်ကုန်ကြလေသည်။ တိုက်ပွဲကတော့ ပြီးသွားလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဦးစံမြတ် မလှုပ်ရဲသေး။ ခေါင်းလေးသာ ဖြည်းဖြည်းလေးလှည့်ပြီး သူ့ပတ်ပတ်လည် တစ်ပတ်ပြည့်အောင်ကြည့်ကာ ငြိမ်နေလေသည်။ သည်တစ်ခါတော့ သူငြိမ်နေသလို မြို့ဆိုးကုန်းကြီးတစ်ခုလုံးကလည်း အတော်လေးကြာအောင် ငြိမ်သက်သွားလေသည်။ အတော်ကလေးကြာမှ ဦးစံမြတ်က အသာဖြည်းဖြည်းလေးထကာ 'အင်း' စိမ်ထားတဲ့ ရေခွက်ကလေးကို အသာလေးယူလိုက်ကာ ငွေဒင်္ဂါးပုံကြီးဆီသို့ သွားလေသည်။ သို့သော် စလှမ်းတဲ့ ခြေတစ်လှမ်းကို နောက်ပြန်ဆုတ်လိုက်ကာ အရပ်ရှစ်မျက်နှာ အရပ်ဆယ်မျက်နှာကို နှံ့စပ်အောင် အသာလေးကြည့်လိုက်ပြီးမှ ငတက်ပြားခြေလှမ်းနဲ့ ငွေဒင်္ဂါးပုံကြီးနား ချဉ်းကပ်သွားကာ အသင့်ယူဆောင်လာသော 'အင်း' စိမ်ထားသည့် ရေနှင့်တောက်လိုက်ရာ 'ဖျစ်…ဖျစ်…ရှဲ…ရှဲ…ရှဲ' ဒင်္ဂါးပုံကြီးက အသံတွေထွက်လာကာ အခိုးအငွေ့တွေ ထွက်လာလေသည်။ 'ဟဲ့သောက်ပလုတ်တုတ် ဟုတ်မှဟုတ်ရဲ့လား' ယောင်ရမ်းအော်လိုက်ကာနောက်သို့ ခြေတစ်လှမ်းဆုတ်ကာ အကဲခတ်နေလေသည်။

ကိုစံမြတ် မျက်လုံးများက မြေပြင်တွင် တုံးလုံးပက်လက်ဖြစ်နေသော အရုပ်ကြီးတွေဆီ ရောက်သွားသည်။ တိုက်နိုက်နေစဉ်က ပြတ်သွားပြုတ်သွားတဲ့နေရာတွေက သွေးတွေဒလဟောထွက်ပေမယ့်





အခုမြင်ရသည်က ကိုယ်ခန္ဓာအစိတ်အပိုင်းအားလုံး အတွင်းမှာ အရိုးမရှိ အသားမရှိ အကြောမရှိ ဟောင်းလောင်းကြီး တွေ့မြင်ရတော့ ဦးစံမြတ် မကြောက်ပေမယ့် ကျောစိမ့်သွားလေသည်။ တစ်ခါ အရပ်ရှစ်မျက်နှာ အရပ်ဆယ်မျက်နှာကို ခေ့စပ်အောင် ကြည့်လိုက်ပြီး ငွေဒင်္ဂါးပုံကြီးကို သူ့လက်နှစ်ဖက်နဲ့ အသာလေး ထိကြည့်လိုက်ပြီး 'ဟ…အောင်ပြီ၊ ဒီငွေပုံကြီး ငါပိုင်ပြီ' တစ်ယောက်တည်း ပြောလိုက်ကာ မမြင်ဘူးတဲ့ ငွေပုံကြီးကို အပိုင်ရဲလို့ သွေးပျက်သွားတာလား အောင်မြင်တဲ့ ပီတိကြောင့်လားတော့ မသိ၊ မျက်နှာကြီးက အပြောင်းလဲကြီး ပြောင်းလဲသွားလေသည်။

အမှုအရာတွေက တက်ကြွသွက်လက်စွာနဲ့ ငွေပုံကြီးရှေ့ သုံးလေး ခေါက်လောက် ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း 'အင်း…ကြံစမ်း၊ ဒီငွေတွေကို ညတွင်းချင်း ဖျောက်ရမယ်၊ အင်း…ဟုတ်ပြီ' တစ်ယောက်တည်းပြောကာ ချုံကြီးတစ်ခုထဲသို့ ဝင်သွားလေသည်။ ချုံကြီးထဲရောက်တော့ ရေများခမ်းခြောက်နေတဲ့ ရေတွင်းပျက်ကြီးတစ်ခုကိုသူက ငုံ့ကြည့်လိုက်သည်။ ထိုစဉ် အရှေ့ဆီမှရောင်နီသမ်းစပြုနေလေပြီ။

သာဒင်နဲ့ ငတောက် နွားကျောင်းလာကြရာ သည်စားကျက်ကကုန်တော့ဟိုစားကျက်ပြောင်း၊ ဟိုစားကျက်ကကုန်တော့ သည်စား



www.burmeseclassic.com

www.burmeseclassic.com



ကျက်ပြောင်းနဲ့ ကျောင်းလာကြရာ မြို့ဆိုးကုန်းပေါ် မရောက်တာ တစ်လတစ်လခွဲလောက် ကြာခဲ့လေပြီ။ ဦးစံမြတ်တို့မိသားစု မန္တလေးမှာဝိုင်းဝယ်၊ တိုက်ဆောက်၊ ပွဲရုံတွေထောင် ကြီးပွားနေတယ်ဆိုတဲ့ သတင်းတော့ ကြားတာပေါ့။

တောရွာတွေမှာ လယ်တွေလည်း ရိတ်လို့ သိမ်းလို့ ပြီးကြပြီလေ။ အဲသည်တော့ သာဒင်တို့ ငတောက်တို့ အလုပ်မရှိဖြစ်တာပေါ့။ သည်လိုအချိန်တွေမှာ သာဒင်တို့ စံအေးတို့ဆိုတာ ငယ်ဆရာဖြစ်တဲ့ ဖိုးသူတော်ဦးရွှေသီးကျောင်းသွား စားစရာရှိတာစား၊ လုပ်စရာရှိတာလုပ်၊ နေ့လည် တစ်ရေးတမောအိပ်၊ အချိန်ကုန်မှ အိမ်ပြန်ကြတာ။ ကျွဲတွေ နွားတွေဆိုတာကလည်း လယ်တွေရိတ်သိမ်းပြီးပြီဆိုတော့ မနက်လင်း ချည်တိုင်ကဖြုတ် ရွာပြင်မောင်းထုတ်လိုက်တာပဲ။ ညနေအချိန်ကျတော့ ကိုယ့်ကျွဲကိုယ့်နွားကိုလိုက် ချည်တိုင်ဖမ်းချည်လိုက်တာပဲ။ သည်ချိန်သည်ကာလမှာတော့ အလုပ်ကဒါပဲလေ။

တစ်နေ့တော့ သာဒင်တစ်ယောက် ဦးသူတော်ဖိုးရွှေသီးကျောင်းသို့ ရောက်လာသည်။ ကျောင်းပေါ်ကို ကြည့်လိုက်တော့ ဦးရွှေသီးကို မတွေ့။ ဒါနဲ့ သာဒင် ကျောင်းဝိုင်းထဲကို လိုက်ရှာတော့မှ ကျောင်းဆောင်ကြီးရဲ့ နောက်ဖေးဘက် ချောင်ကျကျ မန်ကျည်းပင်ကြီးအောက် တဲလေးထဲမှာ လူကြီးတစ်ယောက်နဲ့ အင်္ဂရိတ်ဖိုထိုးနေသည်ကို





တွေ့ရလေသည်။ လူကြီးကတော့ ဖိုးသူတော် ဦးရွှေသီးနဲ့ သက်တူရွယ်တူလောက်ပင်။ သာဒင် မန်ကျည်းပင်ကြီးအရိပ်ကို ဝင်လိုက်တော့ ဦးရွှေသီးက...

"ငါ့တပည့်လည်း ခုမှ ပေါ်လာတော့တယ်"

သာဒင်က ဝတ်ချလိုက်ရင်းနဲ့...

"အခုမှ အားတာကို ဘုရား"

"အေး...မင်းရောက်လာတာ အတော်ပဲ၊ ငါတို့ ဖိုထိုးစရာ မီးသွေးကုန်နေလို့ ဒီမန်ကျည်းသားတွေ ပေါက်ပေးခဲ့စမ်းကွာ"

သာဒင်လည်း ခဏနားပြီး မန်ကျည်းသားတွေကို ပေါက်နေစဉ် တဲလေးထဲမှာတော့ လူကြီးက ဖားဖိုကြီးကို ဆွဲပေးလို့ ဦးရွှေသီးက ဖိုထဲမှ လုံကလေးကို မီးညှပ်နဲ့ မီးခဲလေးတွေ အုံပေးလိုက်၊ ဖိုဆွဲနေတဲ့ လူကြီးကို လက်ပြအရပ်ခိုင်းလိုက်၊ ပြန်ပြီးအဆွဲခိုင်းလိုက်နဲ့ အလုပ်ဖြစ်နေကြသည်။

သာဒင် ထင်းတွေလည်းပေါက်ပြီးရော ဖိုးသူတော် ဦးရွှေသီးက မန်ကျည်းပင်ရိပ် ကွပ်ပျစ်ပေါ်မှ စားပွဲကို ထိုင်လိုက်ကာ...

"ကဲ...သာဒင် တော်တော့၊ လာ ရေနွေးကြမ်းသောက်ရအောင်၊ မိုးသီးရေ လက်ဖက်ရည်မြည်း လင်ဗန်း မ,ဝါဘူ"

တဲလေးထဲရှိ ဦးမိုးသီးကိုပါ တစ်ဆက်တည်း ပြောလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ သာဒင်လည်း တဲထဲမှ လက်ဖက်ရည်မြှဲ့သည်း ပန်းကန်များ ရေနွေးကြမ်းအိုးနှင့် တဲထဲမှ မနိုင်မနင်း ထွက်လာသော ဦးမိုးသီးအား ကူသယ်လိုက်ကာ နှစ်ယောက်သား ကွပ်ပျစ်ပေါ်သို့ ထိုင်လိုက်သည်။ သာဒင်က ရေနွေးကြမ်းဖြည့်ရန် စားပွဲပေါ်မှ ဦးသူတော်ရဲ့ ခွက်ဘူး ကို လှမ်းယူလိုက်ရာ…

"တော်…တော်…မဖြည့်နဲ့၊ ငါ့ခွက်ဘူးထဲ ရေနွေးတွေ ရှိသေးတယ်၊ မင်းတို့သာသောက်ကြ၊ အမြည်းတွေကုန်အောင်စားပစ် လိုက်ကြ"

အမြည်းတွေက များလှသည်။ ကောက်ညှင်းပေါင်း၊ ငါး ကြော်နဲ့ မုန့်ဖျားသလက်၊ ပဲသီးတောင့်သုတ်၊ စပျစ်သီး၊ ငှက်ပျောသီး သည့်လောက်များတော့ သာဒင်နဲ့ ဦးမိုးသီး နှစ်ယောက်တည်း ကုန် အောင် ဘယ်စားနိုင်မှာလဲ။ စားရင်းသောက်ရင်းနဲ့ စပ်မိစပ်ရာ ထွေရာ လေးပါး ပြောလေကြရာ သာဒင်နဲ့ ငတောက် မြို့ဆိုးကုန်းပေါ် သွား ကျောင်းရင်း ငတောက် ငွေဒင်္ဂါးလေး ကောက်ရလို့ ယူခဲ့ရာ မနေနိုင် အောင် ယားယံတဲ့အကြောင်း သာဒင်က စပ်မိလို့ ပြောပြလိုက်တော့ ဦးသူတော်က ထုံးစံအတိုင်း မရယ်ချင် ရယ်ချင်နဲ့ ရယ်လိုက်ကာ…

"ဟား…ဟား…ဟား…ငါကလည်း မေ့နေတာ၊ မင်းတို့ နှစ်ယောက်ကို မိတ်ဆက်ပေးရဦးမယ်၊ ဒါက ငယ်မွေးခြံပေါက် ငါ့ရဲ့





လက်စွဲတော်တပည့်၊ နာမည်က သာဒင်တဲ့၊ ဟဲ ဟဲ ဟဲ၊ သူ့နာမည်က ဦးမိုးသီး တဲ့ မြင်းခြံနယ်က၊ ငါ့လို ပညာတွေကို ဝါသနာပါလို့ လိုနေတဲ့ ပညာရပ်ကလေးတွေ ဆည်းပူးချင်တယ်ဆိုပြီး ကပ္ပိယအဖြစ်နဲ့ ရောက် လာတာ၊ ကဲ သာဒင် မင်း မြို့ဆိုးကုန်းပေါ်မှာ တွေ့ခဲ့တာတွေ ဆက် ပြောပါဦး"

ဒါနဲ့ သာဒင်က မင်းညီမင်းသားဝတ်စုံနဲ့ လူနှစ်ယောက်က အိပ်မက်လိုလို ဘာလိုလိုနဲ့ ငွေဒင်္ဂါးပုံကြီး ခေါ်ပြ၊ ရွှေသားအတိပြီးတဲ့ အခန်းကြီးထဲက နန်းတွင်းအသုံးအဆောင်တွေပြပြီး သူ့ကို အကူအညီ တောင်းတာတွေ ပြောပြလိုက်တော့ ဦးသူတော် မိုးရွှေသီး အတန်ကြာ အောင် ခေါင်းတညိတ်ညိတ်နဲ့ စဉ်းစားနေလေသည်။ ဦးမိုးသီးကတော့

"ဦးသူတော် ဒါဆိုရင် သိုက်ဖြစ်ရမယ်ဘုရား"

ဦးသူတော်က အင်းအဲမလှုပ်ဘဲ…

"အင်း…ဒါဆို ငတောက် ငွေဒင်္ဂါးပြန်ထားတဲ့နေရာဟာ သူရခဲ့တဲ့နေရာ ဖြစ်ရမယ်၊ သာဒင် မင်း အဲသည်နေရာ မှတ်မိသလား"

"မှတ်မိတယ်ဘုရား"

"အင်း…မိုးသီးရေ၊ မင်း လက်တွေ့သင်တန်း [illegible] ကြုံလာပြီဟေ့၊ သာဒင် မနက်ကျ တို့ကို အဲသည်နေရာ [illegible] မိုးသီးရေ၊ တို့နှစ်ယောက်က ညပြင်ဆင်[illegible]



www.burmeseclassic.com

www.burmeseclassic.com



အောင်၊ သိုက်ကတော့ နယ်နယ်ရရသိုက်တော့ မဟုတ်ဘူး”

“ကဲ…ဦးသူတော်၊ တပည့်တော်လည်း နွားလိုက်သွားရဦးမယ်၊ ပြန်ဦးမယ်ဘုရား၊ မနက်မှ လာခဲ့တော့မယ်”

ဟု ဆိုကာ သာဒင် ဝတ်ချ၍ ပြန်သွားလေတော့သည်။

နောက်နေ့နံနက်(၆)နာရီလောက်တွင် သူတို့သုံးယောက် မြို့ဆိုးကုန်းပေါ်သို့ ရောက်နေကြလေသည်။ ဦးရွှေသီးနဲ့ ဦးမိုးသီးက သာဒင် ခေါ်ဆောင်ရာသို့ တစ်ချုံငုံ့ တစ်ချုံကွင်း တစ်ချုံတိုးနဲ့ လိုက်လာရာ မြို့ဆိုးကုန်းပေါ်က စေတီလေးနားသို့ ရောက်လာရာ ရောမချုံကြီး တစ်ခုကို သာဒင်က လက်ညှိုးညွှန်ပြလိုက်ပြီး…

“ငတောက်ကတော့ အဲဒီငွေဒင်္ဂါးပြားလေးကို အဲသည်ချုံကြီး အစပ်ကို ပစ်လိုက်တာပဲဘုရား”

ထိုအခါ ဖိုးသူတော် ဦးရွှေသီးက ခဏကြာအောင် ချုံကြီးကို အာရုံစူးစိုက် ကြည့်လိုက်ပြီး “အင်း…” သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်သည်။ သူ ချလိုက်တဲ့ သက်ပြင်းရှည်ကြီးက စိတ်ပျက်ခြင်း လက်လျှော့ခြင်း အဓိပ္ပာယ်တွေ ပါနေလေသည်။ ပြီးမှ…

“လာ…လိုက်ခဲ့ကြ”

ဟု ဆိုကာ ရှေ့မှ ဦးဆောင်ကာ ချုံကြီးထဲသို့ တိုးဝင်သွားလေသည်။ ချုံကြီးအလယ်ခေါင်သို့ ရောက်သော် မြင်ကွင်းကိုကြည့်ပြီး





ဘာမျှမပြောဘဲ ခေါင်းတဆတ်ဆတ် ညိတ်နေလေသည်။ ဦးမိုးသီးနဲ့ သာဒင်နဲ့ကတော့ ဦးသူတော်ထံမှ ထွက်လာမည့် စကားကို ငံ့လင့်ရင်း ငြိမ်နေကြသည်။ ချုံကြီးအလယ်တွင် ဘာပင်မျှလည်း မပေါက်။ သစ်ရွက်ခြောက် သစ်ရွက်ဆွေးများလည်း မရှိဘဲ(၁၀)ပေ ပတ်လည်လောက်ရှိမည့် တလင်းပြင်လေးကို ပြကာ…

“မိုးသီးနဲ့ သာဒင်ရေ၊ တို့ထက် ဦးသွားပြီကွ၊ သည်တလင်းပြင်လေးက သာဒင် မြင်းကို မင်းညီမင်းသားဝတ်စုံနဲ့ လူနှစ်ယောက် ပြတဲ့ ငွေဒင်္ဂါးပုံကြီးနေရာပဲ၊ ဒါပေမဲ့ အဲသည်လူဟာ သိုက်အပြင်မှာ ရောက်နေတဲ့သည် ငွေဒင်္ဂါးတွေကိုပဲ ယူသွားနိုင်တယ်။ အဓိကဖြစ်တဲ့ အခန်းကြီးထဲက ရွှေသားတွေနဲ့ အတိပြီးတဲ့ နန်းတွင်းအသုံးအဆောင် တွေကိုတော့ သူယူမသွားနိုင်ဘူး၊ မသိလို့လား၊ အဓိကသိုက်ဆိုတော့ မနိုင်လို့လား မသိဘူး။ အဲသည်သိုက်ကတော့ သူတို့ဘာသာ ပြောင်းသွားကြတာပါ၊ ဆွထားတဲ့ ပျားအုံလို အဖွပ်ရခက်သလို ပြောင်းသွားတဲ့သိုက်ဆိုတာလည်း အရှာရခက်တယ်၊ မထိုက်လို့ပဲ အောက်မေ့လိုက်ကြတော့၊ ပြန်ကြစို့ရဲ့”

ဟု ဆိုကာ ဦးသူတော်က ရှေ့ကနေ လာလမ်းသို့ ပြန်ခဲ့ကြပေ၊ ဦးမိုးသီးနဲ့ သာဒင်ကတော့ မရရလေခြင်းဆိုတဲ့ ရမ္မက်ကြောင့်လား ဟုတ်မှဟုတ်ရဲ့လားဆိုတဲ့ ပဟေဠိကြောင့်လား ဦးသူတော်နောက်က



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းငိုက်စိုက်နဲ့ လိုက်လာကြရာ တဲပျက်ကလေးနဲ့ သစ်ခင်းပျက်ကလေးထဲက ဖြတ်အသွား…

"သာဒင် ဒါ ဘယ်သူ့သစ်ခင်းလဲ"

ဦးသူတော်က မေးလိုက်စဉ်…

"ဦးစံမြတ် သစ်ခင်းဘုရာ့"

သာဒင် ဖြေစကားကြောင့် ဦးသူတော် 'ဟင်' ဆို မျက်လုံးပြူးကာ ပါးစပ်တစ်ဖက်ရွဲ့သွားပြီးမှ…

"တောက်…စံမြတ်၊ စံမြတ်၊ စွယ်စုံရ စံမြတ်၊ မင်းက ငါ့ထက် ခြေတစ်လှမ်း စောသွားတယ်ကွာ"

ဦးသူတော် မြည်တွန်တောက်တီးသံကြားမှ သာဒင်က သတိရလိုက်ကာ…

"ဟာ…ဟုတ်ပြီ၊ ဦးသူတော် တပည့်တော်တို့နဲ့အတူတူ ကျွဲနွားကျောင်းတဲ့ လွန်တောင်းရွာက လူကြီးလူငယ်အားလုံး ပြောနေကြတာ ဦးစံမြတ်ဟာ မြို့တက်ကြီးပွားနေတာတဲ့"

"ဟုတ်တာပေါ့ ငါ့တပည့်ရာ၊ ငါ ခြေရာလက်ရာ ကြည့်လိုက်တာနဲ့ စံမြတ်ဆိုတာ တတ်အပ်သိတယ်၊ သူနဲ့ ငါနဲ့က လွန်တောင်းရေနွားကျောင်းဆရာတော် ဘိုးဝါသေတ္တာထံမှာ ပညာသင်ခဲ့ကြတဲ့ ဆရာတူတပည့်တွေကွ၊ သူလည်း တော်ပါတယ်၊ တို့ကတော့ သူ့ကို စွယ်စုံရ





ဦးစံမြတ်လို့ ခေါ်ကြတယ်၊ ဘယ်တက်နိုင်မလဲဒင်းကလက်ဦးသွားပြီကိုး၊ ပင်မသိုက်ကြီးကို သည်ကောင်ဆက်လိုက်ဦးမှာ အသေအချာပဲပေ့၊ ငါတို့ဘက်ကဒီတစ်ခါတော့ လက်ဦးမှုရအောင်ပြင်ဆင်စရာရှိတာပြင်ဆင်ကြရမယ်ဟေ့၊ ကြားလား သာဒင်"

ဘိုးသာဒင်

**ဖိုးသူတော်ကြီးနှင့်စွယ်စုံရစံမြတ်တို့ထိပ်တိုက်တွေ့ကြသည့် သိုက်တူးခန်းကို တစ္ဆေမျက်လုံးအမှတ်(၇)တွင် ဆက်လက်ဖတ်ရှုပါ။**



www.burmeseclassic.com

www.burmeseclassic.com



# စောစံစီနဲ့ညတစ်ည

မောင်မြင့်မား(ဗိုလ်ကလေး)

စောဂျိမ်း အသက်(၅)နှစ်အရွယ်လောက်က ဖြစ်သည်။ စောဂျိမ်း၏ အဘိုးဖြစ်သူ စောစံစီက ဘယ်နေရာသွားသွား စောဂျိမ်းကို လက်ဆွဲကာ ခေါ်သွားတတ်သည်။ ယခုလည်း စောဂျိမ်းတို့





ရွာနှင့် လမ်းလျှောက်သွားလျှင် ၂ နာရီခန့်မျှ လျှောက်မှ ရောက်နိုင်သော ကျွန်းပင်ရွာကို မြေးအဘိုးနှစ်ယောက် ထွက်လာခဲ့သည်။ ထွက်လာရသည့်အကြောင်းက ဆိုင်းနားထောင်ရန် ဖြစ်သည်။

စောစံစီက ဆိုင်းဝါသနာပါသည်။ ဆိုင်းက အငြိမ့်ထဲက ဆိုင်းအဖွဲ့ဖြစ်သည်။ ကျွန်းပင်ရွာတွင် အလှူရှိ၍ အလှူက အငြိမ့်ငှားကာ မနေ့ကညက အငြိမ့်ကပြီး ဖြစ်သော်လည်း အလှူရှင်က အငြိမ့်ထဲက ဆိုင်းအဖွဲ့ကို သဘောကျသောကြောင့် နောက်တစ်နေ့တွင် ဆိုင်းဝိုင်းကို ငွေထပ်ပေးကာ တီးခိုင်းခြင်းဖြစ်သည်။

တောရွာများ၏ ဓလေ့အတိုင်း တစ်ရွာတွင် အငြိမ့် သို့မဟုတ် ဆိုင်းဝိုင်းရှိပါက ပတ်ဝန်းကျင်ရွာများမှ လှေတစ်တန် လှည်းတစ်တန်နှင့် လာကြကာ ကြည့်ကြ နားထောင်ကြသည်။ စောဂျိမ်းတို့မြေးအဘိုးရွာထဲက ထွက်လာစဉ်တုန်းကတော့ သူတို့လိုပဲ ဆိုင်းနားထောင်ရန် သွားကြသူတွေ သူ့အုပ်စုနှင့်သူ တစ်ပုံကြီးဖြစ်သည်။ နောက်တဖြည်းဖြည်းနှင့် အုပ်စုကွဲသွားကြကာ စောဂျိမ်းတို့ မြေးအဘိုးနှစ်ယောက်သာ ရွာပြင်တောလမ်းအတိုင်း လျှောက်လာနေကြသည်။

စောဂျိမ်းကို လက်ဆွဲ၍ လမ်းလျှောက်သည့်အခါလျှောက် စောဂျိမ်း ညောင်းလျှင် ပခုံးပေါ်တင်၍ ထမ်းသည့်အခါထမ်းနှင့် နောက်ကျသွားခြင်းဖြစ်သည်။ ရွာမှထွက်လာကာစက နေဝင်ရီတရော။ ရွာပြင်ရောက်တော့ မှောင်ရီပျိုးနေပြီ။ ဆန်းစလရိပ်ကိုအားပြုကာ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်နေရခြင်းဖြစ်သည်။ တစ်ရွာနှင့် တစ်ရွာကြားတွင် ကုန်းတန်းကြီးက ရှိနေသောကြောင့် ဝါးတော၊ ကြိမ်တော၊ မြရာတောများကို ဖြတ်ကြရသည်။

မြေးအဘိုးနှစ်ယောက် တစ်နာရီလောက် လမ်းလျှောက်လာကြပြီးနောက် ကုန်းမို့မို့နှင့် ဝါးနှင့် မြရာပင်များ ပေါက်နေသောတောကိုအဖြတ်တွင် အနောက်ဘက်မှ လူအုပ်ကြီး ပြေးလိုက်လာသလို။

"ဝေါ...ဝရော...ဗုန်း...ဗုန်း...ဗုန်း"

ဟူသော အသံကြီးကို ကြားလိုက်ရသောကြောင့် စောစံစီက လမ်းလျှောက်နေရာမှ ခဏရပ်ကာ နောက်ကိုလှည့်ကြည့်လိုက်သည်။ လူရိပ်လူယောင်ပင် မတွေ့။ အသံကြီးလည်း ပျောက်သွားသည်။ ရွာက လူများက စောစံစီတို့ မြေးအဘိုးကို စကြ နောက်ကြတာလားဟု အတန်ကြာအောင် ရပ်ကြည့်နေသော်လည်း အရိပ်အယောင်ပင် မတွေ့သောကြောင့် စောစံစီက စောဂျိမ်းကို ပခုံးပေါ် ထမ်းလိုက်ကာ ဆက်လျှောက်လာသည်။

"ဝေါ...ဝရော...ဗုန်း...ဗုန်း...ဗုန်း"

နောက်ကလိုက်လာသော အသံကြီးကို ကြားလိုက်ပြန်သည်။ စောစံစီက လှည့်ကြည့်လိုက်ပြန်သည်။ ဘာမှမတွေ့။ စောဂျိမ်းက ပခုံးပေါ်တွင် ထိုင်ကာ ဘာမျှမသိသလိုပင်။ စောစံစီက ဆက်လျှောက်လာပြန်သည်။ ထုံးစံအတိုင်း နောက်ဘက်က အသံကြီးကို ကြားရပြန်





သည်။ ဒီတစ်ခါတော့ စောစံစီက တောက်တစ်ချက် ခတ်လိုက်ကာ...

"ဟေ့...ဘယ်ကောင်တွေလဲကွ၊ နောက်က လိုက်လာတာ၊ ပုန်းမနေနဲ့ ထွက်ခဲ့ကွ"

စောစံစီက ကြောက်တတ်သူ မဟုတ်။ ငယ်ငယ်က တောခိုကာ ကွန်မြူနစ်ထဲ ဝင်ဖူးသည်။ ဘာမျှလည်း အယုံအကြည်မရှိ။ ဘာဘုရားမှလည်း မကိုးကွယ်။ ထို့ကြောင့် စိန်ခေါ်လိုက်ခြင်းဖြစ်သည်။ ထိုအခါ ဝါးရုံပင်နှင့် မြရာပင်များအကြားမှ လူပုံသဏ္ဌာန် မည်းမည်းပုပု၊ ရှည်ရှည် အရွယ်မျိုးစုံ ထွက်လာသည်။ စောစံစီ၏ အနားကိုတော့ မလာ။ လရောင်နှင့်အတူ လူပုံသဏ္ဌာန်တွေမှန်းတော့ သိနေသည်။

"လာကြ[illegible]လေကွာ၊ ဘာဖြစ်လို့ အနားကို မလာကြတာလဲ"

ဘာမှပြန်မပြော။ စောစံစီကိုသာ ကြည့်နေကြသည်။ ထို့ကြောင့် စောစံစီက ဆက်လျှောက်လာသည်။ ထိုအခါ စောစံစီကို လေဟပ်လိုက်သလို ဖြစ်သွားပြီး စောစံစီဘေးမှ ဖြတ်ကျော်ပြေးထွက်သွားသော လူသုံးလေးယောက်။ နောက်ဆုံးက လူပုံသဏ္ဌာန်က နှဖူးပြောင်ပြောင် အရပ်ရှည်ရှည်။ ထူးဆန်းတာက ပြေးထွက်သွားသည့် ခြေသံကိုပင် မကြားရခြင်းဖြစ်သည်။ စောစံစီက ဂရုမစိုက်တော့။ စောဂျိမ်းကို ထမ်းကာ ရွာဆီသို့ ခပ်သုတ်သုတ်ပင် လျှောက်လာသည်။ [illegible] သဲ့သဲ့ကို ကြားနေရသောကြောင့် ဖြစ်သည်။

www.burmeseclassic.com



ရွာထဲရောက်တော့ သူ့အုပ်စုနှင့်သူ ဆိုင်းဝိုင်းဆီသို့ သွားနေကြသော လူများကို တွေ့ရသည်။ စောစံစီတို့ ဆိုင်းဝိုင်းကိုရောက်တော့ မဏ္ဍပ်ထဲတွင် လူတွေပြည့်နေသည်။ အောက်လင်းဓာတ်မီးကြီးသုံးလုံး ထွန်းထားသည်။ နဲ၊ လင်ကွင်း၊ မောင်း၊ စည်းဝါး၊ ပတ်ဝိုင်းတို့က မြိုင်ဆိုင်လှသောကြောင့် ပရိသတ်ကြီးက ငြိမ်ကာ နားထောင်နေကြသည်။

ဆိုင်းအနားတွင် ဆိုင်းနောက်ထများက ပရိသတ် မပျင်းရအောင် ပြက်လုံးထုတ်နေကြသောကြောင့် တဝါးဝါး တဟားဟားနှင့် ပွဲကျနေကြသည်။ မဏ္ဍပ်ပတ်ပတ်လည်တွင်လည်း စားစရာသောက်စရာ ဈေးဆိုင်များက ရှိနေသောကြောင့် စောဂျိမ်း ဗိုက်ဆာမည်ထင်၍ စောဂျိမ်းကို လက်ဆွဲကာ ဈေးတန်းဘက် လျှောက်လာကြသည်။

စောဂျိမ်းအတွက် ကောက်ညှင်းပေါင်းနှင့် ငါးကြော် ဝယ်ကျွေးနေစဉ် မဏ္ဍပ်ဘက်သို့ စောစံစီက အမှတ်မထင် လှည့်ကြည့်လိုက်သည်။ ဆိုင်းအနောက်ဘက် အမှောင်ရိပ်ကျနေသော ခြံစည်းရိုးတိုင်ကို ကိုင်ကာ ဆိုင်းဝိုင်းထဲသို့ ကြည့်နေသော လူတစ်ယောက်ပုံသဏ္ဍာန်၊ ထိပ်ပြောင်ပြောင်၊ အရပ်ရှည်ရှည်။ မျက်နှာကို သဲသဲကွဲကွဲ မမြင်ရ။ သူ၏ နောက်ဘက် ဘေးပတ်ပတ်လည်တွင်လည်း ပုပု၊ ရှည်ရှည်၊ မည်းမည်း မျိုးစုံ၊ အလာတုန်းက စောစံစီကို ဖြတ်ကျော်ပြေးထွက်သွားသော လူများဖြစ်သည်။





ထူးဆန်းတာက ထိုလူများကို စောစံစီကသာ တွေ့ပြီး အခြားဆိုင်းလာနားထောင်သောသူများက ဂရုစိုက်၍ ကြည့်ဖော်တောင် မရခြင်းဖြစ်သည်။ စောစံစီက လူကြားထဲကနေ ဆိုင်းနားထောင်ရင်း ထိုလူအုပ်စုကိုလည်း ဂရုစိုက်၍ လေ့လာနေမိသည်။ အဆင်မပေါ်သော အဝတ်အစားများ၊ အသားအရောင် ဖြူသည် မည်းသည် မှန်းဆ၍ မရ။ တချို့က လက်ခုပ်တီး၍ အားပေးနေသလို တချို့က ဆိုင်းနောက်ထ ပြက်လုံးထုတ်လျှင် ခန္ဓာကိုယ်လှုပ်ခါ၍ပင် ရယ်နေကြသည်။

ညဉ့်နက်လာသည်နှင့်အမျှ မဏ္ဍပ်ထဲတွင် လူတော်တော်ကျဲသွားသည်အထိ စောစံစီ လေ့လာနေသော အုပ်စုက မသွားကြသေး။ ဆိုင်းနောက်ကနေ ရပ်ကြည့်နေကြတုန်းဖြစ်သည်။ စောဂျိမ်းက ပခုံးပေါ်တွင် အိပ်ပျော်သွားသောကြောင့် စောစံစီက ဆိုင်းကို ဆက်လက်နားထောင်လိုသော်လည်း မထောင်တော့ဘဲ ပြန်လာခဲ့သည်။ ရွာပြင်ရောက်သည်အထိ တခြားရွာမှ အသိမိတ်ဆွေများ သွားလာနေသည်ကို စောစံစီ မြင်နေရသည်။

တစ်နာရီခန့် လျှောက်မိသောအခါ အလာတုန်းက ဖြတ်လာခဲ့သော ကုန်းမို့မို့နှင့် ဝါးနှင့် မြရာပင်များ ပေါက်နေသော တောကို အဖြတ်တွင်...

"ဝေါ...ဝရော...ဗုန်း...ဗုန်း...ဗုန်း"

စောစံစီ သဘောပေါက်လိုက်သည်။ အလာတုန်းကလိုပဲ



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အနှောင့်အယှက်ပေးနေပြန်ပြီ။ စောစံစီ၏ ရှေ့နှင့်ဘေး ခပ်လှမ်းလှမ်းမှ မည်းမည်းအကောင်များ ရိပ်ကနဲ ရိပ်ကနဲ ဖြတ်ပြေးနေကြသည်။ လရောင်နှင့် ထင်ထင်ရှားရှား မြင်နေရသည်က အရုပ်ရှည်ရှည် နဖူးပြောင်ပြောင်နှင့် တစ်ယောက်။ တစ်ခါတလေ စောစံစီကို လေဟပ်သွားသည်အထိ အနားက ဖြတ်ပြေးသည်။

စောစံစီက ကလေးကိုလည်း ပခုံးပေါ်က ထမ်းလာရသောကြောင့် လက်က, မလွတ်မလပ်ဖြစ်နေ၍ အနားက ဖြတ်ပြေးသွားသောအကောင်ကို ခြေထောက်နှင့် လှမ်းကန်လိုက်သည်။ ထိတော့ ထိသွားသည်။ သို့ပေမယ့် ဖွဲ့အိတ်ကြီးကို ကန်လိုက်ရသလိုမျိုး။ တချို့က ရှေ့တည့်တည့်က အပြေးဝင်လာသည်။ စောစံစီက ရင်ဘတ်ကို ခြေထောက်နှင့် ဆောင့်ကန်လိုက်သည်။ ဖင်ထိုင်လဲသွားသည်။ အော်သံလည်း မကြားရ။ ဖွဲ့အိတ်ကြီးကို ကန်လိုက်ရသလိုမျိုး။

တစ်ခုတော့ရှိသည်။ စောစံစီကို ဘာမျှပြန်မလုပ်ကြ။ ပြန်မလုပ်ကြပေမယ့် စောဂျိမ်းကိုလည်း ထမ်းလာရ၊ သူတို့ကိုလည်း လိုက်ကန်နေရတော့ ကြာတော့ မောလာသည်။ ဒီအတိုင်းဆို ခရီးတွင်မည်မဟုတ်။ လူလည်း ချွေးတွေရွှဲနေပြီ။ စောစံစီက ဗုဒ္ဓဘာသာဝင်မဟုတ်။ ဘာသာမဲ့တစ်ယောက် ဖြစ်သော်လည်း ဗုဒ္ဓဘာသာဝင်များနှင့် အနေကြာလာပြီဖြစ်၍ သူတို့ရွတ်ဆိုနေကြဖြစ်သော စာအချို့ကို သူအလွတ်ရသည်။ ထိုစာက တစ္ဆေတို့ သရဲတို့ ကြောက်သည်ဆိုသောစာ





ဖြစ်သည်ဟု သိထားသည်။

ထို့ကြောင့် စောစံစီသည် သူ့ကို ရန်မလုပ်သော်လည်း သူတို့နှောင့်ယှက်သည့်ဒဏ်ကို မခံနိုင်သောကြောင့် သူတို့အနားကို ရောက်လာသည်နှင့်···

“ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ”

“ဓမ္မံ သရဏံ ဂစ္ဆာမိ”

“သံဃံ သရဏံ ဂစ္ဆာမိ”

ထိုကဲ့သို့ အော်လိုက်သည်နှင့် အနားကို ရောက်လာသောသတ္တဝါများက တုံ့ကနဲဖြစ်သွားကာ နောက်ကို လှည့်ပြေးသွားတော့သည်။ သို့သော် သိပ်မကြာလိုက်၊ အနားကို ရောက်လာကြပြန်သည်။ စောစံစီက အော်လိုက်ပြန်သည်။ လှည့်ပြေးသွားကြပြန်သည်။ နောက်တော့ အနားကို တစ်ကောင်မျှ ရောက်မလာတော့။ ထိုအခါကျမှ လမ်းကောင်းကောင်း လျှောက်ခဲ့ရသည်။ သို့သော်လည်း ရွာရောက်သည်အထိ စောစံစီ မနားတမ်း ရွတ်လာခဲ့သည်။

ထိုအဖြစ်အပျက်ကို ကလေးဖြစ်သော စောဂျိမ်း လုံးဝမသိလိုက်။ စောဂျိမ်း ကြီးလာမှ စောစံစီက ပြောပြခြင်းဖြစ်သည်။ စောစံစီက သတ္တိကောင်းသူ၊ ပရလောကသားများကို အယုံအကြည်မရှိသူဖြစ်သော်လည်း ကိုယ်တွေ့ကြုံမှ ယုံကြည်သွားသူဖြစ်သည်။ ထို့အတူလူအများကြီးကြားတွင် မိမိတစ်ဦးတည်းသာ ပရလောကသားများကို



www.burmeseclassic.com

www.burmeseclassic.com



မြင်ခဲ့ရသောကြောင့် အသိမိတ်ဆွေများက စောစံစီကို အကုသိုလ်တွေ အတော်များနေကြောင်း ထင်မြင်ချက်ပေးကြသည်။

စောစံစီကလည်း တွေးမိသည်။ သူ တောခိုပြီး ကွန်မြူနစ်ဘဝနှင့် နေခဲ့စဉ်က လူတော်တော်များများကို နှိပ်စက်ညှဉ်းပမ်း၍ သတ်ဖြတ်ခဲ့သော အကုသိုလ်များကြောင့် ဖြစ်မည်ဟု။

စောစံစီသည် ဘာသာမဲ့တစ်ဦး ဖြစ်သော်လည်း ပရလောကသားများနှင့် ရင်ဆိုင်တွေ့သည့်အခါတွင် 'ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ' ကို ရွတ်ဆိုရုံနှင့် ပရလောကသားများ၏ အနှောင့်အယှက်မှ လွတ်ကင်းခဲ့ရကြောင်း ကိုယ်တွေ့ ကြုံလာခဲ့ရသောကြောင့် တစ်ချိန်တွင် စောစံစီသည် ဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်လာခဲ့သည်မှာ အံ့သြစရာ မဟုတ်တော့ပါ။

*(ဝန်ခံချက် - မှဆိုးကြီး စောဂျိမ်း ပြောပြသော ကိုယ်တွေ့အဖြစ်အပျက် အကြောင်းကို ပြန်လည်တင်ပြပါသည်။)*

မောင်မြင့်မား(ဗိုလ်ကလေး)





# တာတေ
# အသူရကာယ်ဘုံ

ဒီဘိုးတော်ကြီးနာမည်က ဦးစုံတဲ့ဗျ။ ကျုပ်တို့ကတော့ဘိုးဘို လို့ခေါ်ကြတယ်။ အသက်ကရှစ်ဆယ်ကျော်ပြီ။ လူကတော့အနံ့သန် မာမာပဲရှိသေးတာဗျ။ အခုအရွယ်အထိ နွားနောက်ကနေပြေးလိုက်တုံး



www.burmeseclassic.com

www.burmeseclassic.com



ရှိသေးတာ။ မန်ကျည်းရွက်နုတာတို့ မန်ကျည်းသီးဆွတ်တာတို့ဆိုရင် ဘိုးစုံက ဘယ်သူ့ကိုမှနိုင်းတာမဟုတ်ဘူးဗျ။ သူ့ကိုယ်တိုင်အပင်တက်တာ။ ဟိုတလောကလည်း အုန်းသီးတက်ခူးလို့သူ့သားတွေက မနည်းကို ပြောထားကြရတာ။ အသက်ငါးဆယ်ကျော်၊ ခြောက်ဆယ်ကျော်ရှိနေတဲ့သူ့သားတွေကမှ အိုစာကြသေးတယ်။ ဘိုးစုံကကြည့်လိုက်ရင် အသက်ငါးဆယ်ကျော်လောက်ပဲရှိသေးတယ်လို့ ထင်ရတာ။ လွန်ခဲ့တဲ့သုံးနှစ်လောက်က ဘိုးစုံကို ကာလသားတွေက မခံချင်အောင် စကြတာဗျ။ ဒါနဲ့ဘိုးစုံက ကာလသားတွေကိုစိန်ခေါ်လိုက်သဗျ။

"ဟေ့ကောင်သာညို၊ မင်းတို့ကြိုက်တဲ့မြင်းတစ်ကောင်ရှာလိုက် ပြီးတော့ မြင်းစီးကောင်းတဲ့ကောင်လည်းခေါ်လာခဲ့၊ ငါအဲဒီမြင်းနဲ့ ပြိုင်ပြေးမယ်။ ငွေငါးရာကြေး၊ အေးတစ်ခုတော့ရှိတယ် ငွေတော့တစ်ခါတည်းထပ်ထားရမယ်နော်။ ငါ့ငွေလည်းငါတစ်ခါတည်းထပ်မယ်။ ကဲ…မင်းတို့ဘယ်လိုသဘောရတုံး"

"ဟာ…ဘိုးစုံရာ စဉ်းစဉ်းစားစားလည်းပြောပါဗျာ။ မြင်းနဲ့ ပြိုင်ပြေးနိုင်တဲ့လူဆိုတာ ရှိခဲ့ဘူးတာမှမဟုတ်တာ။ ပြီးတော့ ဘိုးစုံအသက်က ရှစ်ဆယ်ကျော်နေပြီနော်"

"အောင်မာသာညို၊ ဒါတွေငါ့လာမပြောနဲ့ မင်းငွေမလိုချင်ဘူးလား ငွေလိုချင်ရင်လောင်းလေကွာ"





ကာလသားတွေ ခေါင်းချင်းရိုက်တိုင်ပင်ကြတယ်ဗျ။ နောက်ဆုံးတော့ လောင်းကစားပွဲကဖြစ်သွားတာပေါ့ဗျာ"

ယာထဲမှာပြိုင်တာဗျ။ ကျုပ်တို့ရွာကတစ်ရွာလုံးထွက်ကြည့်ကြတာ။ ကာလသားတွေထပ်တဲ့ငွေငါးရာရော၊ ဘိုးစုံထပ်တဲ့ငွေငါးရာရော ဘိုးရုံကကိုင်ရတာဗျို့။ မြင်းကတော့ ဦးမြဒင်မြင်း တိမ်ညိုကြီးဗျ။ တိမ်ညိုဆိုတာလွတ်ပြေးတဲ့မြင်းဗျ။ ဒီမြင်းကိုကျုပ်ကောင်းကောင်းစီးဖူးတယ်။ 'ကျောက်တလားချောင်း'ဝင္ကာထဲမှာကျုပ်စီးသွားတဲ့မြင်းကြီးလေဗျာ။ စီးမှာကလည်း ကျုပ်တို့ရွာမှာမြင်းစီးနာမည်ကြီးတဲ့ကိုမိုးသီးဗျ။ ကိုမိုးသီးက ကျုပ်တို့ရွာကရွှေတောင်ဦးဘုရားပွဲမှာ ဦးရွှေရိုးအမြဲကရတဲ့သူလေဗျာ။ မြင်းစီးလည်းလွတ်ကောင်းတာဗျ။ ရွှေတောင်ဦးဘုရားပွဲမှာ မြင်းပွဲလည်းပါတယ်လေဗျာ။ အဲဒီပွဲမှာ ကိုမိုးသီးက တိမ်ညိုကြီးစီးပြီး ဆုယူနေကျဗျ။

"ဒီအဘိုးကြီးသူငယ်ပြန်ပြီးလျှောက်ပြောနေတာပါကွာ။ မြင်းနဲ့ပြိုင်ပြေးမလို့တဲ့။ အမောစို့ပြီးသေသွားရင်အမှုပတ်နေကြပါဦးမယ်ဗျာ"

ရွာထဲကလူတွေက တစ်ယောက်တစ်ပေါက်ပြောနေကြတာဗျ။ ဘိုးစုံရဲ့သားတွေက သူတို့အဖေကိုဘယ်လိုမှတားလို့ရတော့စကားမပြောဘဲတခြားကိုသွားပြီးရှောင်နေကြတယ်။ ဟိန်းတိုင်ကို



www.burmeseclassic.com

www.burmeseclassic.com



ဘိုးရုံတို့၊ ဘိုးပုတို့ကိုယ်တိုင်သတ်မှတ်တာဗျ။ ယာနှစ်ကွက်ပြေးရမှာ။

ပြိုင်တော့မယ်ဆိုတော့ ဘိုးစုံက ခါးတောင်းလေးမြှောင်အောင်ကြိုက်လိုက်လို့ဗျ။ ပေါင်မှာထိုးထားတဲ့ထိုးကွင်းတွေက အထင်းသားပေါ့ဗျာ။ ထိုးကွင်းမှ ဒူးကျထိုးထားတာမျိုး။ ထိုးကွင်းကိုဒူးခေါင်းအထိထိုးတယ်ဆိုတာ တော်တော်သတ္တိကောင်းတဲ့လူတွေမှ ထိုးကြတာဗျ။

ဘိုးရုံကပြေးဖို့ခရာတွတ်လိုက်တာနဲ့ ဘိုးစုံကလေထဲမှာပျံသွားသလိုကိုပြေးတာဗျ။ ယာတစ်ကွက်ကျော်တာနဲ့ တိမ်ညိုကိုကျော်သွားတာမျိုး။ ဘိုးစုံပန်းကိုင်တော့ တိမ်ညိုကနှစ်လံ၊ သုံးလံလောက်ကွာသေးတယ်။

"ဟာ..ဘိုးစုံကွ၊ ဘိုးစုံကွ"

လို့ရွာသားတွေက လက်ခုပ်တီးပြီးအော်ကြတော့ ဘိုးစုံက ပြုံးပြုံးကြီး။ အပြန်ကျတော့ မိုးသီးကဘိုးစုံကို မြင်းပေါ်တင်ပြီးပြန်ခေါ်လာတယ်။ ကာလသားတွေဆိုတာ အဲဒီနေ့ကစပြီး ဘိုးစုံကိုဦးကျိုးသွားတာမျိုး။ နောက်ဆိုရင်ဘိုးစုံကို စတောင်မစရဲတော့ဘူးဗျ။ ဘိုးစုံကသူနိုင်တဲ့ငွေငါးရာကို ရွာထဲမှာအလှူလုပ်ပြီး ကျွေးမွေးပစ်လိုက်တာဗျ။ ဒီအကြောင်းကိုကျုပ်တို့ရွာသားတွေဆိုတာ ပြောလို့မဆုံးနိုင်အောင်ဖြစ်ခဲ့တာပေါ့ဗျာ။





တစ်နေ့ ကျုပ်ယာထွန်တဲ့နေရာကို ဘိုးစုံကြီးရောက်လာတယ်မျိုး။

"ဘိုးစုံ ဘယ်ကပြန်လာတာတုံး"

လို့ကျုပ်ကလှမ်းပြီးနှုတ်ဆက်လိုက်တယ်။

"သံခနောက်ကိုသွားတာကွ တာတေရ၊ သံခနောက်မှာ ငါ့ငယ်ရည်းစားမယ်ပုံဆိုတာရှိတယ်ကွ၊ ခုတလော သူ့ကိုခဏခဏ သတိရတာနဲ့ သွားတွေ့တာကွ"

"ဟာ...ဘိုးကတော့နောက်ပြီ"

"ဟ..မနောက်ဘူးတာတေရ တကယ်ပြောတာ"

"နို့..တွေ့ခဲ့လားဘိုးရဲ့"

"တွေ့တော့တွေ့ပါရဲ့ကွာ။ ဒါပေမယ့် မယ်ပုံကသတိမကောင်းတော့ ငါ့ကိုဘယ်သူမှန်းကို မသိတော့တာကွဲ့"

ဘိုးစုံကပြောပြောဆိုဆိုနဲ့ ဘန့်ဘွေးပင်အောက်က ကျုပ်ခင်းထားတဲ့ ဖျာကြမ်းလေးမှာဝင်ထိုင်တယ်။ ကျုပ်ကပါလာတဲ့ရေနွေးအိုးထဲက ရေနွေးကြမ်းကိုငှဲ့ပြီး ဘိုးစုံကိုတိုက်တယ်။ ပြီးတော့ နဂါးဆေးပေါ့လိပ်ကလေးတစ်လိပ်ကိုမီးညှိပြီး ဘိုးစုံကိုတည်လိုက်တယ်။ ဘိုးစုံက ရေနွေးကြမ်းလေးသောက်လိုက် နဂါးဆေးပေါ့လိပ်လေးဖွာလိုက်နဲ့ စကားပြောတော့တာပဲမျိုး။



www.burmeseclassic.com

www.burmeseclassic.com



"ဘိုး..ဘိုးက အသက်ရှစ်ဆယ်ကျော်ပေမယ့် မြင်းထက်မြန်အောင်ပြေးနိုင်တာ အကြောင်းတစ်ခုခုတော့ရှိမယ်ထင်တယ်ဗျ"

ဘိုးစုံကပြုံးပြီးခေါင်းညိတ်တယ်။ ပြီးတော့မှကျုပ်ကိုပြောပြတာဗျ။

"ဘိုးအသက်သုံးဆယ်လောက်က အသူရကာယ်ဘုံကိုရောက်သွားဖူးတယ် တာတေရဲ့"

"ဗျာ..အသူရကာယ်ဘုံကို ဟုတ်လားဘိုး"

"လူတွေပြောပြောနေတဲ့ ကျတ်ရွာပေါ့ကွယ်"

"ဟာ ကျတ်ရွာဆိုတာ တကယ်ရှိတာလားဘိုးရဲ့"

"ဟကောင်တာတေရဲ့ တကယ်ရှိတာပေါ့ကွ။ ကျတ်ဆိုတာအသူရကာယ်ဘုံသားတွေကွဲ့။ တကယ်တော့ အသူရကာယ်ဘုံဆိုတာလူ့ဘုံနဲ့တစပ်တည်းရှိနေတာကွဲ့"

"ဘိုးကဘယ်လိုများအဲ့ဒီကိုရောက်သွားတာတုံးဗျ"

"ဘိုးကငွေတွင်းကုန်းကလှည်းနဲ့ပြန်လာတာကွဲ့။ မိုးကလည်းချုပ်နေတော့ နွားတွေကိုငေါက်ငေါက်ပြီးမောင်းလာတာပေါ့ကွယ်။ နွ..တွေလည်းအပြေးသွားကြတာပေါ့လေ။ တာတေရေ ဘိုးကဦးတည်ပြီးမောင်းတာက မီးလောင်ကုန်းဇိုကွဲ့။ ဒါပေမယ့်မီးလောင်ကုန်းကိုတွေ့ကိုမတွေ့ဘူးဖြစ်နေတာဟေ့။ တာတေစဉ်းစားကြည့်လေကွာ။





ငွေတွင်းကုန်းနဲ့မီးလောင်ကုန်းက လှည်းကိုသွက်သွက်မောင်းရင် နာရီဝက်ထက်ပိုမလားကွယ်။ ဘိုးမောင်းနေတာ တစ်နာရီမကကြာနေတာတောင် မီးလောင်ကုန်းကမီးရောင်တောင်မတွေ့ရဘူးကွဲ့။ ငွေတွင်းကုန်းနဲ့မီးလောင်ကုန်းကလည်း လှည်းလမ်းလေးတစ်လမ်းပဲရှိတာပဲကွယ်။ မှားစရာရှိပါ့မလား။ ဘိုးစိတ်ထဲ သာယာကုန်းဘက်ကိုများမှားပြီးသွားနေတာလားလို့တွေးနေတုံး ရှေ့တည့်တည့်မှာ ထနောင်းပင်ကြီးတစ်ပင်ကို ဘွားကနဲတွေ့လိုက်ရတာဟေ့။ လှည်းလမ်းကြောင်းပေါ်မှာ ဘယ်လိုလုပ်ပြီးသစ်ပင်ရှိမှာတုံးကွယ်။ နွားတွေကလည်းအပြေးကိုဆွဲနေတာဟေ့။ ဘိုးလည်းဘာလုပ်ရမှန်းမသိအောင်ဖြစ်သွားပြီး ကြောင်ကြည့်နေတုန်းမှာပဲ နွားတွေကထနောင်းပင်ကြီးတည့်တည့်ကိုပြေးဝင်သွားတာဟေ့...။

"အောင်မလေးဗျ"

လို့ဘိုးရဲ့ပါးစပ်က ယောင်ပြီးအော်လိုက်မိတာပေါ့ကွယ်။ လှည်းအိမ်ထဲကိုနောက်ပြန်လှဲချလိုက်ပြီး မျက်စေ့ကိုစုံမှိတ်ထားလိုက်မိတာပေါ့ကွယ်။ ဒါပေမယ့်တာတေရေ တိုက်မိခိုက်မိတဲ့အသံဘာမှမကြားရဘဲ နွားတွေကဆွဲမြဲဆွဲပြီးသွားနေတော့ ဘိုးလည်းအံ့အားသင့်ပြီးထထိုင်လိုက်တယ်။ မျက်စေ့ဖွင့်ကြည့်လိုက်တော့

"ဟာ..."

www.burmeseclassic.com

www.burmeseclassic.com



ယောင်ပြီးအော်လိုက်မိတဲ့အထိကို ဖြစ်သွားတာပေါ့။

“ဟင်..ဘာဖြစ်လို့တုံးဘိုးရဲ့”

“ဟာ..တာတေရယ် ဘာဖြစ်ရမှာတုံးကွယ်။ ကျုပ်လှည်းရှေ့မှာရွာကြီးတစ်ရွာကွဲ့။ မီးတွေမှလင်းထိန်နေတာ။ တစ်ရွာလုံးအောက်လင်းဓာတ်မီးတွေထွန်းလို့ နည်းတဲ့ရွာကြီးမဟုတ်ပါဘူးကွယ်။ ဒါ သာယာကုန်းတော့မဟုတ်ဘူးလို့ တွေးရင်းလှည်းကိုဆက်မောင်းလာလိုက်တာ ပွဲခင်းကြီးနဲ့တည့်တည့်တိုးပါလေရောလားကွယ်။ ပွဲမထွက်သေး လို့ဆိုင်းသံဗုံသံမကြားရသေးတာကွဲ့။ အောက်လင်းဓာတ်မီးတွေထိန် ထိန်လင်းနေတာဟာ ဒီပွဲခင်းကပဲကိုး။ ပွဲခင်းရဲ့ပေါင်ဘက်မှာကရွာကြီးကွဲ့။ ဒီတော့မှ ဘိုးက သေသေချာချာကြည့်မိတာ။ ရွာကလည်း အတော်လေးကြီးသားကွဲ့။ ဘိုးက လှည်းကိုရပ်လိုက်ပြီး အကဲခပ်တာပေါ့ကွယ်။ ပွဲဈေးတန်းမှာ လူတွေမှကြိတ်ကြိတ်ကိုတိုးနေတာ တာတေရေ။ သဘော့ဖျာရောင်းတဲ့ဆိုင်တွေ၊ သင်ဖျူးဖျာရောင်းတဲ့ဆိုင်တွေ၊ မြေအိုးတွေရောင်းတဲ့ဆိုင်တွေ၊ အထည်အလိပ်ရောင်းတဲ့ဆိုင်တွေ၊ အစားအသောက်ရောင်းတဲ့ဆိုင်တွေ၊ အကြော်မုံ့ ...ာင်းတဲ့ဆိုင်တွေ။ အိုး.. ဈေးဆိုင်တွေမှ စည်ကားလိုက်တာကွယ်။ လူတွေကလည်းကိုးခွေ့ပြီး ဝယ်ကြ၊ စားကြ၊ သောက်ကြ။ တစ်ယောက်နဲ့တစ်ယောက်ရယ်စရာပြောကြ၊ နောက်ကြ၊ ပြောင်ကြနဲ့၊ ဘိုးဖြင့် သူတို့ကို





ကြည့်ပြီးစိတ်ထဲမှာ တော်တော်ပျော်လာတာကွဲ့။ ခဏနေတော့ ဆိုင်းဝိုင်းက ဆိုင်းထတီး တယ်ကွဲ့။ နောက်ဇာတ်ခုံပေါ်က ကန့်လန့်ကာ ပွင့်သွားပြီး အပျိုတော်တွေကတယ်။ သူတို့ဆိုတဲ့သီချင်းတွေ ကျုပ်ဖြင့် တစ်ခါမှမကြားဖူးပါ ဘူးကွယ်။ နောက်မင်းသားမင်းသမီး နှစ်ပါးသွားကတယ်။ ဘိုးလည်း ပွဲကြည့်ကောင်းနေတုန်း လူတစ်ယောက်ဘိုးဆီရောက်လာတယ်။ ဘိုးကလှည်းပေါ်မှာထိုင်ပြီး ဆေးပေါ့လိပ်ကလေးဖွာနေတာကိုးကွဲ့။

“နောင်ကြီး မီးတစ်တို့လောက်”

လို့မီးတောင်းတာနဲ့ ဘိုးက အိတ်ထဲကမီးခတ်ကလေးထုတ်ပေးလိုက်တယ်။ သူက မီးခတ်ကိုယူပြီးခတ်လိုက်တော့ တောက်သွားတဲ့ မီးတောက်မှာဆေးလိပ်မီးညှိရင်း ဒီလူကဘိုးမျက်နှာကိုကြည့်တယ်။ ဘိုးကလည်းသူ့မျက်နှာကိုကြည့်တာပေါ့။ ဒီလူကဘိုးကိုကြည့်ပြီးမျက်နှာပျက်သွားတယ်။ ဘိုးက

“မိတ်ဆွေ၊ ဒါဘာရွာတုံးဗျ”

လို့မေးလိုက်တော့သူကပြုံးပြီး

“မြင်းမနားရွာ”

လို့ခေါ်တယ်လို့ပြောတော့ ဘိုးက..

“ကျုပ်ဖြင့်ဒီရွာနာမည်ကိုတစ်ခါမှ မကြားဖူးပါဘူးဗျာ..”



www.burmeseclassic.com

www.burmeseclassic.com



လို့ပြောတော့ သူကလည်းဘိုးကိုပြန်မေးတယ်။

"မိတ်ဆွေကရော ဘယ်ရွာကလာတာတုံး"

တဲ့။ ဘိုးက...

"ကျုပ်က ထနောင်းကုန်းကပါ"

လို့ပြောတော့..၊ ဒီလူကမျက်မှောင်ကြုပ်ပြီးစဉ်းစားတယ်ကွဲ့။ ပြီးတော့မှ

"ထနောင်းကုန်း"

ဆိုတဲ့ရွာကို ကျုပ်တစ်ခါမှမကြားဖူးဘူးလို့ ပြောတယ်။ ဘိုးက ဘန့်ဘွေးကုန်း၊ မီးလောင်ကုန်း၊ ငွေတွင်းကုန်း၊ ဆပ်သခြောင် ဆိုတဲ့ရွာတွေကို ပြောပြတော့၊ သူကတစ်ရွာမှမကြားဖူးဘူးလို့ ပြောတယ်။ နောက်တော့သူက ဘိုးကို ရွာထဲကိုခေါ်သွားတယ်။ ဒီလူနဲ့ဘိုးနဲ့ ကဘာဝရေစက်ရှိသလားတော့မသိဘူးတာကောရဲ့၊ တွေ့တာနဲ့ကိုခင် သွားကြတာကွဲ့။ သူ့နာမည်ကလည်း ခပ်ဆန်းဆန်းပဲ။ ကိုတုံပတဲ့။ ဘိုးနာမည်ကို ကိုစုံ လို့ပြောတော့ သူကနည်းနည်းအံ့သြနေတယ်။ အဲဒီညက ဘိုးကိုတုံပ ရဲ့အိမ်မှာအိပ်ဖြစ်တယ်။ သူ့မိန်းမက မရေကန်တဲ့ သားသမီးတော့မရှိကြဘူးပြောတယ်။ ဘိုးကို ပွဲဈေးတန်းကဝယ်လာ တဲ့မုန့်တွေကျွေးကြတယ်။ သူတို့မုန့်တွေက စားလို့တော့ကောင်းသားကွဲ့ ဒါပေမယ့်ဘိုးတစ်ခါမှ မစားဘူးတဲ့မုန့်တွေဘဲတာတောရဲ့။ သူတို့





တစ်ရွာလုံးကျုပ်တို့ရွာလိုဘဲ ယာလုပ်ကြတာတဲ့။ သူတို့ဆီမှာ ယာထွန် တာ နွားမသုံးဘူးဆိုပဲ။ နွားဆိုတာ မြင်တောင်မမြင်ဘူးကြဘူးတဲ့ကွ။ မြင်းတွေနဲ့ပဲယာထွန်ကြတာတဲ့။ ဘိုးကတော့ တစ်ခါမှ မကြားဘူးတဲ့ ရွာမှာ တစ်ခါမှမမြင်ဘူး တဲ့လူတွေနဲ့တွေ့နေတာပေါ့ကွယ်။ နောက်နေ့ မနက်ရောက်တော့ ကိုတုံပကဘိုးကို ဆွဲထားတယ်။ ရောက်တုန်း ရောက်ခိုက် တစ်ရက်နှစ်ရက်လောက်နေပါဦးလို့ ပြောသကွဲ့။ ဒါနဲ့ ဘိုးလည်းနေမယ်လို့ ဆုံးဖြတ်လိုက်တယ်။ ကိုတုံပတို့ယာထဲကို ဘိုးလိုက်သွားတယ်။ အကုန်လုံးမြင်းတွေနဲ့ဘဲ ယာထွန်ကြတယ်၊ ထယ် ထိုးကြတယ်ကွဲ့။ ဘိုးတို့လိုဘဲ နှမ်းတွေ၊ ပဲတွေ၊ ပြောင်းတွေစိုက် တာပါပဲ။ အာလူးစိုက်တဲ့လူလည်းစိုက်တယ်။ ဆန်ကတော့ ဘိုးတို့လိုဘဲ အောက်ပြည်ကလာရောင်းတာလို့ပြောတယ်။

ကိုတုံပက ယာထွန်ပြီးလို့ထွန်တုံးဖြုတ်လိုက်တဲ့ အချိန်လည်း ကျတော့ သူ့မြင်းကြီးကစွတ်ပြေးပါလေရောကွယ်။ ဒီမှာတင် ကိုတုံပ က ကိုစုံ ခဏနေဦးနော် ကျုပ် မြင်းလိုက်ဖမ်းလိုက်ဦးမယ် လို့ပြောပြီး၊ မြင်းနောက်ကို ပြေးလိုက်သကွဲ့။ ဘိုးကပြုံးမိတာပေါ့ကွယ်။ ရှေ့ကဒုန်း ဆိုင်းပြေးနေတဲ့မြင်းနောက်ကို လူကလိုက်လို့ဘယ်လိုလုပ်မှီမှာတုန်း ကွယ်။

ဒါပေမယ့် ဘိုးထင်သလိုမဟုတ်ဘူးကွဲ့ ခောင်တာတောရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကိုတုံ့ပပြေးတာမြန်လိုက်တာမှ မပြောပါနဲ့တော့ကွယ်။ ရှေ့ကပြေးနေတဲ့ သူ့မြင်းကြီးကိုတောင်ကျော်သွားလိုက်သေးတယ်။ ဘာပြောကောင်းမလဲကွယ်၊ ကိုတုံ့ပကမြင်းဇက်ကြိုးကိုဆတ်ကနဲလှမ်းဆွဲပြီး မြင်းပေါ်ကိုလွှားကနဲခုန်တက်လိုက်သကွဲ့။ ပြီးတော့ဘိုးဆီကိုအသားကျပြန်စီးလာတာပေါ့။ ဒီတော့ဘိုးက..၊

"ကိုတုံ့ပရေ မြင်းကိုတောင်ကျော်အောင်ပြေးနိုင်တဲ့လူကို ကျုပ်ဖြင့် ဒီတစ်ခါပဲမြင်ဖူးသေးတယ်ဗျာ"

လို့ပြောလိုက်တော့ ကိုတုံ့ပက

"ဘာလဲကိုစုံလည်းကျုပ်လို ပြေးနိုင်ချင်လို့လား"

လို့ ဘိုးကိုပြန်မေးတယ်။ ဘိုးကလည်း

"ပြေးနိုင်ချင်တာပ၊ ကိုတုံ့ပရယ်"

လို့ပြန်ပြောတော့၊

"ကောင်းပြီကိုစုံ ကျုပ်လိုပြေးနိုင်လွှားနိုင်အောင်ကျုပ်လုပ်ပေးလိုက်မယ်၊ ကျုပ်နဲ့ တွေ့ခဲ့ဆုံခဲ့တဲ့အမှတ်တရပေါ့ဗျာ"

လို့ပြောသကွဲ့ တာတေရဲ့။ ဘိုးကတော့သူဘာပြောမှန်း မသိဘူးပေါ့ကွယ်။ အိမ်ပြန်ရောက်တော့ ကိုတုံ့ပအိမ်ဝိုင်းထဲမှာ ရွာသားတွေ အုံလို့ကွယ်။

"ဟာ..ကိုတုံ့ပ ဘာများဖြစ်လို့တုံးဗျာ။ ခင်ဗျားဝိုင်းထဲ





လူတွေများလှချေလား"

"ဟား..ဟား..ဟား..ဟား၊ ဘာမှမစိုးရိမ်နဲ့ ကိုစုံရေ ဒီကောင်တွေ နွားမမြင်ဘူးလို့ ခင်ဗျားနွားတွေကိုလာကြည့်နေကြတာဗျ။ မရေကန်က ခင်ဗျားနွားကြီးတွေကို အစာကျွေး၊ ရေတိုက်လုပ်နေမှာပေါ့ဗျာ။ ဒါကို ဒီကောင်တွေလာကြည့်နေကြတာဗျ။ ဒီရွာက ကောင်တွေက ဘယ်ကိုမှရောက်ဖူးကြတာမဟုတ်ဘူးဗျ။ ကျုပ်တစ်ယောက်ပဲ နေရာအနှံ့သွားဖူးလာဖူးတာကိုစုံရဲ့၊ ဒါကြောင့်လည်းသူတို့မသိတာတွေကို ကျုပ်ကသိနေတာပေါ့ဗျာ"

ဒီလူတွေ ဘိုးကိုတွေ့တော့ မျက်လုံးကျွတ်ထွက်မတတ်စိုက်ကြည့်ကြတာကွဲ့။ ဘိုးကတော့သူတို့ကို ပြုံးပြီးနှုတ်ဆက်ပါတယ်။ ဒီလူတွေထဲက တစ်ချို့ကတော့ ဘိုးကိုပြန်ပြီးပြုံးပြကြတယ်ကွဲ့။ အိမ်မှာ ထမင်းစားပြီးတာနဲ့ ကိုတုံ့ပကဘိုးကို ခါးတောင်းမြှောင်အောင်ကြိုက်ခိုင်းပြီး ထိုးကွင်းတွေစထိုးတော့တာပဲကွယ်။

"ဟာ..ဘိုးမနာဘူးလားဗျ"

ကျုပ်က ဘိုးစုံကိုဖြတ်ပြီးမေးလိုက်တာဗျို့။

"ဟာ..နာပါပြီလားတာတေရယ်။ ဒါပေမယ့်စိတ်ကိုတင်းပြီးခံရတာပေါ့ကွယ်။ ပထမတစ်ရက်ထိုးတာ ညရောက်မှ[illegible]ပေါင်ပဲပြီးတာကွဲ့။ နောက်နေ့ကျတော့ ကိုတုံ့ပကယာထဲမဆင်းခင်ကို ထိုးပေး



www.burmeseclassic.com

www.burmeseclassic.com



တာ နောက်တစ်ပေါင်ပြီးသွားတယ်။ စုစုပေါင်းဘိုးက "မြင်းမနား" ရွာမှာ သုံးညအိပ်ခဲ့တာကွဲ့။ နောက်တစ်နေ့မနက်အစောကြီးထပြီး ကိုတုံပတို့လင်မယားက ကောက်ညှင်းပေါင်းကျွေးတယ်။ ဘိုးကိုလည်းလှည်းကောက်ခိုင်းပြီး မိုးမလင်းခင်ရွာကထွက်ခိုင်းသကွဲ့။ ဘိုးပြန်တော့ ကိုတုံပက ရွာထိပ်အထိလိုက်ပို့တယ်။ ဟိုညကပွဲဈေးတန်းလုပ်တဲ့နေရာကိုလှည်းဖြတ်မောင်းပြီးတာနဲ့ လှည်းရပ်ခိုင်းပြီး ကိုတုံပကလှည်းပေါ်ကဆင်းတယ်။

"ဒီမှာကိုစုံ ခင်ဗျားနဲ့ကျုပ်နဲ့နောက်ဘယ်တော့မှတွေ့ရမှာမဟုတ်တော့ဘူးဗျ"

"ဟင်..ဘာဖြစ်လို့တုံး ကိုတုံပရဲ့၊ ခင်ဗျားတို့လင်မယားကျုပ်တို့ရွာကိုလာလည်ဦးလေဗျာ"

"ဘယ်နှယ်လုပ်လာမှာတုံးကိုစုံရဲ့ ခင်ဗျားတို့နဲ့ကျုပ်တို့ကဘဝချင်းတူကြတာမှ မဟုတ်တာ"

"ဗျာ..ဘယ်လိုဗျ ကိုတုံရဲ့ ခင်ဗျားတို့နဲ့ကျုပ်ကဘဝချင်းမတူဘူး ဟုတ်လား၊ ခင်ဗျားတို့လည်းလူကျုပ်လည်းလူပဲဟာ ဘာလို့ဘဝချင်း မတူရမှာတုံး"

"ဟား..ဟား..ဟား ကိုစုံခင်ဗျားတော်တော်ကိုရိုးတဲ့အတဲ့လူပဲဗျာ။ ဘာတုံးခင်ဗျားက ကျုပ်တို့ကိုလူတွေလို့ထင်နေလို့လား"





"ဗျာ..ခင်ဗျားတို့ကလူမဟုတ်လို့ဘာတုံးဗျ၊ ကိုတုံပရဲ့"

လို့ ဘိုးကတအံ့တသြမေးလိုက်တော့ ကိုတုံပကရယ်ရင်းကနေပြန်ပြောတယ်။

"ကျုပ်တို့ကလူတွေမဟုတ်ဘူးဗျ၊ အသူရကာယ်တွေဗျ"

"ဗျာ..."

"ဟုတ်တယ် ကိုစုံရဲ့၊ ခင်ဗျားတို့လူတွေပြောပြောနေတဲ့ကျတ်ဆိုတာကျုပ်တို့ပဲပေါ့ဗျာ၊ လူတွေကကျုပ်တို့ကိုကျတ်လို့ခေါ်ပေမယ့်တကယ်တော့ကျုပ်တို့က အသူရကာယ်တွေပါ"

"ဟာ..ဒါပေမယ့်ခင်ဗျားတို့လည်း ကျုပ်တို့လိုပဲ၊ ရွာနဲ့ရပ်နဲ့၊ အိုးနဲ့အိမ်နဲ့၊ ယာတွေဘာတွေနဲ့ တောင်သူလုပ်ကြတဲ့သူတွေပဲဗျာ။ ကျုပ်တို့လူတွေလိုပဲ ပွဲလမ်းသဘင်တွေကြည့်လို့ ဆိုကြကကြလို့ပဲ မဟုတ်လား"

"ဒါတော့ဟုတ်တယ်ဗျ။ ဒါပေမယ့်ခင်ဗျားတို့ကိုကျုပ်တို့ကမမြင်နိုင်သလို ခင်ဗျားတို့ကလည်းကျုပ်တို့ကိုမမြင်ရဘူးဗျ။ ခင်ဗျားတို့နေတဲ့၊ ရွာတွေ၊ မြို့တွေကိုကျုပ်တို့ကမြင်ခွင့်မရှိဘူး။ မြင်လည်းမမြင်နိုင်ဘူး"

"နို့..ခုတော့ခင်ဗျားနဲ့ကျုပ်နဲ့မြင်နေရတာပဲ မဟုတ်ဘူးလား ကိုတုံပရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကအင်မတန်ထူးဆန်းတဲ့ အကြောင်းတစ်ခုကြောင့် ခင်ဗျားကကျုပ်တို့ဆီကိုရောက်လာတာကို ကိုစုံရဲ့၊ ဒါမျိုးကအင်မတန်မှကိုဖြစ်ခဲတာကလားဗျာ"

"နေပါဦးဗျ ခင်ဗျားတို့ရွာကအသူရကာယ်တွေက ကျုပ်ကို လူမှန်းသိကြသလား"

"သိပါသကော ကိုစုံရာ၊ သိလို့ပဲခင်ဗျားကိုဝိုင်းကြည့်နေကြတာပေါ့။ ဒါပေမယ့်ဒီရွာကြီးမှာ အသူရကာယ်တွေက ကျုပ်ကိုသိပ်ကြည်ညိုကြတာဗျ။ ဘာဖြစ်လို့တုံးဆိုတော့ ကျုပ်ကဒီရွာမှာရှိတဲ့ တစ်ဦးတည်းသောဆေးဆရာလေဗျာ။ သူတို့ဘာရောဂါဖြစ်ဖြစ်ကျုပ်က ပျောက်အောင်ကုသပေးနိုင်တဲ့သူဗျ ကိုစုံရ။ ဒါကြောင့်ကျုပ်ဆီလာတဲ့ ဧည့်သည်ကို ဒီကောင်တွေလက်နဲ့ထိဖို့နေနေသာသာ စိတ်နဲ့တောင် မပစ်မှားရဲကြဘူးဗျ"

"ကျုပ်ဖြင့်အံ့သြလိုက်တာ ကိုတုံပရယ်။ ခင်ဗျားတို့ ကျွေးတဲ့ ထမင်းဟင်းတွေ၊ မုန့်ပဲသရေစာတွေ ကျုပ်ဖြင့် စားလို့ကောင်းလိုက်တာဗျာ။ ကျုပ်က စိတ်ကူးနေတာက ခင်ဗျားတို့လင်မယားကို ကျုပ်တို့ရွာလာဖို့ အလည်ခေါ်ပြီးတလှည့်ပြန်ကျွေးမွေးမလို့ဗျ"

"ကျုပ်တို့ဒီရွာရဲ့အပြင်ကိုထွက်သွားလည်း ကျုပ်တို့ကိုဘယ်သူမှ မြင်နိုင်မှာမှမဟုတ်တာ ကိုစုံရယ်၊ ပြီးတော့ခင်ဗျားတို့လူတွေ





ကိုလည်း ကျုပ်တို့ကမြင်ရတာမှမဟုတ်တာ။ ဒီမှာကိုစုံဟိုရှေ့မှာ မြင်နေရတဲ့ရေကန်လေးတွေ့လား၊ အဲဒီရေကန်လေးကျော်သွားတာနဲ့ ခင်ဗျားနောက်ကိုလှည့်ကြည့်လိုက် ကျုပ်ကိုရောကျုပ်တို့ရွာကိုရောခင်ဗျား တွေ့ရမှာမဟုတ်တော့ဘူး။ ခင်ဗျားစိတ်မကျေနပ်လို့ ကျုပ်တို့ကိုနောက်တစ်ခေါက်ပြန်လာပြီးရှာလည်း ကျုပ်တို့ကိုတွေ့မှာမဟုတ်တော့ဘူး။

"ဟင်..အဲဒါဘယ်လိုဖြစ်လို့တုံး ကိုတုံပရဲ့"

"ခင်ဗျားနဲ့ကျုပ်တို့နဲ့တွေ့ရမယ့် ကံကကုန်သွားပြီလေဗျာ"

ဒါနဲ့ဘိုးလှည်းမောင်းပြီးထွက်လာခဲ့တယ်။ ခဏနေတော့ ကိုတုံပပြောတဲ့ရေကန်လေးကျော်လာတော့ လှည်းကိုရပ်ပြီး ဘိုးက နောက်ကိုလှည့်ကြည့်လိုက်တယ်။

"ဟာ..."

ဘိုးပါးစပ်က ယောင်ပြီးတောင်အော်လိုက်မိတယ် တာတေရေ။ အခုလေးတင်ကမှ ဘိုးထွက်လာခဲ့တဲ့ 'မြင်းမနား' ရွာကြီးကိုလုံးဝမတွေ့ရတော့ဘူးဟေ့။ မျက်စေ့တစ်ဆုံးယာခင်းတွေချည်းပဲ။ ခပ်လှမ်းလှမ်းမှာ သာယာကုန်းကိုလှမ်းမြင်နေရတယ်။ မီးလောင်ကုန်းကိုလည်း မြင်နေရတယ်ကွ။ ဒါနဲ့ဘိုးလည်း မီးလောင်ကုန်းဘက်ကို ဦးတည်ပြီး လှည်းကိုမောင်းချလာခဲ့တော့တာပေါ့ကွယ်။ မီးလောင်ကုန်းပြီးတော့ ထနောင်းကုန်းရောက်တော့တာပေါ့ကွာ။ ဘိုးရဲ့မိန်းမက ဘိုးကိုမယား



www.burmeseclassic.com

www.burmeseclassic.com



ငယ်ယူပြီး ထွက်သွားပြီမှတ်လို့ ငိုဟယ်ရယ်ဟယ်တွေ ဖြစ်နေတော့တာပေါ့ တာတေရယ်။ ဒီအကြောင်းတွေကို ဘိုးရဲ့သူငယ်ချင်းတွေကိုပြောပြပေမယ့် ဘယ်သူကမှ မယုံကြဘူးကွဲ့ သူတို့ကဘိုးကိုတစ်ရွာရွာသွားပြီး ဖဲချနေတယ်လို့ထင်တာကွဲ့။ တကယ်တမ်းဘိုး အသူရကာယ်ရွာမှာအိပ်ခဲ့တာ သုံးညပဲကြာတာ၊ ဒီမှာက ဘိုးပျောက်သွားတာ ဆယ်ရက်လောက်ရှိပြီတဲ့ဟော့။ ဒီတော့ရွာတစ်ရွာက အသုဘမှာဝင်ပြီး ဖဲချနေတယ်လို့ ထင်တော့တာပေါ့ကွယ်။ အသုဘရက်လည်မှ ဘိုးပြန်လာတာလို့ထင်ကြတာ။ ဘိုးပေါင်က ထိုးကွင်းတွေပြလည်း မယုံကြဘူး။ ဒီထိုးကွင်းမျိုးက ဘယ်ရွာမှာထိုးထိုးရတာပဲလို့ထင်ကြတာ။

ဒါပေမယ့် ဒီထိုးကွင်းတွေကြောင့် ဘိုးလူတွေထက်အဆပေါင်းအများကြီး မမောမပန်းနဲ့အလုပ်လုပ်နိုင်တာကို ဘယ်သူမှမသိကြဘူးကွဲ့။ သူများတွေက မြို့ကိုလှည်းနဲ့သွား၊ ကားနဲ့သွားလုပ်နေကြချိန်မှာ ဘိုးက ကုန်းကြောင်းချည်းသွားတာကွဲ့။ တာတေတောင် ဘိုးပြောရင်ယုံမှာမဟုတ်ဘူး။ ဘိုးတို့ထနောင်းကုန်းနဲ့မြို့ကို ဘိုးလမ်းလျှောက်ရင် နာရီဝက်ပဲကြာတယ်။ တာတေတို့လှည်းနဲ့မောင်းရင်တောင် တစ်မနက်သွားရတာမဟုတ်လား။ အသူရကာယ်ဘုံက အသူရကာယ်ကြီး ကိုတုံပထိုးပေးလိုက်တဲ့ ဟောဒီထိုးကွင်းတွေရဲ့ အစွမ်းကြောင့် ဘိုးအခုအသက်အထိ အုန်းပင်ရောထန်းပင်ရော ပေါ့ပေါ့လေး





တက်နိုင်တာ တာတေအမြင်ပဲလေကွယ်''

ဘိုးစုံက ဖြတ်ကနဲမတ်တပ်ရပ်ပြီး သူ့ပေါင်ကထိုးကွင်းတွေကိုမြင်အောင် ခါးတောင်းကြိုက်ပြသဗျ။ ကျုပ်လည်း အသူရကာယ်ဘုံကထိုးလာတဲ့ ဘိုးစုံပေါင်ကထိုးကွင်းတွေကို အံ့သြပြီးငေးကြည့်နေမိတာပေါ့ဗျာ။

တာတေ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com